# ပဋိပက္ခဖြစ်စဉ်အတွင်းထိခိုက်ဆုံးရှုံးမှုကိုလျှော့ချခြင်း၊ ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေတို့ကြား ဆုံမှတ်[1]

Andrew Bartles-Smith (International Committee of the Red Cross, anbartlessmith@icrc.org), Kate Crosby (King's College London), Peter Harvey (University of Sunderland, Emeritus), P.D. Premasiri (University of Peradeniya, Emeritus), Asanga Tilakaratne (University of Colombo, Emeritus), Daniel Ratheiser (International Committee of the Red Cross), Mahinda Deegalle (Bath Spa University), Noel Maurer Trew (British Red Cross), Stefania Travagnin (School of Oriental and African Studies, London), Elizabeth Harris (University of Birmingham)

## အကျဉ်းကောက်နုတ်ချက်

ဤစာတမ်းသည် ၂၀၁၇ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း(ICRC)၏ စီမံချက်၌ အစပြုခဲ့ကာ စစ်ပွဲဆိုင်ရာဥပဒေ} (သို့) [လက်နက်ကိုင်ယှဉ်ပြိုင် တိုက်ခိုက်ခြင်း ပဋိပက္ခဆိုင်ရာဥပဒေ} ဟုလည်းခေါ်ဆိုကြသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ကို ဗုဒ္ဓဘာသာ အနေဖြင့် မည်သည့်အတိုင်းအတာအထိ ပိုမိုကောင်းမွန်စေနိုင်မည်ကို ဆန်းစစ်ရန်ရည်ရွယ်ပါသည်။ ဗုဒ္ဓတရားတော်များသည် အကြမ်းဖက်မှုကို အားမပေးကြောင်း ဆိုထားသည့်အတွက် စစ်ပွဲဖြစ်ပွားသောအခါ ဗုဒ္ဓဘာသာက စစ်ပွဲကျင့်ထုံးများချမှတ်ရာတွင် မည်သို့ကူညီဆောင်ရွက်ပေးနိုင်ကြောင်းထက် ဗုဒ္ဓဘာသာဝင်များ လက်နက်ကိုင်ယှဉ်ပြိုင်တိုက်ခိုက်ခြင်းပဋိပက္ခတွင် ပါဝင်ပတ်သက်မှုကိုသာ ပညာရပ်ရှုထောင့်မှ ဝေဖန်ကြလေ့ ရှိသည်။ ထိုသို့ဝေဖန်ကြသော်လည်း ဆင်းရဲဒုက္ခလျှော့နည်းစေရန်ရည်သန်သည့် ဗုဒ္ဓဘာသာ၏ရည်မှန်းချက်သည် လက်နက်ကိုင်ယှဉ်ပြိုင် တိုက်ခိုက်ခြင်း ပဋိပက္ခဖြစ်စဉ်လျှော့နည်းပပျောက် ရေးကိုကူညီမည်ဖြစ်ပါသည်။ အစောပိုင်းဗုဒ္ဓကျမ်းစာများ၏ အရှိတရားအရ ထိုခေတ်မှ ဗုဒ္ဓဘာသာလူမှုအဖွဲ့အစည်းများသည် စစ်ပွဲ၏ စိတ်ပျက်ဖွယ်ကောင်းသောအမှန်တရားကို အထူးဂရုပြုခဲ့ကြ ကြောင်း ပြသနေပါသည်။ ဤစာတမ်းတွင် စစ်ပွဲကျင့်ထုံးနှင့် (IHL) ၏အခြေခံသဘောတရားတို့ကို အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းများနှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာ၏သဘောတရားများ၊ အဆုံးအမများနှင့် လက်တွေ့ ကျင့်သုံးမှု များကို မလေ့လာမီ ထိုအစောပိုင်းဗုဒ္ဓကျမ်းစာများမှ အရှိတရားအထောက်အထားများကို ဦးစွာစစ်ဆေးကြည့်မည်ဖြစ်သည်။ (IHL) သည် စစ်ပွဲအတွင်းလိုက်နာရန် ပြည့်စုံရှင်းလင်းစွာဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားသကဲ့သို့ ဗုဒ္ဓဘာသာသည်လည်း ၎င်း၏စံဖြစ်သည့် အကြမ်းမဖက်ခြင်းမူဝါဒကို အားမပျော့စေရန် များပြားလှသော လိုက်နာကျင့်သုံးစရာ ကျင့်ဝတ်ပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးပေးထားပါသည်။ ကျင့်ဝတ်ပိုင်း ဆိုင်ရာထက်ပို၍ နက်နဲသောအဆင့်တွင် ပြိုင်ဘက်တို့၏ရည်ရွယ်ချက်

(သို့) ထိုသို့ဖြစ်လာစေရန် နောက်ကွယ်မှ လှုံ့ဆော်မှုကိုသိစေသကဲ့သို့ ၎င်းတို့၏ အမြင်နှင့်ပြုမူလုပ်ဆောင်ချက်များကို ပြောင်းလဲရန် ကူညီပေးမည့် စိတ်ပိုင်းဆိုင်ရာအသိအမြင်အယူအဆနှင့် အခြေခံအချက်များကို ဗုဒ္ဓဘာသာတွင် တွေ့နိုင်ပါသည်။

***အကြင်သူရဲသည် စစ်မြေပြင်တွင် တစ်သန်းအရေအတွက်ရှိသော လူတို့ကို အောင်စွမ်းနိုင်သော်လည်း အကြီးမြတ်ဆုံးသောအောင်ပွဲသည် မိမိကိုယ်တွင်းပူဆာ ကိလေသာကို တစ်ကြိမ်တစ်ခါ အောင်နိုင်ခြင်းပင် ဖြစ်သည်။***

ဓမ္မပဒဂါထာ ၁၀၃ (Peter Harvey ၏ ဘာသာပြန်ဆိုချက်)

## နိဒါန်း

၂၀၁၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့သည် ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေနှင့်ပတ်သက်သော စီမံချက်တစ်ခုကိုစတင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေကို စစ်ပွဲနည်းလမ်းများနှင့် နည်းစနစ်များချမှတ်ထားသည့် {စစ်ပွဲဆိုင်ရာဥပဒေ} (သို့) လက်နက်ကိုင်ယှဉ်ပြိုင်တိုက်ခိုက်ခြင်း "ပဋိပက္ခများဆိုင်ရာဥပဒေ"ဟုလည်း ခေါ်ဆို ကြသည်။ ထိုစီမံချက်၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေ(IHL) တို့ကြား တူညီမှုကို လေ့လာရှာဖွေရန်၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက် ဆုံးရှုံးရမှုများကို လျှော့ချရန်နှင့် စစ်ပွဲကျင့်ထုံးများချမှတ်ရာတွင် ဗုဒ္ဓဘာသာအနေဖြင့် မည်သို့ကူညီ ဆောင်ရွက်ပေးနိုင်မည်ကို လေ့လာရန် ဖြစ်သည်။ ဗုဒ္ဓဘာသာသည် မူလအားဖြင့် အကြမ်းဖက်မှုနှင့် စစ်ပွဲများကို အားမပေးသော၊ လောကီကာမဂုဏ် များကို စွန့်လွှတ်သူများ၏ ဘာသာတရားဖြစ်သည့်အားလျော်စွာ စစ်ပွဲများဖြစ်သည့်အခါ ဗုဒ္ဓဘာသာအနေဖြင့် စစ်ပွဲကျင့်ထုံးများနှင့် ပတ်သက်၍ များစွာပြောရန်မရှိပါဟု ယေဘုယျအားဖြင့် ယူဆကြသည်။ ယင်းအစား ဗုဒ္ဓဘာသာလူမှုအသိုင်းအဝန်း၏ လူ့အခွင့်အရေးချိုးဖောက်ခြင်းကို ကာကွယ်ကုစားတားဆီးခြင်းလုပ်ငန်းအများစု သည် ဗုဒ္ဓဘာသာက လက်နက်ကိုင်ပဋိပက္ခများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို မည်သည့်နည်းလမ်းဖြင့် ကာကွယ်ဖြေရှင်းပေးနိုင်မည်ဆိုသည့်အပေါ်၌သာ အာရုံစိုက် ကြသည်။ ထိုသို့ဖြစ်သော်လည်း ဗုဒ္ဓဘာသာအနေနှင့် စစ်၏ စိတ်ပျက်ဖွယ်၊ မနှစ်သက်ဖွယ်သောသဘောတရားကို အသိအမှတ်ပြုရန် မည်သည့်အခါမှမရှောင်လွှဲခဲ့ချေ။

Stephen Janjins ၏ "ဗုဒ္ဓသည် တစ်ခါတုန်းက စစ်သည်တော် လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကျင့်ဝတ်များကို ဗုဒ္ဓနည်းကျ လက်တွေ့ကျကျဖြေရှင်းနည်း" (၂၀၁၇)ဆောင်းပါးနှင့် Upender Singh ၏ "ရှေးခေတ်အိန္ဒိယ၏နိုင်ငံရေးအကြမ်းဖက်မှုများ" (၂၀၁၇)ဆောင်းပါးတို့တွင် ဗုဒ္ဓဘာသာသည် လက်နက်ကိုင်

ပဋိပက္ခဖြစ်စဉ်များနှင့် အကျွမ်းတဝင်ရှိမှု၊ တိုင်းပြည်အုပ်ချုပ်သူများသည် ရံဖန်ရံခါတွင် ပြည်သူလူထုအား ကာကွယ်ရန် စစ်တပ်အင်အားကိုအသုံးချရန်လိုအပ်သည်ဟု မပြောသော်လည်း သိသာနေသည့် ဗုဒ္ဓဘာသာ၏ သဘောတရားကို ဖော်ပြထားသည်။ သူတို့က ဗုဒ္ဓဘာသာအတွေးအခေါ်ပညာရှင်များသည် တိုင်းပြည်အုပ်ချုပ်သူ ခေါင်းဆောင်များကို အာဏာသုံးစွဲခြင်းနှင့် အုပ်ချုပ်ခြင်းနည်းလမ်းများတွင် အစွန်းမရောက်ရန်၊ အစွန်းရောက် ခြင်းသည် ၎င်းတို့နှင့် ၎င်းတို့၏တိုင်းပြည်များအတွက် ဆိုးကျိုးများရှိလာနိုင်ကြောင်း သတိပေးခြင်း အားဖြင့် ခေါင်းဆောင်များအပေါ် အကျိုးပြုနိုင်ကြောင်း ရေးသားထားသည်။ တစ်ချိန်တည်းတွင် Sujiki သည် သူ၏ဆောင်းပါး (၂၀၂၀ a နှင့် ၂၀၂၀ b)တွင် ပဋိပက္ခဖြစ်စဉ်အတွင်း သတ်ဖြတ်ခြင်းကိုရှောင်ကြဉ်ရန် ဗုဒ္ဓဘာသာဝင်များ စဉ်းစားခဲ့သည့် နည်းလမ်းများကို ဆန်းစစ်ထားသည်။ ရဟန်းတော်များနှင့် သီလရှင်ဆရာလေး များသည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံအား ထုတ်ရာတွင် စစ်မက်ရေးရာများမှ လုံးဝကင်းလွတ်ရမည်ဟု လက်ခံထားသကဲ့သို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများနှင့် စစ်သားများအပါအဝင် ဗုဒ္ဓဘာသာဝင်များသည် ၎င်းတို့၏ လောကီရေးရာတာဝန်များအား ထမ်းရွက်ရာတွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းရမည် ဖြစ်သည်။ အထူးသဖြင့် လူအများအား ထိခိုက်မှုမှကာကွယ်ရန်နှင့် ၎င်းတို့မှ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည့် အားနွဲ့သူများ၊ ခုခံနိုင်စွမ်းမရှိသူများအား ဦးစားပေးကာ အခြေအနေအရပ်ရပ်တို့ကို ကောင်းမွန် တိုးတက်လာစေရန်ကြိုးပမ်းရမည်ဖြစ်သည်။ ဗုဒ္ဓ မကြာခဏမိန့်ဆိုလေ့ရှိသည့် ဒုက္ခနှင့် “ဒုက္ခကုန်ရာကို ငါမိန့်ကြားသည်” (Mn.I. 140, Sam. III. 119, and Bodhi 2013) ဟူသောစကားသည် ဒုက္ခ အကြီးမားဆုံး ကြုံတွေ့ရချိန်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်နှင့် အထူးသက်ဆိုင်နေပါသည်။

ICRC ၏စီမံချက်သည် စစ်ပွဲကျင့်ထုံးဆိုင်ရာ ဗုဒ္ဓအဆုံးအမများနှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန် ရှိနေသည့် ကွက်လပ်ကိုဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။ စစ်ပွဲမတိုင်ခင်အခြေအနေနှင့် စစ်ပွဲပြီးအခြေအနေ တို့သည် ဆန့်ကျင်ဘက်အလားပြောင်းလဲသွားသည့်အတွက် စစ်ပွဲပြီးဆုံးသွားသည့်အခါ ထိခိုက်ဆုံးရှုံးမှု အများအပြားကို နောက်ပြန်လှည့်မရအောင် လွန်စွာနောက်ကျသွားပါတော့သည်။ ကမ္ဘာတစ်ဝှမ်း ဗုဒ္ဓဘာသာဝင် အမြောက်အမြားရှိသော်လည်း၊ စစ်ပွဲဒဏ်ရင်ဆိုင်ကြုံတွေ့နေရသော၊ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော တိုင်းပြည်အများ ရှိသော်လည်း ဗုဒ္ဓနည်းကျစစ်ပွဲကျင့်ထုံး (သို့) ဗုဒ္ဓဘာသာနှင့် IHL တို့ကြား ဆက်နွယ်မှုကို စနစ်တကျ တိကျသေချာသည့်လေ့လာခြင်းမျိုးမရှိခဲ့ချေ။ ၎င်းသည် စစ်ပွဲကျင့်ထုံးနှင့်ပတ်သက်သော ဗုဒ္ဓအဆုံးအမများကို ပညာရပ်ကျကျ လေ့လာဆန်းစစ်သည့် စီမံချက်တစ်ခုဖြစ်သည့်အပြင် အရေးပါသောလက်တွေ့ကျင့်သုံးခြင်း ကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ ဆင်းရဲဒုက္ခကို လျှော့နည်းအောင်ပြုလုပ်ရန်သည် ဗုဒ္ဓဘာသာ၏ အဓိကရည်ရွယ်ချက် ဖြစ်သည့်အတိုင်း ဗုဒ္ဓဘာသာ ၏အဆုံးအမများကို အသင့်တော်ဆုံးနေရာတွင် အသုံးချရန် ကြိုးစားခြင်းသည် ထိုစီမံချက်၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် ဤစာတမ်းတွင် လက်နက်ကိုင်ယှဉ်ပြိုင်တိုက်ခိုက်သည့်ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးရမှုများ ကို လျှော့ချရာတွင် ဗုဒ္ဓဘာသာ၏လုပ်နိုင်စွမ်းကို သက်သေပြရန် ဗုဒ္ဓဘာသာနှင့် IHL တို့ကြားတူညီမှုများကို လေ့လာမည်ဖြစ်သည်။ ယင်းစာတမ်းသည် ကမ္ဘာတစ်ဝှမ်းမှ နိုင်ငံတကာပညာရှင်များ၊ ဗုဒ္ဓဘာသာရဟန်းတော်

များ၊ ဥပဒေပညာရှင်များ၊ လူမှုကူညီရေးဝန်ထမ်းများနှင့် စစ်ဖက်ဆိုင်ရာများ တက်ရောက်ခဲ့ကြသည့် သီရိလင်္ကာနိုင်ငံ၊ ဒမ်ဘူလတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၄ရက်မှ ၆ရက်အထိ ကျင်းပခဲ့သော "လက်နက်ကိုင်ယှဉ်ပြိုင်သည့် ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးရမှုများကိုလျှော့ချရေး၊ ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကြားဆုံမှတ်" ညီလာခံ၏ ပထမခြေလှမ်းအဖြစ် ကနဦး စုစည်းထားသောစာတမ်းမှ ထွက်ပေါ်လာသည့် အဓိကရည်ရွယ်ချက်အချို့ကို ထင်ဟပ်စေပါသည်။[2] အချိန်အတိုင်းအတာတစ်ခုအတွင်း ဤစာတမ်းတွင် ပါဝင်မည့်အချက်များနှင့် ဖြည့်စွက်ချက်တချို့ပါမည့် ညီလာခံဆောင်းပါးများအား ပြန်လည်တည်းဖြတ်ထားသော လက်ရွေးစင်စာတမ်းကို "မျက်မှောက်ခေတ်ဗုဒ္ဓဘာသာဂျာနယ်" ၏ အထူးထုတ်အဖြစ်လည်းကောင်း၊ Routledge စာအုပ်တိုက်မှလည်းစာအုပ်အဖြစ်လည်းကောင်း ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

ဤစာတမ်းတွင် စီမံချက်မဆောင်ရွက်မီ စီမံချက်နှင့်ပတ်သက်၍ ယခင်က ပြုလုပ်ခဲ့သော အနည်းငယ်မျှသော လေ့လာမှု များကို ရနိုင်သမျှ စိစစ်ရင်း ICRC စီမံချက်၏ရည်ရွယ်ချက်ကို ဦးစွာရှင်းပြမည်ဖြစ်သည်။ ထို့နောက် IHL အကြောင်း အကျဉ်းချုပ်ရှင်းပြချက်ပေးပါမည်။ IHL အကြောင်းရှင်းပြပြီးနောက် စစ်နှင့်ပတ်သက်၍ လက်တွေ့အမှန်ဝါဒ (empirical realism)ဆိုင်ရာ အထောက်အထားများကို အစောပိုင်းဗုဒ္ဓကျမ်းစာများတွင် လေ့လာ ရှာဖွေမည်ဖြစ်သည်။ ထို့နောက် အကြမ်းမဖက်မှု (အဟိံသ)ဖြင့် ထင်ရှားသောဘာသာတစ်ခုသည် စစ်ပွဲ ကျင့်ထုံးဆိုင်ရာ သမိုင်းဥပမာများနှင့် အဆုံးအမများ ပေါ်ပေါက်လာပုံကို လေ့လာပါမည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း သတ်ဖြတ်ခြင်းအပေါ်သဘောထားအမြင်နှင့် ရဟန်းတော်များနှင့် အုပ်ချုပ်သူဖြစ်စေ စစ်မှုထမ်းဖြစ်စေ စစ်ပွဲနှင့်သက်ဆိုင်နေသော ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်စီအခန်းကဏ္ဍနှင့် မျှော်မှန်းချက်များကို မိမိတို့သုံးသပ်သွားမည်ဖြစ်သည်။ ထို့နောက်လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်ဆုံးရှုံးမှုလျှော့ချခြင်းနှင့် သက်ဆိုင်သည့် ဗုဒ္ဓတရားတော် များနှင့် သမိုင်းဖြစ်ရပ်များမှ အဓိကဆိုလိုရင်းအာဘော်အချို့ကို ထုတ်နှုတ်ပါမည်။ ထိုသို့ထုတ်နှုတ်ရာတွင် မိမိတို့သည် IHL နှင့်သက်ဆိုင်သည့် မူရင်းဗုဒ္ဓကျမ်းစာများနှင့် သမိုင်းဖြစ်ရပ်များစွာအပေါ် အဓိကအခြေခံထားပါသည်။ အစောပိုင်းဗုဒ္ဓဘာသာနှင့် ထေရဝါဒဗုဒ္ဓဘာသာတို့၏ ပါဠိစာပေ၊ အဋ္ဌကထာများနှင့် အလယ်ပိုင်းဒေသ၊ ဟိမဝန္တာနှင့် အရှေ့အာရှဗုဒ္ဓဘာသာတို့တွင် အရေးပါသော အိန္ဒိယမှ မဟာယာနနှင့် ဝိဇိရယာန ကျမ်းစာများမှ ကောက်နှုတ်ချက်များပါဝင်မည်ဖြစ်သည်။ ထိုက်သင့်အားလျော်စွာ အခြားဗုဒ္ဓအဆုံးအမများ၊ ကျင့်စဉ်များနှင့် အတိတ်ဖြစ်ရပ်နမူနာများလည်း ပါဝင်မည်ဖြစ်ကာ ဗုဒ္ဓဘာသာမှ အခြားဘာသာအဆုံးအမများနှင့် ၎င်း၏ ယဉ်ကျေးမှုနယ်ပယ်အတွင်း စဉ်းစားသုံးသပ်ချက်များအပေါ် မည်သို့ချဉ်းကပ်သည်ကိုလေ့လာပါမည်။ အထူးသဖြင့်

ကျယ်ပြောသောလောကကြီးအတွင်း ဆင်းရဲဒုက္ခလျော့ချနိုင်ရေးအတွက် လက်တွေ့ကျင့်သုံးနိုင်စွမ်း နှင့် ဥပဒေရေးရာတို့ကို ဆက်စပ်လေ့လာမည်ဖြစ်သည်။

## ICRC စီမံချက်၏ဦးတည်ချက်

IHL ၏အဓိကအပိုင်းသည် ဂျီနီဗာသဘောတူစာချုပ်နှင့် ၎င်း၏နောက်ဆက်တွဲ သဘောတူညီချက်များဖြင့် ဖွဲ့စည်းထားသည်။ ၎င်းင်း၏ ဦးတည်ချက်သည် စစ်ပွဲတွင်ပါဝင်ခြင်းမရှိသူများ၊ ပါဝင်ခြင်းမရှိတော့သူများကို ကာကွယ်ခြင်းအားဖြင့်လည်းကောင်း၊ စစ်ပွဲနည်းလမ်းများနှင့် နည်းစနစ်များကို ချမှတ်ပေးခြင်းအားဖြင့် လည်းကောင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးရမှုများကို နည်းနိုင်သမျှနည်းစေရန်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ၏အဓိကအချက်သည် မိမိတို့၏ နားလည်နိုင်စွမ်းကိုစမ်းသပ်ခြင်း၊ မိမိတို့ အပြုအမူများကို ပြောင်းလဲစေခြင်းအားဖြင့် ဆင်းရဲဒုက္ခကိုအသိအမှတ်ပြုကာ ထိုဆင်းရဲဒုက္ခများ လျော့ပါးအောင် ပြုလုပ်နိုင်မည့် နည်းလမ်းများကို သိစေခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာသည် ထိုနည်းလမ်းများကို နိဗ္ဗာန်ရောက်ကြောင်းအပြင် ဒုက္ခကြုံတွေ့နေရသော လူမှုအဖွဲ့အစည်းများ၏ ပြဿနာများကိုဖြေရှင်းရာတွင်လည်း အသုံးပြုပါသည်။ ရှည်လျားသောသမိုင်းတလျှောက် စစ်ပွဲများအပါအဝင် လူမှုရေး၊ စီးပွားရေးနှင့် အခြားအကြောင်းတရားများ၏ ဆင်းရဲဒုက္ခသဘောသဘာဝများကို ကိုင်တွယ်ရာတွင် ကျွမ်းကျင်သောစိတ်ဖြာလေ့လာချက်များ ဗုဒ္ဓဘာသာ၌ ရှိလေသည်။ ဤစာတမ်းသည် ဗုဒ္ဓဘာသာနှင့် IHL တို့၏ ရည်ရွယ်ချက်များ မည်မျှတူညီသည်ကို အဆိုပြုမည် ဖြစ်သကဲ့သို့ IHL ကို ပိုမိုကောင်းမွန်စေနိုင်မည့် အရေးပါသည့် ကွဲလွဲချက်များကိုလည်း အဆိုပြုမည်ဖြစ်သည်။

ထိုသို့ ဗုဒ္ဓဘာသာနှင့် IHL တို့ကြား အပြန်အလှန်ဆွေးနွေးခြင်းသည် ညှိနှိုင်းနိုင်သော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကျင့်ထုံးများချမှတ်ရန် ဗုဒ္ဓဘာသာနှင့် IHL တို့မှသက်ဆိုင်သည့် အကြောင်းအရာများ နှင့်ပတ်သက်သော ဗဟုသုတများကိုလည်း တိုးပွားစေနိုင်ပါသည်။ IHL ကို ဗုဒ္ဓဘာသာတန်ဖိုးလွှမ်းမိုး နေသောကြောင့် တနည်းအားဖြင့် IHL နှင့် ဗုဒ္ဓဘာသာတသားတည်းဖြစ်နေခြင်းသည် IHL ကို တရားဝင် အသိအမှတ်ပြုပေးနိုင်ပြီး IHL ကို လေးစားလိုက်နာစေရန် တွန်းအားပေး အထောက်အကူပြုနိုင်ပါလိမ့်မည်။ ထိုသို့ဖြင့် သတိမမူမိနိုင်သည့် ဗုဒ္ဓတရားတော်များကို မျက်မှောက်ခေတ်လက်နက်ကိုင်ပဋိပက္ခအတွက် ပြောင်းလဲ အသုံးပြုနိုင်ပါသည်။ ၎င်းသည်ပဋိပက္ခတွင်ပါဝင်သည့် ဗုဒ္ဓဘာသာဝင်မှန်သမျှ၏ အမူအကျင့်များအပေါ် သက်ရောက်မှုရှိစေရန်နှင့် စောင့်ထိန်းခြင်း သဘောတရားကိုကျင့်သုံးစေရန်အကူအညီဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာနိုင်ငံများရှိ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များအတွင်း အနောက်တိုင်းစစ်တပ်ယဉ်ကျေးမှု ကူးစက် လာချိန်တွင် ဤစီမံချက်သည် ဗုဒ္ဓဘာသာဝင်များကို ၎င်းတို့၏ ဘာသာရေး (သို့) ယဉ်ကျေးမှု ကိုယ်ပိုင်လက္ခဏာ တစ်ခုခုကို ပြန်လည်ထိန်းသိမ်းနိုင်ခြေကိုပေးပါသည်။ မည်သို့ဆိုစေ စစ်၏ကြောက်မက်ဖွယ်ရာများကို ကန့်သတ်

ထိန်းသိမ်းနိုင်ရန် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိရရှိခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်ကြာ ကြိုးပမ်းခဲ့သည့် ဗုဒ္ဓဘာသာ၏ သမိုင်းကောင်းကို ပြန်လည်ထိန်းသိမ်းနိုင်ခြေရှိပါသည်။

## စပ်ဆက်နေသည့် ကနဦးစာပေအထောက်အထားများ

စစ်ပွဲနှင့် အကြမ်းဖက်မှုတို့ကို ချဉ်းကပ်ရာတွင် ဗုဒ္ဓနည်းကျ များပြားသောနည်းလမ်းများရှိသော်လည်း မိမိတို့ စတင်လေ့လာရာ တွင် ဗုဒ္ဓဘာသာနှင့်ဥပဒေ၊ ဗုဒ္ဓဘာသာနှင့်လူ့အခွင့်အရေး၊ စစ်ပွဲကျင့်ထုံးကို ဗုဒ္ဓနည်းကျ သုံးသပ်ခြင်းနှင့် ၎င်းကို ကန့်သတ်သည့် ဥပဒေကန့်သတ်ချက်များ နည်းပါးနေခဲ့ခြင်းတို့အပေါ် အလေးပေးကာ လေ့လာထားပါသည်။ ဂရုပြုဖွယ်မှတ်ချက်တစ်ခုမှာ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားသူကြီးအဖြစ် ၁၉၉၁ မှ ၂၀၀၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူ သီရိလင်္ကာတွင် မွေးဖွားသော ဥပဒေပညာရှင် Christopher Gregory Weeramantry(၁၉၂၆-၂၀၁၇)၏ ရေးသားချက်ဖြစ်သည်။ သူကၵင်းကိုသုတေသနလုပ်သင့်သော နယ်ပယ်တစ်ခု အဖြစ် အောက်ပါအတိုင်းရေးသားထားသည်။

> "လက်တွေ့ဆန်သည့်ဘာသာတရားဖြစ်သည့်အတွက် ဗုဒ္ဓဘာသာတွင် မျက်မှောက်ခေတ် လူသားချင်း စာနာထောက်ထားမှုဥပဒေကို ပိုမိုကောင်းမွန်စေရန်နှင့် အသုံးဝင်စေမည့် အတွေး အမြင်များစွာရှိသည်။ ဗုဒ္ဓဘာသာ တိုင်းပြည်များသည် ၎င်းတို့ကိုယ်စားပြုစစ်တပ်များရှိကြသည့် အတွက်ကြောင့် ယင်းကိစ္စသည်လက်တွေ့ကျကျ သက်ဆိုင်နေသည်ဟုလည်းယူဆရပါသည်။ လူသားချင်းစာနာ ထောက်ထားမှုကျင့်ဝတ်နှင့် လုံးလုံးသက်ဆိုင်နေသည့် ဗုဒ္ဓတရားတော်များ၏ နက်နဲမှုကို ဗုဒ္ဓဘာသာ တိုင်းပြည်များနှင့် အခြားတိုင်းပြည်များ၏ လက်နက်ကိုင်အင်အားစုများက သတိပြုမိစေရန် အရေးကြီးပါသည်။ ကြီးကျယ်မြင့်မြတ်သောဘာသာတရားများ၏ လေးစား ရသော ကျမ်းစာများတွင် ဖော်ပြထားသည့်အဆုံးအမများသည် စိတ်ခွန်အားအတွက် အားကြီးသော ရင်းမြစ်တစ်ခုဖြစ်သည်။ စစ်ဆင်ရေးအတွင်း လူသားချင်းစာနာထောက်ထားမှု ကျင့်ဝတ်၏ အရေးကြီးမှုကို ပေါ်လွင်စေရန် ဗုဒ္ဓကျမ်းစာများကို ဆွေးနွေးလေ့လာသင့်ပါသည်" (Weeramantry ၂၀၀၇- ၃)

အခြားမှတ်ချက်တစ်ခုမှာ ယနေ့ခေတ်လောကကြီး၏ တရားမမျှတမှုများအတွက် ဗုဒ္ဓလမ်းစဉ်များကိုကျင့်သုံးရန် ကြိုးစားခဲ့သော သီရိလင်္ကာစာရေးဆရာ၊ Sarvodaya Shramadana လှုပ်ရှားမှုကို စတင်ခဲ့သူ A.T Ariyaratne (၁၉၃၁- )ပင်ဖြစ်သည်။ အကျဉ်းချုပ်ဖြစ်သော်လည်း "ပဋိပက္ခ၏နောက်ဆက်တွဲဆိုးကျိုးများကိုလျှော့ချခြင်းနှင့် ထိခိုက်ဆုံးရှုံးရသော သူများအား တတ်နိုင်သမျှစိတ်သက်သာရာရစေခြင်း" ဟူသည့် သူ၏ ၂၀၀၃ ခုနှစ်တွင် ရေးသားခဲ့သော "ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ" အမည်ရ စာတမ်းတို

တွင်  IHL နှင့်သက်ဆိုင်သည့် သမိုင်းဖြစ်ရပ်များ နှင့် ဗုဒ္ဓကျမ်းစာများအား ဆန်းစစ်လေ့လာချက်ကို ပေးထား ပါသည်။ (Ariyaratne ၂၀၀၃- ၁၅) မကြာသေးမီက သီရိလင်္ကာရဟန်းတော် စာပေပညာရှင် Karagaswewe Wajira ကလည်း သူ၏ဆောင်းပါး "ရှင်သန်ပါ...အခြားသူများကိုလည်း ရှင်သန်ခွင့်ပေးပါ" တွင် IHL နှင့်ပတ်သက်၍ ထပ်မံအကျဉ်းခြုံး လေ့လာထားပါသည်။ သူ၏ဆောင်းပါးတွင် IHL နှင့်သက်ဆိုင်သည့် ပါဠိဗုဒ္ဓကျမ်းစာများကို လေ့လာချက် ထပ်မံဖြည့်စွက်ခြင်းဖြင့် အချက်အလက်ပိုမိုပြည့်စုံစေခဲ့ပါသည်။ (Wajira ၂၀၁၅)

သီရိလင်္ကာတွင် IHL အပေါ် ဗုဒ္ဓဘာသာသက်ရောက်မှုအကြောင်းသုံးသပ်ချက်ကို Weeramantry နှင့် ခေတ်ပြိုင် ဖြစ်သော ပေရာဒနိယတက္ကသိုလ်၏ ဒဿနိကဗေဒပါမောက္ခဖြစ်သူ K. N. Jayatilleke (၁၉၂၀-၁၉၇၀)၏ ရေးသားချက်များ တွင်လည်းတွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ဗုဒ္ဓဘာသာရေး အနောက်တိုင်းအတွေးအခေါ် ပညာပါတတ်ကျွမ်းသည့် Jayatilleke သည် အခြားအတွေးအခေါ်စနစ်များနှင့် ဗုဒ္ဓဘာသာကြား တူညီမှုများကို ဆန်းစစ်ခြင်းဖြင့်လမ်းပြထားသည်။ ၁၉၆၇ ခုနှစ်တွင် သူသည် ဗုဒ္ဓဥပဒေသများနှင့် လူမှုအဖွဲ့အစည်းအပေါ် ၎င်းတို့၏ သက်ရောက်မှုအကြောင်း ဟောပြောချက်များကို အတွဲ (၅)တွဲဖြင့် Hague Lectures အဖြစ်ထုတ်ဝေခဲ့သည်။ ပဥ္စမတွဲ "ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ" တွင်  ကျမ်းစာလာနှင့် သမိုင်းပါဥပမာ များအား ကောက်နှုတ်ကာ တိုင်းပြည်တစ်ခု၏ ပြည်တွင်းနှင့်ပြည်ပဆိုင်ရာတာဝန်များအကြောင်း အထူးသုံးသပ်ချက် ပေးထား ပါသည်။ (Jayatilleke ၁၉၆၇ a, ၉၅-၁၂၃၊ ၁၉၆၇ b, ၅၃၄-၅၆၃)

စစ်ပွဲနှင့်စစ်ပွဲတွင်ပါဝင်ပတ်သက်မှုအပေါ် ဗုဒ္ဓဘာသာ၏အမြင်အကြောင်းလေ့လာထားသည့် အရေးပါ သော စစ်တမ်းတစ်ခုကို ဗုဒ္ဓစာပေပါမောက္ခဖြစ်သူ Lambert Schmithausen (၁၉၉၆ နှင့် ၁၉၉၉)က ရေးသားခဲ့ပါသည်။ ထိုစစ်တမ်းတွင် စစ်၏ရက်စက်ကြမ်းကြုတ်မှုများကို နည်းနိုင်သမျှနည်းစေနိုင်ရန် နမူနာယူသင့်သည့် ဗုဒ္ဓတရား တော်များမှ ကောက်နှုတ်ထားသော ဥပမာအချို့ကိုဖော်ပြထားပါသည်။ နယ်ပယ်အများအပြားမှ ဗုဒ္ဓကျင့်ဝတ်များဆိုင်ရာသမိုင်းကြောင်းကို လေ့လာရာတွင် ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ ကျမ်းစာအထောက်အထား များကို စေ့စေ့စပ်စပ်လေ့လာမှုပြုသည့် ရှေ့ဆောင်တစ်ဦးဖြစ်သူ Schmithausen ကအောက်တွင်အသေးစိတ် ဆွေးနွေးထားသည့် အကြောင်းအရာများကို မှန်ကန်ကြောင်းသက်သေပြပါသည်။ သူကဗုဒ္ဓသည် စစ်ပွဲကျင့်ထုံးများ နှင့်ပတ်သက်၍ ရှင်းလင်းတိကျစွာဟောပြောသင်ပြပေးရန် ရှောင်လွှဲခဲ့ကြောင်းနှင့် ထို့ကြောင့်ပင် ဗုဒ္ဓဘာသာဝင် ဘုရင်များသည်အထူးသဖြင့် အာဏာရရှိရေး၊ အာဏာထိန်းသိမ်းရေးပိုင်းများတွင် ဗုဒ္ဓဘာသာမဟုတ်သော အခြားစာပေအဆုံးအမများ၏ လမ်းညွှန်မှုကိုယူခဲ့ကြရကြောင်းသုံးသပ်ပြထားပါသည်။ သို့သော်လည်း ဗုဒ္ဓဘာသာ ဝင်အချို့သည် အစောပိုင်းဗုဒ္ဓဘာသာခေတ်မှစ၍ စစ်ပွဲအတွင်းမှာပင် အကြမ်းမဖက်မှုစံတန်ဖိုးကို အတိုင်းအတာ တစ်ခုအထိထိန်းသိမ်းနိုင်ရန်ကြိုးစားခဲ့ကြပါသည်။ ထိုအတောအတွင်း ဘာသာတရားများလေ့လာရေးဌာန၏ ပါမောက္ခဖြစ်သူ Sallie B. King သည် လူမှုဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုအကြောင်းကို

အကျယ်တဝင့် ရေးသားထုတ်ဝေခဲ့ပါသည်။ IHL အကြောင်းနှင့်ပတ်သက်၍ တိတိကျကျမဟုတ်သော်လည်း သူမ၏ "ဗုဒ္ဓအတွေးအခေါ်များထဲမှစစ်နှင့်ငြိမ်းချမ်းရေး" (၂၀၁၃) ဆောင်းပါးတွင်လည်း အကြမ်းဖက်မှုအပေါ် ဗုဒ္ဓဘာသာ ၏အမြင်အကြောင်း အရေးပါသည့်စစ်တမ်းတစ်ခုကိုသမိုင်းဖြစ်ရပ်များ၊ ကျမ်းအကိုးအကားများဖြင့်ရေးသားခဲ့ ပါသည်။ Jayatilleke နှင့် Schmithausen တို့ကဲ့သို့ သူမသည် ထေရဝါဒ၊ မဟာယန နှစ်မျိုးလုံး၏ မူရင်းကျမ်းစာ များ၊ သက်ဆိုင်ရာအချက်အလက်များပါဝင်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့ထုံးစံများကို ကိုယ်စားပြုကာ တင်ပြထားခြင်းဖြစ်သည်။

Upinder Singh ၏ "ရှေးခေတ်အိန္ဒိယနိုင်ငံရေးအကြမ်းဖက်မှုများ" (၂၀၁၇)စာအုပ်တွင် ဗုဒ္ဓဘာသာနှင့် လက်နက်ကိုင်ပဋိပက္ခတို့ကြား ကျွမ်းဝင်သောဆက်ဆံရေးနှင့် တိုင်းပြည်အုပ်ချုပ်သူများသည် တစ်ခါတစ်ရံတွင် ပြည်သူများအား ကာကွယ်ရန်အတွက် စစ်တပ်အင်အားကိုအသုံးချရန်လိုအပ်သည်ဟူသော မပြောသော်လည်း သိသာနေသည့် ဗုဒ္ဓဘာသာ၏သဘောထားကို ပုံဖော်ထားသည်။ Stephen Jenkins ၏ "ဗုဒ္ဓသည် တစ်ခါတုန်းက စစ်သည်တော် - လက်နက်ကိုင်ပဋိပက္ခနှင့်ငြိမ်းချမ်းရေးဆိုင်ရာကျင့်ဝတ်များကို ဗုဒ္ဓနည်းကျ လက်တွေ့ကျကျ ဖြေရှင်းနည်း" (၂၀၁၇) ဆောင်းပါးသည် စစ်ပွဲဆင်နွှဲမှုအပေါ် ဗုဒ္ဓဘာသာ၏အမြင်ကိုခွဲခြားသိနိုင်ရန် ဗုဒ္ဓ၏ ရှေးဘဝဇာတ်ကြောင်းများဖြစ်သည့် ဇာတကဇာတ်တော်များနှင့် မဟာယာနကျမ်းစာတို့ကို လေ့လာထားပါသည်။ စစ်ပွဲဆင်နွှဲမှုအပေါ်ဗုဒ္ဓဘာသာ၏အမြင်ကို နားလည်နိုင်ရန် ဆန့်ကျင်ဘက်အမြင်မှကြည့်လျှင် စစ်ပွဲမှန်သမျှ မကောင်းဟု တရားသေမြင်သောအမြင်နှင့် အခြားတဖက်တွင်မူ ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံရေးအကျိုးအမြတ်ကို ရရှိစေနိုင်သည့် မယုတ်မလွန်စာနာစိတ်ဖြင့် ဆောင်ရွက်နိုင်သော နောက်ဆုံးနည်းလမ်းအနေဖြင့် စစ်ပွဲ၌ လိမ္မာ ပါးနပ်စွာပါဝင်ပတ်သက်ကြသည့် ဥပမာများစွာကိုလည်း ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ထိုလက်တွေ့ကျသည့် နည်းလမ်းသည် Tsunehiko Sugiki (၂၀၂၀ a နှင့် b) မကြာသေးမီက ရေးသားခဲ့သည့် ဆောင်းပါး၏ အဓိက အကြောင်းအရာဖြစ်ခဲ့သည်။ သူက (၄)ရာစုနှင့် (၆)ရာစုအတွင်း ရေးသားခဲ့သည့် မဟာယာန အာရယသတ္တက ပရိဝတ္တကျမ်း (Ārya-satyaka-parivarta) (သစ္စာစကားဆိုသူမြင့်မြတ်သောတရားတော်ကျမ်း) တွင်ပါဝင်သည့် နည်းလမ်းများကိုလေ့လာခဲ့သည်။ ထိုနည်းလမ်းများထဲတွင် ပြည်သူလူထုကိုကာကွယ်ပေးနိုင်ရန် စစ်ပွဲကို ရှောင်ကြဉ်ဖို့ ကြိုးစားသော်လည်း စစ်ပွဲအတွင်း မဖြစ်မနေပါဝင်လာရသည့် ရှင်ဘုရင်အနေဖြင့် ရန်သူများ အပါအဝင် အားလုံးအပေါ် ကြင်နာသနားခြင်းနှင့် စောင့်ရှောက်ကာကွယ်ဖို့ စိတ်အားထက်သန်နေသည့်အတွက် ပါဏာတိပါတကံ၏အကျိုးဆက်များမှ တစိတ်တပိုင်း လွတ်မြောက်ကောင်းလွတ်မြောက်နိုင်ပါသည်ဟု ဆန်းစစ်ပြ ထားပါသည်။ (Sujiki 2020a) ထို့အပြင် စစ်ပွဲ၏သဘောတရားအမှန်သည်မည်သို့ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင် တို့သည် စစ်ပွဲကို သတ်ဖြတ်ခြင်းမပါဘဲ မည်သို့ရင်ဆိုင်နိုင်ကြောင်း အစောပိုင်းဗုဒ္ဓဘာသာ အတွေးအခေါ်များကို လေ့လာကာ စစ်သည်တော်အဖြစ်ကိုစွန့်လွှတ်ခြင်း၊ တိုက်ခိုက်ခြင်းဖြင့်မဟုတ်ဘဲ နှစ်ဖက်ကြားပြဿနာများကို မျှတသောနည်းလမ်းဖြင့်ဖြေရှင်းခြင်းနှင့် သတ်ဖြတ်ခြင်းမပြုဘဲတိုက်ခိုက်ခြင်းဟူသည့် နည်းလမ်း(၃)သွယ်ကို ဖော်ထုတ်ခဲ့သည်။

သူ၏ကိုးကားချက်များအရ ရန်သူများကိုအရှင်ဖမ်းဆီးပြီး သူတို့ကို ငြိမ်းချမ်းရေးလမ်းစဉ်အား လိုက်နာရန် သစ္စာခံယူခိုင်းပြီးနောက်ပြန်လွှတ်ပေးခြင်းသော်လည်းကောင်း၊ သတ်ပစ်ခြင်းအစား လက်နက်ချ အောင် တိုက်ခိုက်ခြင်းဖြင့်သော်လည်းကောင်း အကောင်းဆုံးအောင်မြင်နိုင်သည့် ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းစေရန် အဓိကထားသည့် တတိယမြောက်နည်းလမ်းသည် အကောင်းဆုံးဖြစ်ပြီး IHL နှင့် သင့်လျော်မှုအရှိဆုံး ပင်ဖြစ်သည်။ (Sugiki 2020 b 14) ဆက်လက်၍သူက စစ်ပွဲတွင်ပါဝင်ပတ်သက်သည့် ဗုဒ္ဓဘာသာဝင်များ၏ ဇာတ်ကြောင်းများသည် တိုင်းပြည်အုပ်ချုပ်ရာတွင် ဗုဒ္ဓဘာသာမဟုတ်သော ရှေးဟောင်းအိန္ဒိယကျမ်းစာများမှ ချမှတ်ပေးထားသည့် နည်းစနစ်များကိုအသုံးပြုကြခြင်းဖြစ်ကြောင်းထောက်ပြထားသည်။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ လိုအပ်သောစိတ်ဓါတ်ခွန်အားပေးနိုင်ရန်အတွက် Arthaśāstra ကဲ့သို့ ရှေးဟောင်းအိန္ဒိယကျမ်းစာ များကိုကျင့်သုံးကြပါသည်။(Sugiki 2020 b 15-16)

မကြာသေးခင်က အရေးပါသောဆောင်ရွက်ချက်တစ်ခုမှာ Inquiring Mind ဂျာနယ်၏ နောက်ဆုံးထုတ် မတိုင်ခင် တစ်တွဲတွင်ပါဝင်သည့် ခေတ်သစ်ဗုဒ္ဓဘာသာကျင့်ကြံသူရှုထောင့်မှ စစ်ပွဲ၏သဘောနှင့် လက်တွေ့ သဘောတရားများအကြောင်းပင်ဖြစ်သည်။ အမေရိကအကျဉ်းထောင်များတွင် အမြောက်အများ ဖြန့်ဝေပေးနေ သည့် မြောက်အမေရိက ဝိပဿနာအားထုတ် သူများမှ တည်ထောင်ထားသည့် တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသည့် မဂ္ဂဇင်းတွင် ခက်ခဲသောအခြေအနေများနှင့်ကြုံတွေ့ရသည့်အခါ သီလစောင့်ထိန်းခြင်းနှင့်ပတ်သက်၍ အထူး သုံးသပ်ချက်ပေးထားသည်။ ၎င်း၏ ၂၀၁၄ ခုနှစ် ဆောင်းဦးတွင်ထုတ်သည့်မဂ္ဂဇင်းတွင် ဆောင်းပါးတိုများ၊ ကဗျာများ၊ ဗုဒ္ဓဘာသာဝင်များ၏ စစ်ပွဲ၌ပါဝင်ပတ်သက်မှုအပေါ်သုံးသပ်ချက်များနှင့် ကြုံတွေ့ရသော ကျင့်ဝတ် ပိုင်းဆိုင်ရာတွေဝေမှုများကို စုစည်းထားပါသည်။ (Gates and Senauke 2014)
အထက်တွင်ဖော်ပြခဲ့သော ရှေ့ဆောင်ပညာရှင်များ ရေးသားကိုးကားခဲ့သည့်အထောက်အထားများကို IHL အကြောင်းအကျဉ်းချုပ်ရှင်းပြချက်ပြီးနောက် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)[3]

"စစ်ပွဲဆိုင်ရာဥပဒေ" (သို့) "လက်နက်ကိုင်ယှဉ်ပြိုင်တိုက်ခိုက်ခြင်းပဋိပက္ခဆိုင်ရာဥပဒေ" ဟုလည်းသိကြသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)သည် လက်နက်ကိုင်ပဋိပက္ခကြောင့် လူသားချင်း စာနာထောက်ထားမှုကိုမထိခိုက်အောင်ကန့်သတ်ပေးသည့်၊ ကာကွယ်ပေးသည့်ဥပဒေတစ်ခုဖြစ်သည်။ ၎င်းသည် အရပ်သားများနှင့် စစ်ပွဲတွင်ပါဝင်တိုက်ခိုက်ခြင်းမရှိတော့သည့်သူများ၏ အသက်နှင့်သိက္ခာကို ထိန်းသိမ်းကာကွယ် ပေးသည်။ ထို့အပြင် စစ်ပွဲနည်းလမ်းများနှင့် နည်းစနစ်များကိုလည်း ပြဌာန်းပေးသည်။ IHL ၏အဓိကအချက်များ သည်

နိုင်ငံတကာမှသဘောတူညီထားသည့် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်(၄)ချက်နှင့် ၎င်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များဖြင့် ဖွဲ့စည်းထားသည်။ စစ်ပွဲတွင်သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့် ယဉ်ကျေးမှုအစဉ်အလာများကို အမြဲလိုက်နာရပေမည်။ သို့ကြောင့် IHL သည် အနောက်တိုင်းယဉ်ကျေးမှုခေတ် မတိုင်မီအစပြုခဲ့သော စစ်ပွဲဆိုင်ရာစည်းကမ်းဥပဒေသများကို တရားဝင်ပြဋ္ဌာန်းခဲ့ကြသော တရုတ်နှင့်အိန္ဒိယတို့၏ စစ်ပွဲကျင့်ထုံးများတွင်သာမက ရှေးခေတ်ယဉ်ကျေးမှုနှင့် ဘာသာတရားစည်းမျဉ်းများအပေါ်တွင်လည်း အခြေခံ ထားသည်ဟုဆိုနိုင်ပါသည်။ ICRC ၏တည်ထောင်သူ ဟင်နရီဒူးနန့်၏ ဦးဆောင်မှုဖြင့် ၁၈၆၄ ခုနှစ် ဂျီနီဗာ မူလသဘောတူညီချက်ကိုဆင့်ပွားကာ IHL ကို နိုင်ငံတကာစံနှုန်းအတိုင်း စည်းမျဉ်းများစီစဉ်စုစည်းခြင်းကို ၁၉ရာစု တွင်စတင်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံများသည် ပြောင်းလဲတိုးတက်နေသော စစ်ပွဲနည်းလမ်းများနှင့် နည်းစနစ် များ၊ ထိုနည်းများနှင့်သက်ဆိုင်သည့် လူသားချင်းစာနာထောက်ထားမှုအကျိုးဆက်များကို အမှီလိုက်ရန်အတွက် ဥပဒေများကို စနစ်တကျစီစဉ်ပေါင်းစုရန် သဘောတူပြီးလက်တွေ့ကျင့်သုံးရမည့် ဥပဒေစဉ်များကို နည်းစနစ်တကျ စီစဉ်ကြခြင်းဖြစ်သည်။

IHLသည်လက်နက်ကိုင်ပဋိပက္ခအတွက် စာချုပ်ဝင်တိုင်းပြည်များနှင့် စာချုပ်ဝင်မဟုတ်သော တိုင်းပြည် များ၏ စစ်တပ်ကိုအသုံးပြုရန်လိုအပ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုတို့ကြား အထူးညီမျှစေပါသည်။ ၎င်းသည် ဒဏ်ရာရသူများ နှင့် နာမကျန်းဖြစ်နေသောစစ်သည်များ၊ စစ်သုံ့ပန်းများနှင့် လက်နက်ကိုင်ပဋိပက္ခ နှင့်ပတ်သက်၍ ထိန်းသိမ်းထားသူများအားပြုစုစောင့်ရှောင့်ခြင်း၊ အများပြည်သူဆိုင်ရာအဆောက်အဦများ၊ အများ ပြည်သူ များအားကာကွယ်ပေးခြင်းနှင့် တားမြစ်ထားသောလက်နက်များ (ဇီဝလက်နက်၊ ဓါတုလက်နက်နှင့် လူသတ်မိုင်း) အသုံးမပြုရေးစသောကိစ္စရပ်များပါဝင်ပါသည်။ အခြေခံစည်းမျဉ်းအားဖြင့် IHL သည် မလိုလား အပ်သော ဒဏ်ရာရမှုများ (သို့) လိုသည်ထက်ပိုသော ထိခိုက်ဆုံးရှုံးမှုများဖြစ်စေသည့် (သို့) သဘာဝ ပတ်ဝန်းကျင်ကို ပြင်းထန်သောထိခိုက်ပျက်စီးမှု ဖြစ်စေသည့် စစ်ဆင်နွှဲမှုနည်းလမ်းများနှင့်နည်းစနစ်များကို တားမြစ်ထားပါသည်။ အခြားတားမြစ်ထားသော စစ်ပွဲနည်းစနစ်များတွင်လုယက်ဖျက်ဆီးခြင်း၊ အစာရေစာ ဖြတ်တောက်ခြင်းနှင့် (သစ္စာမဲ့စွာ) ညှင်းပန်းနှိပ်စက်ခြင်း (ဥပမာအားဖြင့် အကာအကွယ်ပေးသကဲ့သို့ အယောင် ဆောင်ခြင်း) များပါဝင်ပါသည်။

IHL သည်လက်နက်ကိုင်ပဋိပက္ခအတွင်း ကာကွယ်ရမည့်သူများနှင့် ကာကွယ်ရမည့်အရာဝတ္ထုများ အမျိုးအစား အလိုက်ခွဲခြားမှုများပြုလုပ်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် မိမိတပ်ဖွဲ့၏စီမံခန့်ခွဲမှုအောက်တွင် ရောက်ရှိနေသည့် ဒဏ်ရာနေသူများနှင့် ဖျားနာနေသူများကို ပြုစုစောင့်ရှောက်ပြီး ကာကွယ်ပေးရမည်ဖြစ်သည်။ ဆေးဝန်ထမ်းများ၊ ဆေးရုံများနှင့် (ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်) သယ်ယူပို့ဆောင်ရေးများကို အလေးထားလေးစားမှုဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရမည်ဖြစ်သည်။ ကာကွယ်ရမည့်အရပ်သားပိုင် အရာများ တွင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဆောက်အဦးများ၊ ဘာသာရေးအဆောက်အဦးများနှင့်

လူအများအသက် ရှင်သန်ရေးအတွက် မရှိမဖြစ်သော အရာများ (ကောက်ပဲသီးနှံများ၊ ရေလှောင်ကန်များစသည်တို့) ပါဝင်သည်။ ထို့အတူအန္တရာယ်ရှိသောဌာနများဖြစ်သည့် ရေကာတာများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေး စက်ရုံများကဲ့သို့ အန္တရာယ်ရှိ သောစွမ်းအင်များပါဝင်သည့် အဆောက်အဦးများနှင့် လုပ်ငန်းများပါဝင်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး လုပ်ဆောင်နေသူများကို လေးစားသမှုဖြင့် စောင့်ရှောက်ပေးရမည် ဖြစ်သည်။ ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသော လူထုထံသို့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ရောက်ရှိရေးကိုလည်း သက်ဆိုင်ရာ အဖွဲ့ဝင်များ၏သဘောဆန္ဒနှင့်အညီ ဆောက်ရွက်ပေးရမည်ဖြစ်သည်။ IHL အရ လက်နက်ချသောရန်သူကို ဒဏ်ရာရစေခြင်း (သို့) သတ်ဖြတ်ခြင်းအားခွင့်မပြုပါ။ ထို့အပြင် စစ်အကျဉ်းသား များထိန်းသိမ်းခြင်းနှင့် ရန်သူ့လက်အောက် ရောက်နေသောအရပ်သားများကို ပြုမူဆက်ဆံခြင်းတို့နှင့်ပတ်သက် သော အသေးစိတ်စည်းမျဉ်းများလည်း ပါဝင်ပါသည်။ လူသားဂုဏ်သိက္ခာကျဆင်းစေသည့် ရက်စက်ရမ်းကားမှုများ ဖြစ်သော နှိပ်စက်ညှင်းပန်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများကိုလည်း တားမြစ်ထားပါသည်။

IHL ၏ စစ်ပွဲဆိုင်ရာအခြေခံကျင့်ဝတ်ကို အဓိကမူ(၃)ခုဖြစ်သည့် ခွဲခြားခြင်းမူ၊ အချိုးအစားညီမျှခြင်းမူနှင့် ကြိုတင်ကာကွယ်လုပ်ဆောင်ခြင်းမူတို့ကို အခြေခံ၍ချမှတ်ထားသည်။ ခွဲခြားခြင်းမူဟူသည် လက်နက်ကိုင်ပဋိပက္ခ တွင်ပါဝင်သည့်အဖွဲ့များသည် အရပ်သားများ၊ အရပ်ဘက်အဆောက်အဦးများနှင့် တိုက်ပွဲဝင်စစ်သည်များ၊ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များအကြား အမြဲတစေခွဲခြားမှုရှိရမည်။ တိုက်ပွဲဝင်စစ်သည်များနှင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကိုသာလျှင် ဦးတည်တိုက်ခိုက်ရမည်။ ရည်ရွယ်ချက်မှာ အရပ်သားတစ်ယောက်ချင်းကိုကာကွယ်ရန်၊ အရပ်ဘက်အဆောက်အအုံများကိုကာကွယ်ရန်နှင့် အရပ်သား လူထုတစ်ရပ်လုံးကိုကာကွယ်ရန် ဖြစ်သည်။ ထိုသဘောတရားအရ မစဉ်းစားမဆင်ခြင်ဘဲပြုလုပ်သော တိုက်ခိုက်မှုများကို (ခွဲခြားခြင်းမရှိဘဲ သိမ်းကြုံး တိုက်ခိုက်ခြင်းကို) တားမြစ်ထားပါသည်။ ခွဲခြားခြင်းမူနှင့်ဆက်စပ်နေသည့် အချိုးအစားညီမျှခြင်းမူသည် မျှော်မှန်း ထားသော ခိုင်မာပြီးတိုက်ရိုက်ကျသည့် စစ်ရေးအသာစီးရမှုနှင့်နှိုင်းဆလျှင် မတော်တဆ အရပ်သား သေဆုံးမှုနှင့် အရပ်ဘက်အဆောက်အအုံများပျက်စီးဆုံးရှုံးမှု၊ သို့မဟုတ် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုသည် (မျှော်လင့်ထားသည်ထက်)အလွန်အကျွံမဖြစ်ရေးပင်ဖြစ်သည်။ ပစ်မှတ်ဆိုင်ရာကန့်သတ်ချက်များနှင့် တားမြစ်ချက်များ သက်ရောက်စေရန် ကြိုတင်ကာကွယ်လုပ်ဆောင်မှုမူအရ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့ အားလုံးသည် တိုက်ခိုက်သည့်အခါ ပစ်မှတ်များသည် စစ်ရေးဆိုင်ရာရည်မှန်းချက်များဖြစ်ကြောင်းအတည်ပြုရန်၊ မတိုက်ခိုက်ခင် အရပ်သားလူထုကိုထိရောက်သည့် ကြိုတင်သတိပေးမှု စသည်တို့ပြုလုပ်ရန်လိုအပ်ပါသည်။ တိုက်ပွဲအချိန်၊ နေရာတို့နှင့်ပတ်သက်၍လည်း ကန့်သတ်ချက်များပါရှိသည်။ တိုက်ပွဲကြောင့်ဖြစ်လာမည့် အကျိုးဆက်များမှ အရပ်သားလူထုကိုကာကွယ်ရန် ဦးစွာကာကွယ်တားဆီးရေးကို ပြုလုပ်သင့်သည်။ ခုခံသူများအနေဖြင့် လူသားများအား ဒိုင်းသဖွယ်အသုံးပြုခြင်းကို ခွင့်မပြု။[4]

IHL သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် နိုင်ငံအချင်းချင်းကြားဆက်ဆံရေးကို ထိန်းသိမ်းဆောင်ရွက်ရန်အတွက် သဘောတူညီထားကြသည့် သဘောတူညီချက်စည်းမျဉ်းများဖြစ်ပြီး ၎င်းကို ဥပဒေ၏အထွေထွေစည်းမျဉ်းများ၊ ယဉ်ကျေးမှုရှိးရာဓလေ့ဆိုင်ရာ စည်းကမ်းများနှင့် စာချုပ်များအပေါ်တွင် အခြေခံချမှတ်ထားသည်။ IHL နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏အခြားအပိုင်းကဏ္ဍတို့ကြား ခြားနားချက်မှာ IHL သည် လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များ လိုက်နာရမည့်ကျင့်ဝတ်များကိုချမှတ်ထားခြင်းဖြစ်ပြီး (လက်တင်ဘာသာဖြင့် jus in bello) ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ပဋိညာဉ်စာချုပ်တွင်ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြားအပိုင်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်ရာတွင် စစ်အင်အားကို မှန်ကန်စွာအသုံးပြုခြင်းရှိမရှိ ဆိုသည့်အပေါ် ချမှတ်ထားခြင်းဖြစ်သည်။ (လက်တင်ဘာသာဖြင့် jus ad bellum) ထို့ကြောင့် IHL သည် လက်နက်ကိုင်ပဋိပက္ခအတွင်း၌သာအကျုံးဝင်၍ လက်နက်ကိုင်ပဋိပက္ခဖြစ်ရခြင်း၏ အကြောင်းတရားသည် မျှတမှုရှိခြင်း မရှိခြင်းနှင့်ပတ်သက်၍မှု အထူးမှတ်ချက်မပေးပေ။ ထို့အတူ IHL သည် ပဋိပက္ခမဖြစ်အောင် ကာကွယ်တားဆီးခြင်း၊ ဖြေရှင်းခြင်းတို့နှင့် လည်းမသက်ဆိုင်ပေ။

LAW IHL သည် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင် ပဋိပက္ခများနှစ်မျိုးစလုံးအတွက်အကျုံးဝင်ပါသည်။ ဖြစ်ပွားသည့်ပြဿနာသည် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခအဆင့်သို့ ရောက်ရှိခြင်း ရှိ၊ မရှိသည် (အဓိကရုဏ်း(သို့) အခြား ပြည်တွင်းဆူပူအုံကြွမှုများ မဟုတ်ဘဲ) လက်တွေ့မြေပြင်အနေအထား အချက်အလက်အပေါ် မူတည်ပါသည်။ လက်တွေ့မြေပြင်အနေအထား အချက်အလက်တွင် ပဋိပက္ခနှင့်ပတ်သက်သည့်အဖွဲ့အစည်းများ၏ အနေအထား၊ ပဋိပက္ခအတိမ်အနက်နှင့် တိုက်ပွဲကြာချိန်တို့ပါဝင်ပါသည်။ နိုင်ငံတော်အဆင့်မဟုတ်သော လက်နက်ကိုင်အုပ်စု တွင် အုပ်ချုပ်မှုပုံစံ အဆင့်ဆင့်ဖြင့် (သို့) နယ်မြေကို စိုးမိုးအုပ်ချုပ်နိုင်သော၊ စီမံနိုင်သော၊ ပူးပေါင်းဆောင်ရွက် နိုင်သော၊ စစ်တပ်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သော၊ IHL ၏ အခြေခံတာဝန် ဝတ္တရားများကို အကောင်အထည် ဖော်နိုင်သောသူတို့၏ အရည်အချင်းအားဖြင့် အဖွဲ့အစည်း၏အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်သည်။ ဂျီနီဗာသဘောတူညီ ချက် (၄)ချက်နှင့်ဆိုင်သော အပိုဒ်(၃)တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စည်းမျဉ်းများချမှတ်ရန်အတွက် အဓိကပြဋ္ဌာန်းချက်များပါဝင်သည်။ ဂျီနီဗာနောက်ဆက်တွဲ သဘောတူညီချက် အမှတ် (၂)သည် ထိုပြဋ္ဌာန်းချက် များကို ပိုမိုပြည့်စုံစေခဲ့သည်။

IHL နှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတို့သည် အချင်းချင်းထောက်ပံ့ပေးကာ အထူးသဖြင့် လူတစ်ဦးချင်း၏ဘဝ၊ ကျန်းမာရေးနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်ရန်ဖြစ်သည်ဟူသည့် တူညီသောရည်ရွယ်ချက် အချို့ရှိသော်လည်း ၎င်းတို့၏မူလဇစ်မြစ်၊ အမြင်နှင့်လုပ်ဆောင်ပုံများတွင်မူကွဲပြားခြားနားသွားပါသည်။ IHL

သည် လူ့အခွင့်အရေးဥပဒေထက်စောစွာပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးဥပဒေသည် ၁၇ ရာစု၊ ၁၈ရာစု ဥရောပပညာတတ်လှုပ်ရှားမှု၏ လွှမ်းမိုးမှုရှိသော အမျိုးသားလူ့အခွင့်အရေးဥပဒေကိုအခြေခံထားသည်။ ၎င်းသည် ဒုတိယကမ္ဘာစစ်ပြီးနောက်မှသာ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုဖြစ်နေသည့် လူထုအရေးပေါ်အခြေအနေမျိုးတွင် အစိုးရအနေဖြင့် တာဝန် ဝတ္တရားအချို့ကို လျှစ်လျူရှုထားနိုင်သော်လည်း လူ့အခွင့်အရေးဥပဒေကမူ မူသဘော တရားအရ အမြဲတမ်းအကျုံးဝင် နေပါသည်။ လူ့အခွင့်အရေးဥပဒေနှင့် ကွဲပြားသည်မှာ၊ IHL သည် လက်နက်ကိုင် ပဋိပက္ခအတွင်းတွင်သာ အကျုံးဝင်ပါသည်။ ၎င်းသည် တစ်ဦးချင်းစီ၏ အခွင့်အရေးကို အထောက်အကူပြုပေး သည်ထက် ယေဘုယျအားဖြင့် တိုက်ပွဲဝင်အဖွဲ့များ လိုက်နာရမည့်တာဝန်ဝတ္တရားများကို ချမှတ်ပေးခြင်းဖြစ်သည်။ အထူးသဖြင့် စစ်ပွဲတွင် မပါဝင်၊ မသက်ဆိုင်သော သူများကိုကာကွယ်ရန်ဖြစ်သည်။ ယင်းသို့ကာကွယ်ရန် စစ်စည်းကမ်းလိုက်နာမှုနှင့် စစ်ရေးကျွမ်းကျင်မှုတို့ကို အတိုင်းအတာပမာဏတစ်ခုအထိ လိုအပ်ပါသည်။ တိုက်ခိုက်ရေးသမားတိုင်းသည် မိမိတို့၏လုပ်ရပ်တိုင်းအတွက် တာဝန်ယူမှုရှိရပါမည်။ အမိန့်ကိုနာခံရခြင်းဖြစ်သည် ဆိုသည့် ဖြောင့်ချက်သည် စစ်ရာဇဝတ်မှုများကျူးလွန်ခြင်းအတွက် အကာအကွယ်ဖြစ်စေနိုင်သည့်အရာ မဟုတ်ပေ။ ထို့ကြောင့် IHL သည် နိုင်ငံ၏စစ်တပ်၊ နိုင်ငံပိုင်စစ်တပ် မဟုတ်သော လက်နက်ကိုင်အုပ်စုများနှင့် စစ်သည်တစ်ဦးချင်းဆီအထိ သက်ဆိုင်ပြီး လူ့အခွင့်အရေးဥပဒေ၎င်းမှာမူ နိုင်ငံများကိုသာ တာဝန်ရှိစေသည်။[5]

ပြည်သူလူထုနှင့် လက်နက်ကိုင်အင်အားစုများအား IHL ဥပဒေစည်းမျဉ်းများကိုသင်ကြားပေးရန် နိုင်ငံများတွင်တာဝန်ရှိသည်။ ထိုစည်းမျဉ်းများသည် စစ်ရာဇဝတ်မှုများဟု သတ်မှတ်ထားသော ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲသဘောတူညီချက်များကို အပြင်းထန်ဆုံး ဖောက်ဖျက်မှုများအား စီရင်ရန်၊ နိုင်ငံအဆင့်ဥပဒေများ ထုတ်ပြန်ရန်နှင့် စည်းမျဉ်းချိုးဖောက်မှုများကို ကာကွယ်ရန်ဖြစ်သည်။ ထို့အပြင်ခုံရုံးအထိရောက်ခဲ့သော ယခင် ယူဂိုစလာဗီးယားနှင့် ရဝမ်ဒါအရေးအပါအဝင် နိုင်ငံတကာအဆင့်တွင် စစ်ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူမှုများရှိသကဲ့သို့ နိုင်ငံတကာရာဇဝတ်မှုတရားရုံးကိုလည်း ရောမပြဋ္ဌာန်းချက် (Rome Statute) အရ ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

**လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်အတွင်း ဗုဒ္ဓနည်းကျ စီမံဆောင်ရွက်ခြင်း**

Weeramantry ၏ "ဗုဒ္ဓဘာသာနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေ" တွင် သူက

> စစ်ပွဲစည်းမျဉ်းများကို လက်မခံအသိအမှတ်မပြုသော စနစ်တခုတွင် ပုံမှန်အားဖြင့် စစ်ပွဲကျင့်ထုံး အကြောင်းဆွေးနွေးတာမျိုး နည်းပါးမည်ဖြစ်နိုင်သကဲ့သို့

ဆွေးနွေးမှုမရှိတာမျိုးလည်း ဖြစ်နိုင် ပါသည်။ လက်တွေ့အသုံးပြုနိုင်သောမူဝါဒဖြစ်စေရန်အတွက် ယေဘုယျအားဖြင့် လူ့ဂုဏ်သိက္ခာ နှင့် မြင့်မြတ်မှုဆိုင်ရာအခြေခံမှုများ၊ လူသားများကို ဆက်ဆံပုံနှင့် လူသားတို့အပေါ်ထားရှိသော သဘောထားများနှင့်ဆိုင်သည့်အခြေခံမှုများ၊ သဘာဝပတ်ဝန်း ကျင်နှင့်ဂေဟစနစ်အပေါ် တန်ဖိုးထားမှုများအပြင် သင့်တင့်လျောက်ပတ်စွာ ပြုမူဆောင်ရွက်မှုများနှင့်အညီ ဆောင်ရွက်ရန် လိုအပ် ပါလိမ့်မည်" (၂၀၀၇- ၃) ဟုဆိုပါသည်။

Weeramantry ၏ ထိုရေးသားချက်သည် စစ်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ များပြားသောဗုဒ္ဓနည်းကျ လေ့လာခြင်းများကို ဖော်ထုတ်ရာတွင်အထောက်အကူဖြစ်စေပါသည်။ စင်စစ်ဗုဒ္ဓကျမ်းစာများတွင် စစ်ပွဲများ အကြောင်း၊ စစ်နှင့်သက်ဆိုင်သောပုံရိပ်များ၊ ဥပစာများ၊ ဥပမာများ၊ စစ်၏အကျိုးဆက်ကိုလျော့ပါးစေသည့် နည်းလမ်းများ၊ ပဋိပက္ခအခြေအနေအတွင်း ရိုးသားဖြောင့်မတ်မှုကိုထိန်းသိမ်းနိုင်မည့်နည်းလမ်းများဆိုင်ရာ အကိုးအကားများစွာ ပါရှိပါသည်။ အကျင့်သီလမလုံခြုံသောသူများရှိသည့်နေရာတိုင်းတွင်ရှောင်လွှဲမရသော ရန်ပွဲများ၊ စိတ်သဘောထား မတိုက်ဆိုင်ခြင်းများ၊ အငြင်းပွားခြင်းများနှင့်ပဋိပက္ခများ ဖြစ်ပေါ်လိမ့်မည်ဟု ဗုဒ္ဓဘာသာတွင်ခံယူထားသည်။ ပို၍မြင့်သောစိတ်စင်ကြယ်မှုအဆင့်များသို့ မရောက်မချင်း မိမိတို့၏လူမှုဆက်ဆံရေး အပြုအမူများသည် မောဟကြောင့်ဖြစ်သောကျဉ်းမြောင်းသည့်အမြင်နှင့်အတူ လောဘ၊ ဒေါသ၊ မောဟတို့တွင် အရင်းခံသော အကုသိုလ်တရား၏လွှမ်းမိုးခြင်းခံနေရမည်ဖြစ်သည်။

ဗုဒ္ဓမိန့်ကြားချက်အရဆိုလျှင် ထိုသို့သောပြဿနာများသည်အသေးဆုံးဖြစ်သောမိသားစုအဆင့်မှသည် အရှုပ်ထွေး ဆုံးဖြစ်သော နိုင်ငံများအဆင့်အထိ ဖြစ်နိုင်သမျှသော လူမှုအဖွဲ့အစည်းများအတွင်း ပေါ်ပေါက်နိုင်ပါသည်။ ဘိက္ခုဗောဓိက အောက်ပါအတိုင်းရေးသားထားသည်။

> ဗုဒ္ဓတရားတော်များသည် မိမိတို့ကို ရှုပ်ထွေးသောခေတ်အပြောင်းအလဲကိုမြင်စေသည်။ လူတို့သည် မည်သို့ ဓားနှင့်ဒိုင်းများကိုကောက်ယူသည်။ လေးနှင့်မြှားများကိုတင်သည်။ စစ်ပွဲသို့ ဝင်သည်။ …… စစ်ပွဲတွင်မြှားများ၊ လှံများကြောင့်ဒဏ်ရာရသည်။ ဦးခေါင်းဖြတ် သတ်ခံရသည်။ …. သံရည်ပူများလောင်းချခံရပြီး ကြီးမားလေးလံသောသံတုံးကြီးများအောက် ကြေမွသွားကြသည်တို့ကို တရားတော်များကပြောပြကြသည်။(MN13:12-13) တထောင်းထောင်းထနေသော ဖုန်လုံးများ၊ လွှင့်တင်ထားသောအလံဖျားများ၊ ကျယ်လောင် မြောက်များသောအသံများနှင့် ထိုးပစ်ပုတ်ခတ်ခြင်းများဖြင့် စစ်တလင်းများ အကြောင်းကို မိမိတို့ ဖတ်ရှုရသည်။ (ဗြ ၅၇၅) တိုင်းပြည်အုပ်ချုပ်သူများသည် အာဏာတပ်မက်သဖြင့် ၎င်းတို့၏ ပြိုင်ဘက်များအား သတ်ဖြတ်ခြင်း၊ ထောင်သွင်းအကျဉ်းကျခြင်း၊ ထိုသူတို့၏ ပိုင်ဆိုင်မှု များအားသိမ်းယူခြင်းနှင့် နယ်နှင်ဒဏ်ပေးခြင်းတို့ကိုပြုလုပ်ကြသည်။ (AN 3:69). (Bodhi 2014)

နောက်ပိုင်းတွင်အသေးစိတ်ဆွေးနွေးမည်ဖြစ်သော စစ်တိုက်ရင်းသေဆုံးသွားသည့် စစ်သည်တော်များသည် သေခါနီးအချိန်တွင် ဖြစ်သည့်စိတ်ထားကြောင့် စစ်တိုက်ပြီးသတ်ဖြတ်သူတို့ကျရောက်ရသောငရဲ (ပရဇိတငရဲ)သို့ သွားရသည်ဆိုသည့် ဗုဒ္ဓ၏ဟောကြားချက်မှာထင်ရှားလှပါသည်။ စစ်တိုက်ဖို့ထက် လက်နက်ချအညံ့ခံဖို့ရွေးချယ်ခဲ့ သည့်ဘုရင်များအကြောင်း၊ အချို့သောတိုင်းပြည်အုပ်ချုပ်သူများနှင့် စစ်သားများသည် ဗုဒ္ဓဘာသာ၏ အကြမ်း မဖက်ခြင်း အဆုံးအမများနှင့် စစ်ပွဲများအကြားဝိရောဓိဖြစ်ရသည့်လက္ခဏာများကို ဗုဒ္ဓဘာသာသမိုင်းတွင် တွေ့ရှိရသည်။ (Jenkins 2017, 161; Sugiki 2020b) မည်သို့ပင်ဆိုစေကာမူ ဗုဒ္ဓသည်သူ့ခေတ်သူ့အခါက စစ်တပ်ကို ဘေးချိတ်ထားသော ရှင်ဘုရင်များနှင့် သိပ်အလွမ်းမသင့်လှပေ။ ပြည်သူလူထုကို ကာကွယ်ပေးရန် အလို့ငှာ ကျွမ်းကျင်သောစစ်တပ်ကိုပိုင်ဆိုင်သည့် စံပြုထိုက်သောဘုရင်များကိုမျှော်လင့်ကြပါသည်။ (Jenkins, 2017, 162) လက်နက်ရောင်းဝယ်ဖောက်ကားခြင်းသည် တားမြစ်ထားသောအသက်မွေးဝမ်းကျောင်းမှု (၅)မျိုးမှ တစ်မျိုးဖြစ်သော်လည်း စစ်သားအဖြစ်အသက်မွေးဝမ်းကြောင်းပြုခြင်းသည် ထိုတားမြစ်ထားသော အသက်မွေး ဝမ်းကျောင်းမှု (၅)မျိုးအတွင်းမပါရှိပေ။ (An. III.208; Florida 2013,331)လက်တွေ့အားဖြင့် စစ်သားများသည် ဗုဒ်္ဓ၏ ဥပသကာများဖြစ်လာကြသည့်အခါ ဗုဒ္ဓက ၎င်းတို့ကို သီလများစောင့်ထိန်းရန်၊ ဒါနများပြုလုပ်ရန် တိုက်တွန်းသော်လည်း ၎င်းတို့၏အသက်မွေးဝမ်းကြောင်းမှုကိုစွန့်လွှတ်ရန်ကိုမူ မတိုက်တွန်းခဲ့ပေ။ ဗုဒ္ဓနည်းကျ နိုင်ငံစီမံအုပ်ချုပ်ပုံအတွက် အဓိကကိုးကားချက်ဖြစ်သည့် ဗုဒ္ဓ၏ရှေးဘဝဇာတ်ကြောင်းများ ဖြစ်သော ဇာတက ဇာတ်တော်များသည် အခြားအကြောင်းအရာများထက် ဘုရင်၊ စစ်သည်တော်၊ စစ်သေနာပတိ၊ စစ်မြင်းနှင့် စစ်ဆင်တို့၏ ဇတ်ကြောင်းများဖြင့်ပြည့်နေပါသည်။ ထိုဇတ်တော်များထဲတွင် ဘုရားလောင်းသည် စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့နည်းစေရန်ကြိုးပမ်းခဲ့သည်။ (Jenkins, 2017, 167) သူထောက်ပြသကဲ့သို့ ဗုဒ္ဓသည် အတိတ်ဘဝများစွာတွင် စစ်သူရဲကောင်းတစ်ဦးဖြစ်ခဲ့ပါသည်။ (2017, 162)

အစောပိုင်းဗုဒ္ဓကျမ်းစာများတွင်တွေ့ရသော အရှိတရားသည် ထိုခေတ်၏ပဋိပက္ခနှင့် စစ်သည်တော် အဖြစ် အသက်မွေးမှုတို့အကြောင်း၊ ဗုဒ္ဓနှင့်အစောပိုင်းဗုဒ္ဓဘာသာအသိုင်းအဝိုင်းများသည် လက်နက်ကိုင်ပဋိပက္ခ၏ သဘောတရားအမှန်ကို အထူးဂရုပြုခဲ့ကြကြောင်းကိုပြသနေပါသည်။ ပဋိပက္ခနှင့်စစ်သည်အဖြစ် အသက်မွေးခြင်း အကြောင်း အခြားဥပမာဖြင့် ပုံပေါ်အောင်ပြောရမည်ဆိုလျှင် သားတော်ရာဟုလာကို တရားဟော စဉ်ကစစ်ပွဲကို မြင်လာအောင်ပြောဆိုခန်းကို မိမိတို့ဆန်းစစ်နိုင်ပါသည်။ ကလေးဘဝကပင် ရှင်သာမဏေ ဖြစ်လာခဲ့သော သားတော်ရာဟုလာအား ဗုဒ္ဓက လိမ်လည်ခြင်း၏ဆိုးကျိုးများကို စစ်ဆင်နှစ်ကောင်ဥပမာဖြင့် ရိုးရှင်းစွာ ဟောကြားတော်မူခဲ့သည်။ တစ်ခုသောစစ်ဆင်သည် သူ၏ဆင်သူရဲအတွက် တိုက်ခိုက်ရာတွင် သူ၏နှာမောင်း မှအပ သူ၏ကျန်ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို အသုံးပြုကာတိုက်ခိုက်သည်။ အခြားသောစစ်ဆင်သည်

ရန်သူအားသတ်ဖြတ်ရန် သူ၏ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးနှင့်နှာမောင်းကိုပါ အသုံးပြုကာတိုက်ခိုက်သည်။ ထိုအခါ ဆင်သူရဲက အောက်ပါအတိုင်းကြံ၏။

> ရထားလှည်းသန်နှင့်အလားတူရှိသော အစွယ်ရှိသော စစ်မြေပြင်သို့ဝင်ဖူးသော ထွားကျိုင်း၍ အမျိုးကောင်းသော ဤမင်းစီးဆင်သည် ရှေ့ခြေတို့ဖြင့်လည်း အမှုကိစ္စကိုပြု၏။ နောက်ခြေတို့ဖြင့်လည်းအမှုကိစ္စကိုပြု၏။ ရှေ့ကိုယ်ဖြင့်လည်းအမှုကိစ္စကိုပြု၏။ နောက်ကိုယ်ဖြင့်လည်း အမှုကိစ္စကိုပြု၏။ ဦးခေါင်းဖြင့်လည်း အမှုကိစ္စကိုပြု၏။ နားရွက်တို့ဖြင့်လည်း အမှုကိစ္စကိုပြု၏။ အစွယ်တို့ဖြင့်လည်းအမှုကိစ္စကိုပြု၏။ အမြီးဖြင့်လည်းအမှုကိစ္စကိုပြု၏။ နှာမောင်းဖြင့်လည်း အမှုကိစ္စကိုပြု၏။ ဤမင်းစီးဆင်သည် အသက်ကိုပင်စွန့်လွှတ်ထားပြီးဖြစ်သည်။ ယခုအခါ ထိုမင်းစီးဆင်မပြုလုပ်သောအမှုမည်သည် တစ်စုံတစ်ခုမျှမရှိတော့ပြီ။ ရာဟုလာ...ထို့အတူပင် မုသားဟုသိလျက်နှင့် မုသားစကားပြောသူသည် မလုပ်ဝံ့သောမကောင်းမှုဟူသည်မရှိ။ (Mn.I. 414-5, ဉာဏမောလိနှင့် ဘိက္ခုဗောဓိတို့၏ ဘာသာပြန်ချက် မှကောက်နှုတ်သည်၊ 1995, 524)[6]

ပထမတိုက်ဆင်သည် ၎င်း၏သိက္ခာနှင့်ဖြောင့်မတ်မှုကိုထိန်းသိမ်းသည်။ ဒုတိယတိုက်ဆင်သည် သတ်ချင်ဖြတ်ချင်စိတ်ရှိနေပြီး ၎င်း၏နှာမောင်းကိုပင် အသုံးပြုတိုက်ခိုက်သောကြောင့် ၎င်း၏ဆင်သူရဲသည် ထိုဆင်မပြုလုပ်ရဲသောအရာ မရှိတော့ဟု နားလည်ပါသည်။ ထိုဥပမာသည် ရာဟုလာအား ရိုးသားဖြောင့်မတ်ခြင်းတန်ဖိုးသည် လူတစ်ဦးတစ်ယောက်ဂုဏ်သိက္ခာ၏ အခြေခံပင်ဖြစ်ကြောင်း သင်ကြားပေးခြင်း ဖြစ်သကဲ့သို့ ထိုဥပမာဖြင့်မိမိတို့ကို အချက်(၂)ချက်ကိုညွှန်ပြပေးပါသည်။ ဗုဒ္ဓဘာသာသည်စစ်ပွဲနှင့်မစိမ်း၊ အကျွမ်းတဝင်ရှိနေသည်ဆိုသည့်အချက်နှင့် စစ်ပွဲအတွင်းမှစစ်သည်တော်များ၊ စစ်သည်တော်တို့၏ စိတ်သဘောထား၊ ဆင်ခြင်တုံ တရားနှင့် ဂုဏ်သိက္ခာတို့၏ အကျိုးဆက်များကိုနားလည်စေခြင်းပင်ဖြစ်သည်။ အတုယူထိုက်သောစစ်သည်တော် သည် ဖြစ်သင့်သည့် အတိုင်းအတာထက်မပိုလွန်စေရန်စောင့်ထိန်းပါသည်။ စစ်သည်တော်ကို ကာကွယ်ပေး ထားသည့် ထိုစောင့်ထိန်းမှုသည် IHL ၏ လူသားချင်းစာနာမှု၊ စစ်တပ်အသုံးပြုရန်လိုအပ်ချက်၊ ခွဲခြားခြင်းမှု၊ အချိုးအစားညီမျှခြင်းမှုနှင့် ကြိုတင်ကာကွယ်ခြင်းမှုဆိုင်ရာစည်းမျဉ်းများအတွက်သိသာစွာအရေးပါပါသည်။

အကြမ်းဖက်မှု (သို့) အင်အားသုံးမှုအတွက် အမှတ်အသားပြုလောက်သည့်ဖော်ပြချက်မျိုးကိုလည်း ဗုဒ္ဓဘာသာတွင်ထည့်သွင်းအသုံးပြုထားပါသည်။ ၎င်းတွင်မကောင်းမှု၏အကျိုးဆက်ကိုသတိပေးခြင်း၊ မိမိကိုယ်ကို ပြောင်းလဲနိုင်အောင်ကူညီပေးခြင်း၊ မိမိအမှားများကိုသာ ရန်သူအဖြစ်သတ်မှတ်ပြီး (တိုက်ခိုက်ရမည့်) အင်အားကို လမ်းကြောင်းပြောင်းလဲလိုက်ခြင်း၊ မကောင်းသောအား(စိတ်)များကို နူးညံ့သိမ်မွေ့စေခြင်းနှင့် စာနာမှုတရား တိုးပွားလာစေရန်စသည့် အမျိုးစုံသောကိစ္စရပ်များအတွက်

လမ်းညွှန်မှုပေးထားပါသည်။ ဥပမာများတွင် (ပြုခဲ့သော မကောင်းသော) ကံ၏အကျိုးကို ဆိုးဝါးသောညှင်းပန်းနှိပ်စက်မှုများအဖြစ် ပြန်လည်ခံစားရသည့် ဗုဒ္ဓဘာသာ ငရဲများအကြောင်းဖော်ပြချက်၊ ဝိဇ္ဇာယာရာမ ဂိုဏ်းမှ ဒေါသနတ်ဆိုးများရှိနေခြင်းနှင့်မကောင်းမှုများ ပြုလုပ်ရန် စိတ်အားထက်သန်မှုများကို နူးညံ့သိမ်မွေ့စေခြင်းအကြောင်း၊[7] အချို့သောဂျပန်ပညာရှင်များ၏ အဓိက နက်နဲသော ကျင့်စဉ်ဖြစ်သော ထုံးတမ်းဓလေ့အရသတ်ဖြတ်ခြင်း (ဥပမာအားဖြင့် စက္ကူရုပ်သေးရုပ်များနှင့် မီးကို အသုံးပြု၍) (Gray ၂၀၀၇) နှင့် ဗောဓိစရိယဝတာရ (Bodhicaryāvatāra)ကျမ်းမှ မိမိ၏ မကောင်းသောစိတ်ကိုသာ တိုက်ထုတ်ရန်အကြံပေးချက်တို့ပါဝင်ပါသည်။ (Chapter 4, vv. 28-47) ၇ ရာစုမှ ၈ ရာစုကြား အိန္ဒိယရဟန်းတော် Sāntideva ရေးသားခဲ့သည့် ကျော်ကြားသော ဗောဓိစရိယဝတာရကျမ်းတွင် မိမိ၏ရန်သူ တွေ့ကြုံရသည့် အတွေ့အကြုံနှင့်အမြင်များကို နားလည်စာနာတတ်ရန် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု တို့ကို စိတ်ကူးဖြင့်ပုံဖော်ကြည့်သည့်နည်းလမ်းကိုသုံးပြုထားပါသည်။ (Chapter 8, vv. 140-154, see below)

အထက်တွင်ဆိုခဲ့ပြီးသော စစ်၏သဘောသဘာဝနှင့်အကျွမ်းတဝင်ရှိခြင်း၊ ယင်း၏အကျိုးဆက်များအပေါ် အသေးစိတ်လေ့လာခြင်း၊ ယင်းကြောင့်စိတ်မချမ်းမြေ့ဖွယ်အတွေ့အကြုံများကို နည်းနိုင်သမျှ နည်းစေခြင်းတို့သည် ဒုက္ခဆင်းရဲကိုကျော်လွှားရန်ဖြစ်သည်ဟူသော ဗုဒ္ဓဘာသာ၏အဆုံးအမနောက်မှ အလိုအလျောက်ပါဝင်လာခြင်း ဖြစ်သည်။ ဒုက္ခဟူသည် လုံခြုံမှုကင်းမဲ့ခြင်းအမျိုးမျိုးနှင့် အမှန်တကယ် ဆင်းရဲဒုက္ခရောက်ခြင်းနှစ်မျိုးလုံးကို ဆိုလိုပါသည်။ ထို့အပြင် မိမိတို့၏မကောင်းမှုတွင်အထုံပါသည့်ဗီဇကို ဦးတည်ရာ ပြောင်းလဲပေးနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်သော ဗုဒ္ဓဘာသာ၏လေ့လာချက်သည် ပဋိပက္ခဆိုင်ရာ စည်းမျဉ်းများအတွက် အလားအလာရှိသောအထောက်အပံ့ဖြစ်ကြောင်း ဖော်ပြနေပါသည်။

## ဝိနည်းကျင့်ဝတ်များ

အကိုးအကားကျမ်းစာများသည် ဗုဒ္ဓဘာသာနှင့်စစ် အကျွမ်းတဝင်ရှိမှုကို ဖော်ပြနေလင့်ကစား ဗုဒ္ဓဘာသာသည် မူလအားဖြင့် လောကီကိုပယ်စွန့်သည့် ဘာသာတရားဖြစ်သည့်အပြင် Weeramantry အရိပ်အမြွက်ပြောခဲ့သကဲ့သို့ ဗုဒ္ဓဘာသာ၏အစောပိုင်းကျမ်းစာများတွင် သူ့အသက်သတ်ခြင်းကိုထပ်တလဲလဲတားမြစ်ထားသည့်အတွက် မိမိတို့ လက်တွေ့ကျကျမျှော်လင့်နိုင်သော စစ်အတွင်းပြုကျင့်လိုက်နာရမည့် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ တွင် မည်သို့သောအဆုံးအမများရှိသည်ကို မေးခွန်းထုတ်နိုင်ပါသည်။ လောကီကိုစွန့်ကာ တောထွက်၍ ဗုဒ္ဓ အဆုံးအမအတိုင်းလေ့လာကျင့်ကြံလိုသူများအတွက် ရဟန်းတော်များနှင့် သီလရှင်များပါဝင်သည့် သံဃာ့

အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ သံဃာ့အဖွဲ့အစည်းအတွက် ဝိနိယဟုခေါ်ဆိုသော "စည်းကမ်း"များကိုချမှတ်ထားပါသည်။ ဝိနည်းစည်းကမ်းများထဲမှ အရေးကြီးဆုံးစည်းကမ်းတစ်ခုမှာ သန္တေ သားလောင်းကိုလည်းကောင်း၊ လူကိုလည်းကောင်းသတ်ခြင်း၊ သတ်ရန်စီစဉ်ပေးခြင်း၊ ကိုယ့်ကိုကိုယ်သတ်သေ စေရန်တွန်းအားပေးခြင်း၊ သေခြင်း၏ကောင်းကျိုးများကိုပြောပြခြင်းစသည့် ရည်ရွယ်ချက်ရှိရှိ လူ့အသက် သတ်ခြင်းကိုတားမြစ်ထားခြင်းဖြစ်သည်။ (Vin.III.73) တိရိစ္ဆာန်ကိုသတ်ခြင်းသည် အပြစ်မကြီးလေးသော်လည်း ရဟန်းဖြစ်သည်နှင့်တပြိုင်နက် "ရဟန်းသည် ပုရွက်ဆိတ်တစ်ကောင်ပင်ဖြစ်စေ သက်ရှိသတ္တဝါ၏အသက်ကို ရည်ရွယ်ချက်ရှိစွာမသတ်သင့်" ဟုဆိုထားပါသည်။ (Vin.I.97,Vin.IV.124-125) စစ်နှင့်ပတ်သက်သော စီးပွားရေး ပြုလုပ်ခြင်းနှင့် သူတစ်ပါးအသက်သတ်ခြင်းကိုလည်း တားမြစ်ထားသည်။ စစ်ပွဲ၊ စစ်ရေးလေ့ကျင့်မှုများကို ကြည့်ရှုခြင်း၊ စစ်သည်တော်များနှင့်အတူနေထိုင်ခြင်း၊ စစ်ဆင်ရေးများအကြောင်းဆွေးနွေးခြင်းစသည်တို့ကို မပြုလုပ်ရပေ။ (Dn.I.7 and 178, Harvey 2000, 254) နောက်ပိုင်းမှတဖြည်းဖြည်းတိုးတက်ဖြစ်ပေါ်လာသည့် စစ်သူကြီးဘုန်းကြီး၊ စစ်သားဘုန်းကြီးကိစ္စနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများဆိုင်ရာ မှတ်သားဖွယ် ချွင်းချက်များကိုလည်း မိမိတို့အနေဖြင့် ကြည့်ရှုသုံးသပ်သင့်ပါသည်။

> ဗုဒ္ဓက သက်ရှိသတ္တဝါများအားသတ်ဖြတ်ခြင်းကို ခွင့်ပြုခဲ့ကြောင်း မှတ်တမ်းတင်ထားသော မည်သည့် ဖြစ်ရပ်မျိုးမှမရှိပေ။ တစ်ရံခါရဟန်းတစ်ပါးသည် အာဏာပါးကွက်သားတစ်ယောက်ကို အပြစ်သားများအား ကွပ်မျက်ရာတွင် ကရုဏာတရားဖြင့်ကွပ်မျက်ရန်၊ နှိပ်စက်ညှင်းပန်းခြင်း မပြုဘဲတစ်ချက်တည်းနှင့် သေအောင်ကွပ်မျက်ရန်ပြောခဲ့စဉ်က ဗုဒ္ဓသည် ထိုရဟန်းကို သံဃာ့ အဖွဲ့အစည်းမှနှင်ထုတ်ခဲ့လေသည်။ အပြစ်သားခံစားရမည်စိုးသဖြင့် ညင်သာစွာသတ်ရန် အကြံပြုချက်ဖြစ်သော်လည်း ဗုဒ္ဓလုံးလုံးလက်မခံသည့် သူ့အသက်သတ်ရန်အကြံပေးမှုဖြစ် နေသည့်အတွက်ကြောင့် သံဃာ့အဖွဲ့အစည်းမှ နှင်ထုတ်ခံရခြင်းဖြစ်သည်။ ရဟန်းသည် သူတစ်ပါး တိုက်ခိုက်ခံခဲ့ရလျှင်မူ ဗုဒ္ဓကမိမိကိုယ်ကို ခုခံကာကွယ်သည့်အနေဖြင့် ပြန်လည် တိုက်ခိုက်ခွင့်ပြုခဲ့သည်။ သို့သော် သေစေလိုသည့် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း မပြုရပေ။ (Ṭhānissaro 2006)

Ṭhānissaro ထောက်ပြသကဲ့သို့ မိမိကိုယ်ကိုကာကွယ်နိုင်ရန် ပြန်လည်တိုက်ခိုက်ခွင့်ပြုသော်လည်း ယင်းကို တရားဝင်အားပေးခြင်းမျိုးတော့မဟုတ်ချေ။ ကကစူပမသုတ္တံ၏ 'လွှ'ဥပမာတွင် သေစေနိုင်လောက်သော တိုက်ခိုက်လာမှုတွင်ပင် ငဲ့ညှာသည့်မေတ္တာစိတ်ကို အတုယူထိုက်သောစိတ်ဓာတ်အဖြစ် ဖော်ပြထားသည်။ "ရဟန်းတို့ ယုတ်မာမှုရှိသောခိုးသူတို့သည် နှစ်ဖက်ရိုးရှိသောလွှဖြင့် အင်္ဂါကြီးငယ်တို့ကို အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊ ထိုသို့တိုက်ဖြတ်ခံရာတွင်လည်း စိတ်ပြစ်မှားသော သူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့်

ငါ၏အဆုံးအမကို လိုက်နာကျင့်သုံးသူမဟုတ်” (Mn.I.129) ထိုသို့သောအဆုံးအမမျိုးကို ခန္တိဝါဒီဇတ်တော်(no. 313, Jat.III.39–43) ၌လည်း တွေ့ရှိရပါသည်။ အတိတ်ဘဝတစ်ခုတွင် သည်းခံခြင်းအရာ၌ ဆရာတစ်ဆူဖြစ်ခဲ့သည့် ဘုရားအလောင်း (ပါဠိတွင် ဗောဓိသတ္တ၊ သက္ကတတွင် ဗောဓိသတ္တ)သည် သူ၏ခန္ဓာကိုယ်ကို ကြမ်းတမ်းမောက်မာ သော ဘုရင်တစ်ပါးက အပိုင်းပိုင်းခုတ်ဖြတ်ခြင်းကို မတုန်လှုပ်သောငဲ့ညှာသည့် သည်းခံစိတ်ဖြင့် ခံခဲ့လေသည်။ (Harvey 2000, 105-107) မဟာယာန ဖြဟ္မဇာလသုတ်တွင်မူ ယခုလိုဆိုပါသည်။

> ဗုဒ္ဓ၏ တပည့်သာဝကအနေနှင့် တပည့် (သို့) တပည့်မသည် မိဘသေဆုံးသွားသည်ကိုတောင်မှ လက်တုံ့ မပြန်ရပေ၊ လက်တုံ့ပြန်ခွင့်မရှိပေ၊ သက်ရှိသတ္တဝါများကို သတ်ရာတွင်အသုံးပြုရသည့် မည်သည့်လက်နက်ကိရိယာမျိုးကိုမှ ကိုင်ဆောင်ခွင့်၊ သိမ်းထားခွင့်မရှိပါပေ။ အကယ်၍ ရည်ရွယ်ချက်ရှိရှိ ထိုသို့ပြုလုပ်လျှင်မူ ထိုသူသည်အလယ်အလတ်အဆင့်ရှိသော အပြစ်အာပတ် ကို လွန်ကျူးခြင်းပင်ဖြစ်သည်။ (Buddhist Text Translation Society)

မည်သို့ပင်ဆိုစေ အရေးကြီးသောအချက်အနေဖြင့် အကြမ်းဖက်မှု၏အန္တရာယ်ကို ဆီလျော်သောကျင့်ဝတ်ဖြင့် အသိအမှတ်ပြုခြင်းအား တွေ့ရပါသည်။ ဝိနည်းတော်တွင် အရှင်အဿဇိနှင့် အရှင်ပုနဗ္ဗသုတို့၏ နောက်လိုက်နောက်ပါရဟန်းများ၏ ဆိုးရွားစွာပြုမူပုံနှင့် ဝိနည်းမလိုက်နာပုံများကို ဖော်ပြထားသည်။ ထို့ကြောင့် ဗုဒ္ဓသည် ထိုရဟန်းများအား နှင်ထုတ်ခြင်းအမှု-ပဗ္ဗာဇနိယကံပြုလုပ်ရန် သူ၏သာဝကကြီးများဖြစ်သော အရှင်သာရိပုတ္တရာ နှင့် အရှင်မောဂ္ဂလာန်တို့ကို စေလွှတ်ခဲ့ပါသည်။ ထိုရဟန်းများသည် ကြမ်းတမ်းပါကုန်၏ ခက်ထန်ပါကုန်၏။ ထို့ကြောင့် ကံပြုရန် ခက်ခဲမည်ဖြစ်ပါသည်ဟု အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့က ပြန်လည်လျှောက် သောအခါ ဗုဒ္ဓက များစွာသောရဟန်းများကို အတူခေါ်ဆောင်သွားရန် မိန့်တော်မူသည်။ ဤဖြစ်ရပ်တွင် ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုကြောင့် ဖြစ်လာနိုင်သော ခြိမ်းခြောက်မှုကို အကြမ်းမဖက်သည့်ဘက်မှ အင်အားကြီးမားမှုကိုပြခြင်းအားဖြင့် ဟန့်တားခြင်းဖြစ်သည်။ ဝိနည်းစည်းကမ်းကိုမလိုက်နာလျှင် သံဃာ့ အဖွဲ့အစည်းမှနှင်ထုတ်ခြင်းမှ နှုတ်ဖြင့်အပြစ်တင်ရှုံ့ချခြင်းအထိ အပြစ်ဒဏ်အမျိုးမျိုးရှိသည်။ သို့သော် ကိုယ်ခန္ဓာကို ညှင်းပန်းနှိပ်စက်သည့် မည်သည့်ပြစ်ဒဏ်မျိုးမျှ မပါဝင်ပေ။

ဝိနည်းများကို တစုတစည်းတည်းစုစည်းသည့်အချိန်မှစကာ နှစ်ပေါင်း ၂၅၀၀ ကျော်တိုင်အောင် အသုံးပြုနိုင်ဆဲပင်ဖြစ်သည်။ ၎င်းတွင် စည်းမျဉ်းစည်းကမ်းများ၊ ဆုံးဖြတ်ချက်များအပြင် ထိုစည်းကမ်းများကို လက်တွေ့အခြေအနေနှင့်အညီ ကျင့်သုံးစေရန် ရေးသားထားမှုများလည်းပါဝင်နေပါသည်။ လက်တွေ့ကျကျ လေ့လာကျင့်သုံးရမည့် ဥပဒေသတစ်မျိုးပင်ဖြစ်ပါသည်။ ဝိနည်းချိုးဖောက်နိုင်ခြေ တစ်ခုချင်းဆီကို ခေတ်သစ်သိပ္ပံနည်းကျဥပဒေလေ့လာနည်းတွင် အသိအမှတ်ပြုထားသည့် လက္ခဏာ(၅)ရပ်နှင့် ဆန်းစစ်ပါသည်။ အာပတ်သင့်

လောက်သည်အထိ အားထုတ်မှုပါဝင်သလား။ ဖြစ်ရပ်တွင် အပြုခံအရာဝတ္ထုသည် အာပတ်သင့်စေနိုင်သည့် အခြေအနေကိုဖြစ်စေနိုင်ပါသလား။ (ဥပမာ - လူသတ်မှုကိစ္စမျိုးတွင် အသတ်ခံရသူသည် လူသားစင်စစ်ဟုတ်ပါသလား) သတ်သည်ဟု စွပ်စွဲခံရသူက သူသတ်လိုက်သောသူသည် လူသားစစ်စစ်ဖြစ်ကြောင်း သိပါသလား။ သတ်လိုစိတ် သေစေလိုစိတ် ရှိပါသလား။ သတ်လိုသည့်ရည်ရွယ်ချက်အတိုင်း အထမြောက်သွားပါသလားဆိုသည့် အချက်များကို ဆန်းစစ်ရမည်ဖြစ်သည်။ (Ṭhānissaro 2013) ယင်းသည် ဗုဒ္ဓဘာသာအသိုင်းအဝန်းအတွင်း ဥပဒေဖွံ့ဖြိုးတိုးတက်မှုကို သိမြင်စေသကဲ့သို့ အဖွဲ့အမျိုးမျိုးကြား ပဋိပက္ခအခြေအနေများကို ဖြေရှင်းသည့် နည်းလမ်းများဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာစည်းမျဉ်းများနှင့် သက်ဆိုင် နေပါတော့သည်။

## လူ့ကျင့်ဝတ်

သံဃာ့အဖွဲ့အစည်းအတွက် စစ်မှန်သောဗုဒ္ဓစာပေအများစုကို သံဃာများက ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ ခြွင်းချက်အချို့ရှိသော်လည်း စစ်ပွဲဟူသည် လူဝတ်ကြောင်များမှ (သံဃာ့အဖွဲ့အစည်းမှ မဟုတ်သောသူများ) ပြုလုပ်လေ့ရှိပြီး အုပ်ချုပ်သူများ၊ စစ်မှုထမ်းများနှင့် အများဆုံးသက်ဆိုင်ပါသည်။ လူဝတ်ကြောင်များသည် ဝိနည်းစည်းကမ်းအချို့နှင့် ကျွမ်းဝင်မှုရှိနိုင်ကာ ထိုဝိနည်း စည်းကမ်းများကို စောင့်ထိန်းရန်မလိုအပ်သော်လည်း အခြေခံငါးပါးသီလကိုမူ စောင့်ထိန်းကြရမည်ဖြစ်သည်။ ငါးပါးသီလ၏ ပထမဆုံးသီလသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။ လောကီဘဝနှင့် နိဗ္ဗာန်သို့ ဖြောင့်တန်းစွာမသွားနိုင်ဆိုသည့်အမြင်ကို ဗုဒ္ဓကျမ်းစာ များကထင်ရှားစေပါသည်။ (Mn.II.55) ရဋ္ဌပါလသုတ္တံ (Mn.II.54-74) တွင် လူဝတ်ကြောင်ဘဝသည် ကာမဂုဏ် အာရုံများခံစားရင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ကာ ရှင်သန်နေထိုင်နိုင်သည်ဟုဆိုသည်။ ထိုသို့ရှင်သန် နေထိုင်ခြင်းမျိုးသည် ဗုဒ္ဓဘာသာ၏အန္တိမပန်းတိုင်ဖြစ်သည့် တဖန်ပြန်လည်မွေးဖွားခြင်းမှလွတ်ကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်းမဟုတ်ဘဲ ကောင်းသော၊မြင့်မြတ်သောဘုံဌာနများတွင် ပြန်လည်မွေးဖွားရန်ဦးတည်သည့် သံသရာဘဝစက်ဝန်းသာဖြစ်သည်။[8]

အကြောင်းအရာများစွာအတွက် ဗုဒ္ဓစာပေတွင် စစ်ကျင့်ဝတ်နှင့်လူ့ကျင့်ဝတ်များအကြောင်းဆိုင်ရာ အချက်အလက်များပါရှိပါသည်။ ပထမအနေဖြင့် သံဃာ့အဖွဲ့အစည်းနှင့် ဒေသခံလူမှုအဖွဲ့အစည်းအကြား သဟဇာတရှိစေရန်နှင့် စိတ်ဓါတ်အဆင့်အတန်း မည်သို့မြင့်မားလာစေနိုင်သည်ဟူသော အကြောင်းအရာများအတွက် စည်းမျဉ်းများ၊ လမ်းညွှန်ချက်များကို ဝိနည်းက ထောက်ပံ့ပေးသည်။ ဝိနည်းနှင့် အခြားဆက်စပ်ကျမ်းစာများကို အသေးစိတ်ဖွင့်ပြထားချက်များသည် ထိုဝိနည်းစည်းမျဉ်းများကို လက်တွေ့ဆုံးဖြတ်ကြရာတွင်

အရေးပါသည်။ ထို့ကြောင့် ထိုအသေးစိတ်ဖွင့်ပြထားချက်များသည် ဗုဒ္ဓဘာသာဝင် အားလုံးနှင့်သက်ဆိုင်သော ကျင့်ဝတ်များကို ပိုမိုကောင်းမွန်စေမည့် အဖိုးတန်ကျမ်းစာရင်းမြစ်များဖြစ်သည်။ ဒုတိယအားဖြင့် ဝိနည်းမှလွဲ၍ အခြားဗုဒ္ဓကျမ်းစာများသည် လက်တွေ့ကျင့်သုံးရမည့်သီလကျင့်ဝတ်များကို အထူးအလေးပေးထားကြပြီး စစ်ပွဲကျင့်ဝတ်အပါအဝင် ကျင့်ဝတ်ပိုင်းဆိုင်ရာအပြုအမူနှင့်ပတ်သက်၍ များပြားပြည့်စုံသော အချက်အလက်များ ကိုပေးပါသည်။ တတိယအားဖြင့် သမိုင်းစဉ်တလျှောက်လုံးတွင် အန္တရာယ်ကြီးသောအင်အား အသုံးပြုရာတွင် လည်းကောင်း၊ စစ်ပွဲများဆင်နွှဲခြင်းရာတွင်လည်းကောင်း အာဏာအသုံးပြုခြင်းကို ပိုမိုကောင်းမွန်စေရန်နှင့် သြဇာလွှမ်းမိုးမှုရှိစေရန် နည်းလမ်းရှာဖွေနေသူများ အတွက်အပြင် အာဏာရှင်များအတွက် စည်းမျဉ်းတချို့ကို သီးသန့်ကျင့်သုံးနိုင်သည်။

ထိုတတိယအချက်ကို ယာယီမျှသာဖြစ်သော၊ မတည်မြဲသောအာဏာကို ပိုမိုကောင်းမွန်စွာ အသုံးချတတ်စေရန်နှင့် သြဇာလွှမ်းမိုးမှုရှိစေရန် ဗုဒ္ဓတရားတော်များနှင့် ဝိနည်းစည်းကမ်းများကို အသုံးချခြင်းဟုလည်း သတ်မှတ်နိုင်သည်။ သမိုင်းတလျှောက်လုံး ဗုဒ္ဓကိုယ်တိုင်မှအစပြုကာ ရဟန်းတော်များသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများကို လမ်းညွှန်မှုပေးသူများအဖြစ် ထိုတတိယအချက်တွင် တွေ့မြင်နိုင်သည်။ ဆိုလိုသည်မှာ အစောပိုင်းဗုဒ္ဓစာပေများတွင် သံဃာ့အဖွဲ့အစည်းနှင့် လူဝတ်ကြောင်များအတွက် ရည်ရွယ်သည့် အဆုံးအမများ အပြင် အာဏာရှိသူများအတွက် လမ်းညွှန်ချက်များစွာလည်းပါဝင်သည်။ အစောပိုင်းခေတ်များတွင် ထိုအဆုံးအမများသည် ယေဘုယျပုံစံဖြစ်နိုင်သော်လည်း ဗုဒ္ဓယဉ်ကျေးမှုထုံးတမ်း စဉ်လာများတွင် ယင်းတို့ကို ပို၍အသေးစိတ်ကျကျ လေ့လာမှုပြုထားသည့် ဘာသာရပ်တစ်ရပ်၊ သီးသန့်စာပေတစ်ရပ်အဖြစ် အချိန်နှင့်အမျှ တိုးတက်လာခဲ့သည်။ ထိုလမ်းညွှန်မှုအများစုသည် အုပ်ချုပ်သူများက ၎င်းတို့၏အာဏာကို ကျွမ်းကျင်လိမ္မာစွာ အသုံးပြုတတ်စေရန်ဖြစ်သည်။

## လူ့သဘော လူ့မနောနှင့် အပြန်အလှန်မှီတည်မှု

IHL ၏ အခြေခံအုတ်မြစ်သည် မိမိတို့၏လူ့သဘာဝကို တန်ဖိုးထားခြင်းနှင့် အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။[9] ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်များမှ မီးမောင်းထိုးပြနေသည့် တစ်ခုတည်းသောစည်းမျဉ်းသည် လူတိုင်းလူတိုင်း ဒုက္ခကိုရှောင်လွှဲချင်ကြကာ သုခကိုသာခံစားချင်ကြသည့်အတွက် အခြားသူများကိုလည်း မိမိကိုယ်တိုင်နှင့်နှိုင်းယှဉ်ကာ ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံသင့်ကြောင်းဖြစ်သည်။ (Sam. V. 353-354) မိမိတို့အားလုံး တန်းတူတွေ့ကြုံခံစားရသည်ဟူသော သဘောတရားကိုအခြေခံ၍ မဟာယာနသုတ္တံများတွင် အဓိကကျသော *သမတာ* - "တန်းတူညီမျှခြင်း" ဟူသည့် အဆုံးအမဖြင့် ထိုစည်းမျဉ်းကို ပိုမိုပြည့်စုံစေပါသည်။ အတိတ်ကောင်းမှုကံများကြောင့် ရရှိလာသော လူသားဘဝသည် ရှားပါးသောအခွင့်အရေးဖြစ်ကာ သီလနှင့် ဘာဝနာပိုင်း တိုးတက်စေရန် အဖိုးတန်သောအခွင့်အရေးဖြစ်သည့်အတွက် လူသားဖြစ်ခြင်းသည် ပို၍အဖိုးတန်

သော်လည်း အားလုံးတန်းတူကြုံတွေ့ရသည့် ထိုသဘောတရားတွင် လူသားများသာမဟုတ်ဘဲ သက်ရှိသတ္တဝါများ အားလုံးလည်း အကျုံးဝင်ပါသည်။ (Mn.III.169; Harvey 2000, 30)

> *ဗောဓိစရိယာဝတာရ*ကျမ်းတွင် သတ္တဝါအားလုံး၏ ပျော်ရွှင်မှုကိုလိုလားကြ၍ ဆင်းရဲမှုကို မလိုလားကြသည့် စိတ်ဆန္ဒတူညီကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ပျော်ရွှင်ခြင်းကို မိမိ နှစ်သက်သကဲ့သို့ အခြားသူများလည်း နှစ်သက်ကြသည်။ ထို့ကြောင့် မိမိတစ်ဦးထဲ ပျော်ရွှင်ရန် ကြိုးစားလျှင် အဘယ်မှာအကျိုးရှိပါမည်နည်း။ ဆင်းရဲဒုက္ခနှင့်အကြောက်တရားကို မိမိမနှစ်သက် သကဲ့သို့ အခြားသူများလည်း မနှစ်သက်သည့်အတွက် မိမိကိုယ်ကိုသာ ကာကွယ်ဖို့ ကြိုးစားလျှင် အဘယ်မှာအကျိုးရှိပါမည်နည်း။ အခြားသူများ၏ ဆင်းရဲဒုက္ခသည် မိမိနှင့် မသက်ဆိုင်သည့် အတွက်ကြောင့် ထိုဆင်းရဲဒုက္ခရောက်သူများကို အကာအကွယ်မပေးခြင်း ဖြစ်သည်ဟုဆိုလျှင် မိမိ၏ အနာဂတ်တွင်ဖြစ်လာမည့် ဆင်းရဲဒုက္ခများသည်လည်း ယခုမိမိနှင့် မသက်ဆိုင်သေး သည်ကို အဘယ်ကြောင့်ကြိုတင်ကာကွယ်ရမည်နည်း။ (Bca.8, vv. 95–97, translation Crosby and Skilton 1995, 96)

ယနေ့ခေတ်ဗုဒ္ဓဘာသာဆရာများ ဟောပြောကြသည့် ယင်းတန်ဖိုးများအကြောင်းကို မိမိတို့ တွေ့မြင်နိုင်သည်။ ဗောဓိစရိယာဝတာရ၏ လွှမ်းမိုးမှုရှိသော ဒလိုင်းလားမားက မိမိတို့သည် "ကမ္ဘာလုံးဆိုင်ရာမိသားစု" ဖြစ်ကြသည်။ လိုအပ်ချက်ကြောင့် "အများဆိုင်ရာတာဝန်ယူမှု" အသိစိတ်ဓါတ်မျိုးမွေးမြူရမည်ဖြစ်သည်။ (Piburn 1990, 17) "၎င်းသည် ကမ္ဘာလုံးဆိုင်ရာမိသားစုကို ဂရုစိုက်ရန်ကာကွယ်ရန်၊ အားနည်းသောအဖွဲ့ဝင်များကိုဖေးမရန်နှင့် မိမိတို့ နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်သည် မိမိတို့၏ အဖွဲ့လိုက်နှင့် တစ်ဦးချင်း တာဝန် ဖြစ်သည်" (Piburn 1990, 114) ဟုဆိုသည်။ IHL တွင်မူ ဒဏ်ရာရသူများ၊ နာဖျားသူများ၊ နေရပ်စွန့်ခွာရန် ဖိအားပေး ခံရသူများ၊ လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်စပ်၍ ထိန်းသိမ်းခံရသူများကို ပြုမူဆက်ဆံရာတွင် ထိုအသိစိတ်ဓာတ်မျိုး ကို အသုံးချရပါမည်။ ထို့အပြင် စစ်ကြောင့်ထိခိုက်ဆုံးရှုံးရသည့် နယ်ပယ်အားလုံးကို ထောက်ပံ့ပေးသည့် အခြေအနေများတွင်လည်း ထိုအသိစိတ်ဓါတ်မျိုးဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

ဗုဒ္ဓသည် သာကီဝင်မျိုးများနှင့် အခြားတိုင်းပြည်ကြား စစ်ဖြစ်ပွားမည်ကိုကာကွယ်ရန် ကြားဝင်ဖြေရှင်း ပေးခဲ့သည်။ မိမိတို့၏ လူ့သဘာဝကိုတန်ဖိုးထားခြင်းနှင့်အသိအမှတ်ပြုခြင်းသည် အောက်ပါဇတ်တော်မှ ပြောပြ လိုသည့်အချက်ဖြစ်သည်။ စိုက်ပျိုးရေးအတွက် အသုံးပြုနေသော မြစ်ရေလျှော့နည်းလာခြင်းနှင့် ပတ်သက်၍ လယ်သမားနှစ်အုပ်စုစတင် အငြင်းပွားခဲ့ကြသည်။ ထိုအငြင်းပွားမှုသည် စစ်ပွဲဖြစ်မည့်အနေအထားသို့ အရှိန်မြင့် လာသောအခါ ဗုဒ္ဓသည် နှစ်ဘက်စလုံး၏ စစ်ခေါင်းဆောင်များကို စုရုံးစေပြီး သင်တို့သည် တန်ဖိုးကြီးမားသည့် စစ်သည်တော်များ၏အသက်များကို တန်ဖိုးနည်းသည့် ရေအတွက် စတေးမည်လောဟု စည်းရုံးကာ ကြားဝင် ဖြေရှင်းပေးခဲ့သည်။ (Dhp-a. III. 254-256; Jat.V. 412-414; Deegalle 2014, 567-569)[10]

ရန်သူများအပေါ်၌ပင်လျှင် လူ့သဘောသဘာဝကိုသိရှိနားလည်အသိအမှတ်ပြုပေးခြင်းသည် ၁၉၉၆ခုနှစ် နိုဘယ်လ်ဆုအတွက် လျာထားခြင်းခံခဲ့ရသည့် ရဟန်းတော်အရှင်မဟာဂေါသာနန္ဒ(၁၉၁၃-၂၀၀၇)၏ အောင်မြင်မှုအတွက်အရေးပါခဲ့သည်။ ကမ္ဘောဒီးယား ပြည်တွင်းစစ်အကြောင်း ကုလသမဂ္ဂမှပြုလုပ်သော ငြိမ်းချမ်းရေး စကားဝိုင်းများတွင် သူက ကြားဖြတ်အစိုးရတွင် Khmer Rouge အဖွဲ့အားလက်ခံခြင်းအားဖြင့် အကြမ်းမဖက်ခြင်း နှင့်စေ့စပ်ပြေငြိမ်းရန် အောက်ပါစကားဖြင့် တိုက်တွန်းခဲ့သည်။ "မိမိတို့သည် ဉာဏ်ပညာနှင့် ကရုဏာတရား နှစ်ပါးစလုံးရှိရမည်ဖြစ်သည်။ မိမိတို့သည် လုပ်ရပ်ကိုရှုံ့ချနိုင်သည်။ သို့သော် ထိုလုပ်ရပ်ကိုပြုလုပ်သူကို မမုန်းပါနှင့်။ လူသားအားလုံးအတွက် ငြိမ်းချမ်းရေးအတွက် မိမိတို့လုပ်နိုင်သမျှ အရာအားလုံးကို မေတ္တာတရားဖြင့် ပြုလုပ်ရမည် ဖြစ်သည်။ ထိုမှတစ်ပါး အခြားနည်းလမ်းမရှိချေ" (Ghosananda 1992, 20-21) အရှင်မဟာဂေါသာနန္ဒ၏ အခြားမိန့်ဆိုချက်များသည်လည်း လူသားတန်းတူညီမျှမှုအပေါ် အလေးထားသော အကျိုးများကို ထင်ဟပ်စေ ပါသည်။

> ပဋိပက္ခကို အဆုံးသတ်ရန်ဖြစ်သည်။ ရန်ဘက်ကိုမဟုတ်ပေ။ ထိုအချက်သည် အရေးကြီးပါသည်။ ပြိုင်ဘက်ကို မိမိတို့လေးစားရပါမည်။ သူ(သို့မဟုတ်)သူမ၏ လူသားသဘာဝ (လူသားဆန်မှု)ကို အကြွင်းမဲ့ယုံကြည်ရမည်။ မောဟကြောင့်သာ မကောင်းမှုများဖြစ်လာရသည်ကို နားလည်ရမည်။ တစ်ယောက်နှင့်တစ်ယောက် အကောင်းမြင်လျှင် မိမိတို့သည် ငြိမ်းချမ်းမှုကိုခံစားရမည်ဖြစ်သည်။ ဂန္ဒီက ထိုအခြေအနေကို "နှစ်ဦးနှစ်ဘက်ပါဝင်သော အောင်မြင်မှု" ဟုခေါ်ဆို ခဲ့သည်။ (ibid. 62)

အရှင်မဟာဂေါသာနန္ဒ၏ မိန့်ဆိုချက်များသည် ငြိမ်းချမ်းရေးခေါင်းစဉ်အောက်မှဖြစ်သည့်အတွက် ၎င်းင်းတို့သည် IHL နှင့် သက်ဆိုင်နေပါသည်။ ထို့ကြောင့် တိုက်ပွဲဝင်စစ်သည်များသည် လူတို့၏ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် ပြုလုပ်ခြင်းအားဖြင့် စစ်ပွဲကိုအနိုင်ရရှိရန် ဦးတည်ချက်ထားသင့်ပါသည်။ မုချလက်စားချေခြင်းထက် စည်းမျဉ်းများလိုက်နာရန်နှင့် ရန်သူကို သတ်ဖြတ်ရန်မဟုတ်ဘဲ စစ်ပွဲကိုအနိုင်ရရှိရန် ဦးတည်ချက်ထားသင့် ပါသည်။ သူ၏ ဟောပြောချက်သည် ရှေးက IHLကို ချိုးဖောက်မှုများအား တာဝန်ခံမှုအကြောင်းကို သီးခြား နည်းလမ်းဖြင့် အရိပ်အမြွက်ပေး အကြံပြုထားပါသည်။

ကမ္မ၊ ကံ - ဟူသည် တစ်ဦးတစ်ယောက်အနေဖြင့် စေတနာထက်သန်စွာ ယခုပြုလုပ်လိုက်သော လုပ်ဆောင်ချက်ကြောင့် ထိုသူ၏ အနာဂတ်နှင့် နောက်ဘဝများအပေါ် အကျိုးပေးသောသဘောဖြစ်သည်။ ထိုကံဟူသော တရားဒေသနာတော်သည် ဗုဒ္ဓဘာသာ၌ သဗ္ဗေသတ္တာဟုဆိုသည့်အတိုင်း ရန်သူဟု ယူဆရသူများ အပေါ်၌ပင်လျှင် လူ့သဘောသဘာဝကို နားလည် အသိအမှတ်ပြုပြီး ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသည့် တိုက်တွန်းချက်တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ စကြာဝဠာဗေဒ အရ လူ့ဘုံ၊ နတ်ဘုံ၊ တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနှင့် ငရဲဘုံ စသည့် ဘုံဌာန(၅)ခုတို့ထဲမှ တစ်ခုခုတွင် ဘဝတဖန်ပြန်လည် မွေးဖွား ရမည်ဖြစ်သည်။ လူ့ဘုံ၊ နတ်ဘုံတို့ကို

ကောင်းသောဘုံဌာနဟု သတ်မှတ်ကြ၍ ရှေးကပြုခဲ့သောကုသိုလ်ကံများ အကျိုးပေးမှုကိုပြသည်။ တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနှင့် ငရဲဘုံတို့ကို မကောင်းသောဘုံများဟု သတ်မှတ်ကြ၍ ရှေးကပြုခဲ့သော အကုသိုလ်ကံများ အကျိုးပေးမှုကို ပြသည်။ မိမိတို့သည် ထိုဘုံများတွင် ကြိမ်ဖန်များစွာ ကျင်လည်နေကြသည်ဖြစ်သဖြင့် မည်သည့် အခြားသက်ရှိများနှင့်မဆို ရှေးဘဝများတွင် ရင်းနှီးစွာ ပတ်သက်ကောင်းပတ်သက်ခဲ့နိုင်ပါသည်။ (Sam.II.189-190) ယခုဘဝတွင် မိမိတို့ ရှင်သန်ရာဝန်းကျင် အသိုက်အဝန်းသည် ရှေးဘဝကျင်လည်ရာများနှင့် ကွဲပြားကောင်း ကွဲပြားမည်ဖြစ်သည်။ ထို့ကြောင့် အခြားလူမျိုးစုများ၊ ဘာသာတရားများ၊ နိုင်ငံများ သို့မဟုတ် ပဋိပက္ခတွင် ပြိုင်ဘက်အဖွဲ့များသည် အတိတ်ဘဝအချို့တွင် အမျိုးအဆွေ သော်လည်းကောင်း၊ မိတ်ဆွေကောင်း သော်လည်းကောင်း ဖြစ်နိုင်ခဲ့ကြသကဲ့သို့ အနာဂါတ်ဘဝတို့တွင်လည်း ထိုသို့တော်စပ်နိုင်ချေရှိပါသည်။ ထိုရှုပ်ထွေးသောဆက်နွယ်မှုများသည် သာမာန်လူအဖို့ နားလည်ရန်ခက်ခဲပါသည်။ လူတစ်ဦးကို ပြုမူလုပ်ဆောင်စေရန် နောက်ကွယ်မှ လှုံ့ဆော်ပေးသောအခြေအနေနှင့် ထိုလုပ်ဆောင်ချက်များမှ ဖြစ်ပေါ်လာသည့် ကံ၏အကျိုးများကို ဗုဒ္ဓသည်သာအလုံးစုံသိမြင်နိုင်ပါသည်။ သို့သော်လည်း ထိုသဘောတရားကို သတ္တဝါအားလုံးအပေါ် လေးစားရန်နှင့် ဂရုဏာတရားထားရန်အပြင် ပဋိပက္ခအတွင်း ကျင့်ဝတ်ကိုလျှော်ညီအောင်စောင့်ထိန်းခြင်း အတွက် အခြေခံအဖြစ် သဘောပေါက်နားလည်ရမည်ဖြစ်သည်။

အထူးသဖြင့် အကူအညီလိုအပ်သော လက်နက်ကိုင်ပဋိပက္ခ၏ ဒုက္ခသည်များကို ဦးစားပေး ကူညီရန်နှင့် စပ်လျဉ်း၍ လူသားချင်းစာနာထောက်ထားမှုသဘောတရား၏ အခြေခံလူသားချင်းစာနာမှု အကျိုးဆက်သည် ဘက်မလိုက်မှု (သမာသမတ်ကျမှု၊ တန်းတူညီမျှဖြစ်မှု)ကို ဖြစ်စေပါသည်။ ဗုဒ္ဓဘာသာတွင် ဥပေက္ခာတရားနှင့် သမတာ-ဘက်မလိုက်ခြင်းတရားသည် မေတ္တာတရား၊ ကရုဏာတရားတို့နှင့်အတူ အလေးထားခြင်းခံရပါသည်။ ၎င်းတို့ကို အကောင်းမြင်ခြင်းတရား(၄)ပါးနှင့် စပ်လျဉ်းကာ အောက်တွင်မြင်ရမည်ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘာသာ၏ “အဆွေခင်ပွန်းရခြင်းအကြောင်း” (သံဂဟဝတ္ထု) (၄) ချက်တွင် စတုတ္ထမြောက်အချက်သည် “မိမိနှင့်ကိုယ်တူပြုခြင်း” (သမနတ္တတာ)ဖြစ်သည်။ (Dn.III.152,232; An. II. 32, 248; An. IV. 218, 363; Harvey 2000, 109-110) မဟာယာန၏ ထင်ရှားသော ဝိမလကီရတိ-နိဒ္ဒေသသုတ္တံ (Vimalakīrti-nirdesa Sūtra)တွင် ပြင်းထန်သော စစ်ပွဲများအတွင်း ဗောဓိသတ္တတို့သည် (ဗောဓိသတ္တ = သတ္တဝါအများ ကို သံသရာနှင့် ဝဋ်ဆင်းရဲမှ ကယ်တင်ရန်ဗုဒ္ဓဖြစ်ကြောင်းလမ်းစဉ်ကို ကျင့်ကြံနေကြသော သူတော်စင်များ) မည်သည့်ဘက်ကိုမှုပို၍ အလေးပေးမှုမရှိကြောင်း”ဆိုပါသည်။ ကြီးကျယ်မြင့်မြတ်သော ဘုရားအလောင်းများသည် လူအများညီညွတ်စေရန်၊ သဟဇာတ ဖြစ်စေရန် ပြုလုပ်ရခြင်းကို နှစ်သက်ကြပါသည်။ (Chapter 7, Section 6, v. 27, Lamotte 1976, 185) ၎င်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားရေး လှုပ်ရှားမှုဖွဲ့ဝင်များနှင့် အခြားလူသားချင်းစာနာ ကူညီပေးသည့် အဖွဲ့အစည်းများကဲ့သို့ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်အတွင်း တက်ကြွစွာကူညီပေးကြသည့် တတိယ အင်အားစုများတွင် ဥပေက္ခာတရားနှင့် သမတာ-ဘက်မလိုက်ခြင်းတရားများလိုအပ်ခြင်းနှင့် ဆက်စပ် နေပါသည်။

## လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးရမှုကို နည်းနိုင်သမျှနည်းစေခြင်း

ဗုဒ္ဓဘာသာ၏ပန်းတိုင်- နိဗ္ဗာန်သည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှင့် ၎င်းတို့ဖြစ်ကြောင်းများကို နားလည်ခြင်းနှင့် ပယ်သတ်ခြင်းပင်ဖြစ်သည်။ အခြေခံအားဖြင့် ဗုဒ္ဓဘာသာနှင့် IHL သည် ဆင်းရဲဒုက္ခကိုလျှော့ချရန် ဆိုသည့် ရည်ရွယ်ချက်ခြင်းတူညီပါသည်။ ဗုဒ္ဓဘာသာတွင် လောဘ၊ ဒေါသ၊ မောဟတို့တွင် မြစ်ဖျားခံသော ဒုက္ခ ဖြစ်ကြောင်းတရားများကို စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်နှင့် လုပ်ဆောင်ချက်များအဖြစ် သတ်မှတ်သည်။ ထိုအကုသိုလ် အရင်းအမြစ်များသည် မကောင်းသောအတွေးအကြံများ၊ မကောင်းသောလုပ်ရပ်များ၏ အခြေခံပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးရမှုများကို လျှော့နည်းစေရန် လူသား၏ ပကတိ စိတ်ပိုင်းဆိုင်ရာအခြေအနေကို ဆန်းစစ်လေ့လာခြင်းသည် ဗုဒ္ဓဘာသာ၏ အလွန်အလားအလာရှိသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ကနဦးမှ ယနေ့အထိ ဗုဒ္ဓဘာသာတွင် အဓိကဖြစ်သည့် ထိုအကုသိုလ်တရားများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ကုသိုလ်တရားစုများမှ လူမှုဆက်ဆံရေးသဟဇာတဖြစ်စေရန်နှင့် ပျော်ရွှင်စေရန် ဆောင်ကျဉ်းပေးရာတွင် အဆင့် (၄) ဆင့်ရှိပါသည်။

- မေတ္တာတရား (Pali mettā, Sanskrit maitrī) - သတ္တဝါတို့၏ သဘောသဘာဝသည် မည်သို့ပင် ဖြစ်စေ၊ ရန်သူဟုသတ်မှတ်ထားသူများအပါအဝင် မလိုမုန်းထားသူများ၏ ပျော်ရွှင်မှုကောင်းကျိုး ချမ်းသာကို လိုလားသည့် သဘော။ ယင်း၏ စံသဘောထားသည် မိခင်သည် မိမိရင်သွေးအပေါ် ထားသည့် ဂရုစိုက်မှုနှင့် ချစ်ခြင်းတရားဖြစ်သည်။
- ကရုဏာ (karuṇā) - သတ္တဝါအားလုံး၏ ဆင်းရဲဒုက္ခနှင့် ဆင်းရဲဒုက္ခဖြစ်ကြောင်းတရားများကို လျှော့နည်းစေလိုခြင်း၊ ဒဏ်ရာရသူများ၊ နာဖျားသူများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း နေရပ် စွန့်ခွာရသူများ၊ ဖမ်းဆီးခံရသူများကို ဂရုစိုက်ခြင်းနှင့် သက်ဆိုင်ပါသည်။ ၎င်းင်း၏ စံသဘောထားသည် နာမကျန်းဖြစ်နေသည့် ရင်သွေးကို ပြုစုစောင့်ရှောက် နေသည့်မိခင်၏ စာနာမှုနှင့် ကရုဏာတရားပင်ဖြစ်သည်။
- မုဒိတာ (muditā) - အခြားသူများ၏ အောင်မြင်မှုနှင့်  ပျော်ရွှင်မှုများအပေါ် ဝမ်းမြောက် ဝမ်းသာဖြစ်ခြင်း။ မနာလိုဝန်တိုခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အကြောင်းမဲ့ အကြမ်းဖက်မှု အန္တရာယ်နှင့် ပြိုင်ဘက်စစ်တပ်ကို ပျက်စီးအောင်ဖျက်ဆီးခြင်းတို့အား လျှော့ချရန်နှင့်သက်ဆိုင် ပါသည်။ ၎င်း၏ စံသဘောထားသည် မိမိ၏ရင်သွေး ကျန်းမာအောင်မြင် နေသည်ကို မြင်တွေ့ ရသည့် မိခင်၏ပျော်ရွှင်မှုမျိုးဖြစ်သည်။
- ဥပေက္ခာ (Pali upekkhā, Sanskrit upekṣā) – မိမိ၏ဘဝတွင်လည်းကောင်း၊ အခြားသူ၏ ဘဝတွင်လည်းကောင်း ကြုံရသည့်မည်သည့်ပျော်ရွှင်မှု၊ ဝမ်းနည်းမှုမျိုးမဆိုကို

တည်တည်ငြိမ်ငြိမ် တုန့်ပြန်ခြင်း။ တစ်ဘက်စောင်းနင်းမရှိဘဲ အားလုံးအပေါ် ညီတူညီမျှသဘောထားခြင်းဖြစ် သည်။ ခက်ခဲသောအခြေအနေမျိုးတွင် အောင်မြင်စွာလုပ်ဆောင်နိုင်ရန် ဉပေက္ခာနှင့် ဘက်မလိုက်မှု တို့သည် အဓိကအရေးပါသည်။

အရိယာမဖြစ်သေးသော မည်သူမဆို တစ်ခါတစ်ရံတွင် သူတို့၏လုပ်ရပ်များကြောင့် အခြားသူများကိုထိခိုက်စေနိုင် သော်လည်း အနည်းဆုံးတော့ ပုထုဇဉ်လူသားများသည် မိမိတို့ လုပ်ရပ်များကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများ ကို ဆင်းရဲဒုက္ခဖြစ်ပွားစေမှုနှင့် အန္တရာယ်ဖြစ်စေမှု နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်သင့်ကြောင်း အစောပိုင်း ဗုဒ္ဓဘာသာတရားတော်များက ရှင်းလင်းစွာဆိုထားပါသည်။ (ည. ၇၇. ၄၁၅ယ ည. ၇၇၇၇. ၁၁၄-၁၁၅) "ဤသတ္တဝါများသည် ရန်မရှိ၊ ကြောင့်ကြမှုမရှိ၊ ဆင်းရဲမှုမရှိကြကုန်ဘဲ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ကြ ပါစေ" ဟု အဓိပ္ပာယ်ရသော "ကမေ သတ္တာ အဝေရာ ဟောန္တု ။ အဗျာပဇ္ဈာ အနီဃာ သုခီအတ္တာနံ ပရိဟရန္တု" ဆိုသည့် ပါဠိစာသားသည် အထက်ပါရည်ရွယ်ချက်ကို ဖော်ပြပေးပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏ ပန်းတိုင်သည် သတ္တဝါများကို ဆင်းရဲဒုက္ခမှလွတ်မြောက်စေရန်ကြိုးပမ်းသည့် ဘုရားလောင်းလမ်းစဉ်ကို လိုက်နာကျင့်ကြံခြင်း ဖြစ်သည်။ အလယ်ပိုင်းဒေသ၊ ဟိမဝန္တာနှင့် အာရှအရှေ့ပိုင်းမှ ဗုဒ္ဓဘာသာဝင်များ လိုက်နာကျင့်သုံးကြသည့် ထိုမဟာယာနဗုဒ္ဓဘာသာ၏ အုတ်မြစ်သည် ကရုဏာတရားပင်ဖြစ်သည်။

## ဗုဒ္ဓဘာသာ၏ ပထမဆုံးသီလ - အကြမ်းမဖက်ခြင်းနှင့် သူတစ်ပါးအသက်သတ်ခြင်း၏ ကံအကျိုးဆက်

တစ်စုံတစ်ခုကိုသာ သတ်ခွင့်ပြုမည်ဆိုလျှင် မည်သို့သောသတ်ဖြတ်ခြင်းကို ခွင့်ပြုတော်မည်နည်းဟု အမေးရှိသော အခါ ဗုဒ္ဓက -

အမျက်ဒေါသကို သတ်သော် (ဖြတ်တောက်သော်) ချမ်းသာစွာ အိပ်ရသည်။

အမျက်ဒေါသကို သတ်သော် (ဖြတ်တောက်သော်) မစိုးရိမ်ရ။

အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျားရှိသော

အမျက်ဒေါသကို သတ်ခြင်းကို အရိယာတို့ ချီးမွမ်းကုန်သည်။

ထိုအမျက်ဒေါသကို ပယ်သတ်သည်ရှိသော် မစိုးရိမ်ရ (Sam. I. 41) ဟု ပြန်လည်ဖြေဆိုတော်မူပါသည်။

ဗုဒ္ဓဘာသာ၏အခြေခံနှင့် ငြင်းမရသောတန်ဖိုးသည် အကြမ်းမဖက်ခြင်းပင်ဖြစ်သည်။ "သူတစ်ပါးအသက်သတ်ခြင်း မှရှောင်ကြဉ်ပါ၏" ပါဠိဖြင့် "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"

ဟူသည့် ဗုဒ္ဓဘာသာဝင်များ အားလုံး စောင့်ထိန်းသင့်သော ထိုတန်ဖိုးကို ဗုဒ္ဓအဆုံးအမတွင် အဦးဆုံးနှင့် အရေးကြီးဆုံး ဖြစ်သော "သီလ" အဖြစ်ဖော်ပြထားပါသည်။ ဓမ္မိကသုတ် (Sn. v. 394) တွင် လူဝတ်ကြောင်သည် "သက်ရှိ သတ္တဝါကို မသတ်သင့် ကြောင်း၊ သေစေရန် အားမထုတ်သင့်ကြောင်း၊ အခြားသူကိုသတ်ရန်လည်း မတိုက်တွန်းသင့်ကြောင်း ဖော်ပြထား သည်။ အားကြီးသော၊ အားနည်းသော မည်သည့်သတ္တဝါကိုမျှ ဒဏ်ရာအနာတရဖြစ်အောင် မပြုလုပ်ရ" ဟု ဆုံးမထားသည်။ ထိုသီလကို စောင့်ထိန်းသော သူသည် "အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏ တုတ်၊ လက်နက်ကို ချပြီးဖြစ်သည်။ ရှက်ခြင်းရှိ၏။ သနားတတ်၏။ ခပ်သိမ်းသောသတ္တဝါများ၏ အစီးအပွားကို လိုလားသူ ဖြစ်သည်"ဟု ဆိုသည်။ (Mn.I.345, cf. Dn.I.4) အင်္ဂုတ္တရနိကာယ်တွင်လည်း

> ရဟန်းတို့ အရိယာပုဂ္ဂိုလ်သည် သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ် ၏။ အသက်သတ်ခြင်းကိုပယ်ခြင်းအားဖြင့် အရိယာပုဂ္ဂိုလ်သည် မရေတွက်နိုင်သောသတ္တဝါ အပေါင်းအား အကြောက်တရားမှ၊ ရန်ပြုခြင်းမှ၊ ဖိနှိပ်ချုပ်ခြယ်ခြင်းစသည်ဖြင့်တို့မှ လွတ်မြောက် စေနိုင်သည်။ ထို့အတူသူကိုယ်တိုင်သည်လည်း အကြောက်တရားမှရန်ပြုခြင်းမှ၊ ဖိနှိပ်ချုပ်ချယ် ခြင်းတို့မှ လွတ်မြောက်မှုကို ခံစားရနိုင်ပေသည်ဟု ထပ်မံဖွင့်ဆိုထားသည်။

လူ၊ တိရိစ္ဆာန်၊ ငှက်၊ ငါး သို့မဟုတ် အင်းဆက် စသည့် မည်သည့်သက်ရှိသတ္တဝါကိုမဆို ကိုယ်တိုင်ဖြစ်စေ၊ တစ်ပါးသူ ကိုညွှန်ပြ၍ဖြစ်စေ သေစေလိုစိတ်ဖြင့် သေအောင်ပြုလုပ်ပါက ထိုသူသည် ပထမသီလ ကျိုးပေါက်လေသည်။ ကံ၊ ကံ၏အကျိုး အားဖြင့် အသက်သတ်ခြင်းကိုကျူးလွန်သူ (သို့) ကျူးလွန်စေသူအား ယခုနှင့်နောက်ဘဝများတွင် ဆိုးရွားသော အကျိုးဆက်များကိုရစေပါသည်။[11] ပထမသီလ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် IHL ၏ စစ်ရာဇဝတ်များ မကျူးလွန်စေရန် သတိပေးတားမြစ်ခြင်းနှင့် ကျူးလွန်ပါက အရေးယူခံရမည်ဆိုသည့် တာဝန်ယူမှုနှင့် တူညီ နေပါသည်။ သတ်ဖြတ်မှုအားလုံးအတွက် အရာရှိများ (အမိန့်ပေးသူများ)သည် ကျင့်ဝတ်ပိုင်း အရတာဝန်ရှိသည်။ (သက်ဆိုင်သည့် ကံ၊ ကံ၏အကျိုးကိုလည်း ခံစားရမည်ဖြစ်သည်။)

ကျင့်ဝတ်သီလများတွင် ကိန်းအောင်းနေသော သဘောတရားကို ထင်ရှားကျော်ကြားပြီး ဘာသာအသီးသီး သို့ ဘာသာပြန်ဆိုကြသည့် ဓမ္မပဒတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ ဓမ္မပဒတွင် ဗုဒ္ဓတရားတော်များကို လိုရင်းတိုရှင်းဖော်ပြရန် ဆောင်ပုဒ်တိုများဖြင့် ရေးသားထားသည်။

အလုံးစုံသော သတ္တဝါတို့သည် အကြမ်းဖက်မှုကို ထိတ်လန့်ကုန်၏။ ၎င်းင်းတို့သည် မိမိတို့၏အသက်ကို ချစ်၏။ မိမိကိုယ်တိုင်နှင့်ယှဉ်ကာ သတ္တဝါတို့ကို မသတ်ဖြတ်ရာ။ သူတစ်ပါးအားလည်း သတ်ဖြတ်ရန်မစေခိုင်းရာ။ (v. 130, Harvey ၏ ဘာသာပြန်ဆိုချက်)

တရုတ်ပြည်တွင် အထူးအားကောင်းသော မဟာယာနဗုဒ္ဓဘာသာ၏ ဖြဟ္မဇာလသုတ်တွင် အကြမ်းမဖက်မှုနှင့်စပ်၍ ထပ်မံအသေးစိတ် ဟောကြားထားပါသည်။

> ဗုဒ္ဓ၏တပည့်သာဝကသည် ကိုယ်တိုင်မသတ်ဖြတ်သင့်ပေ။ သူများကိုလည်း သတ်ဖြတ်ရန် အားမပေးသင့်ပေ။ နည်းလမ်းပေးခြင်းအားဖြင့်သတ်ဖြတ်ခြင်း၊ သတ်ဖြတ်ခြင်းကိုအားပေးခြင်း၊ သတ်ဖြတ်ခြင်းကို ဝမ်းသာကျေနပ်ခြင်း (သို့) (အောက်လမ်း) ဂါထာမန္တရားများဖြင့် သတ်ဖြတ်ခြင်းတို့ကိုမပြုသင့်ပေ။ သူသည် သတ်ဖြတ်ခြင်းဖြစ်စေသည့်အကြောင်း၊ သတ်ဖြတ်ခြင်း အခြေအနေများနှင့် သတ်ဖြတ်ခြင်းနည်းလမ်းများ၊ သတ်ဖြတ်ခြင်းကိုပြုလုပ်ခြင်းတို့ကို မဖန်တီးရပေ။ ထို့အပြင် မည်သည့်သက်ရှိသတ္တဝါကိုမျှ သေစေလိုသောစိတ်ဖြင့် မသတ်ဖြတ်ရပေ။ ဗုဒ္ဓ၏တပည့်သာဝကအနေဖြင့် သူသည်ကရုဏာတရားနှင့် မိမိထက်ကြီးသူများကို လေးစားရိုသေစိတ်မွေးမြူသင့်သည်။ သတ္တဝါအများကို ကာကွယ်ရန်နှင့်ကယ်တင်ရန် နည်းလမ်းများကို အမြဲရှာဖွေသင့်သည်။ သို့မဟုတ်လျှင် သူသည် ကရုဏာတရားမဲ့စွာ သတ္တဝါများကို သတ်ဖြတ်ခြင်းမှ မရှောင်ကြဉ်နိုင်ဘဲ ကြီးလေးသည့်သိက္ခာပုဒ်ဖြစ်သည့် ပါရာဇိကသိက္ခာပုဒ်ကို ကျူးလွန်လိမ့်မည်ဖြစ်သည်။ (Buddhist Text Translation Society)

၁၉ ရာစုတွင် Patrul Rinpoche ရေးသားခဲ့သော ထင်ရှားသည့် တိဘက်အဋ္ဌကထာ Kun bzang bla ma'i zhal lung (အကောင်းဆုံးဆရာသမား၏ စကားများ)တွင် -

> Sublime Dharma of Clear Recollection တရားတော်တွင် သတ်ဖြတ်မိသည့်အသက်တိုင်းအတွက် ဘဝငါးရာဝဋ်ကြွေးပြန်လည်ပေးဆပ်ရမည်။ အသက်တစ်ချောင်းကို သတ်ဖြတ်ခြင်းအတွက် ငရဲတွင် ကမ္ဘာကပ်တစ်ခုစာ အပြစ်ခံရမည်ဖြစ်သည်။ စင်စစ်သင်သတ်လိုက်သည့်သူကို ချက်ချင်း ပြန်လည်ရှင်သန်စေနိုင်သည့် တန်ခိုးပါဝါမျိုးမရှိလျှင် သတ်ဖြတ်ခြင်း၏ မကောင်းမှု အကျိုးဆက်မှ သင်သည်မလွတ်နိုင်ပေ။ သတ်ဖြတ်ခြင်းကို ကျူးလွန်သူ၏ ဆရာသမားများ၏ ဘဝနှင့်လုပ်ရပ်များကို ထိခိုက်စေမည်မှာလည်း သေချာနေပါသည်။ (၁၉၉၈၊ ၁၁၁) ဟု ဆိုထား ကြောင်း ရေးသားထားသည်။

ဗုဒ္ဓဘာသာဝင်များသည် သတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ခြင်းကို ရှောင်ကြဉ်သင့်ကြောင်း နားလည်ကြသည်။ မည်သို့ပင်ဆိုစေကာမူ စစ်ပွဲဆင်နွှဲရမည့်အခြေအနေမျိုးတွင် ၎င်းတို့၏အဖွဲ့အစည်း(သို့) တိုင်းပြည်ကို ကာကွယ်ရန် ခုခံတိုက်ခိုက်မည် ဖြစ်ကောင်းဖြစ်မည်။ Elizabeth Harris က အစောပိုင်း ဗုဒ္ဓကျမ်းစာများကို လေ့လာ သုံးသပ်ကာ -

> "လူ့ဝတ်ကြောင်များပင်လျှင် ညီညွတ်နေသည့်နေရာတွင် မည်သို့နည်းနှင့်မျှ အကြမ်းမဖက်သင့် (သို့မဟုတ်) အပြစ်ကင်းသူများအပေါ် အကြမ်းဖက်မှုကိုမပြုသင့်ဆိုသည်မှာ

အလွန်ရှင်းပါသည်။ သူတို့စောင့်ရှောက်မှု အောက်တွင်ရှိသူများကို ကာကွယ်ပေးရန်အတွက် ခုခံအကြမ်းဖက်ခြင်း နည်းလမ်း တစ်မျိုးတည်းသာရှိသည် ဆိုလျှင် ထိုနည်းလမ်းကို အသုံးမပြုသင့်ဆိုသည်မှာတော့ သိပ်မရှင်းလှပါ။ အခြားသူများ၏ အသက်များကို ကာကွယ်ရန် အကြမ်းဖက်ခြင်းသည် မျှတသည် ဟုယူဆသည့်သူသည် ထိုအပြုအမူအတွက် အကျိုးဆက်များကို သေချာပေါက်ခံယူရမည် ဖြစ်သည်။ သူ့လုပ်ရပ်မှ ရလဒ်ကို ရှောင်လွဲလို့မရဟူသည့် ကြီးလေးသည့် အကျိုးဆက်များကို တာဝန်ယူရမည်ဆိုသည်ကိုသိရမည်။ ထိုသူသည် လှုံ့ဆော်မှုတွန်းအားများ ကိုချင့်တွက်ရန် လိုအပ်သည်။ သို့သော်လည်း ပိုမိုဆိုးရွားသည့်မကောင်းမှုကို တားမြစ်ကာကွယ် ရန်အတွက် စွန့်စားသင့်သည်ဟု ထိုသူကဆုံးဖြတ်ကောင်းဆုံးဖြတ်နိုင်ပါသေးသည်” ဟု ရေးသားခဲ့သည်။ (Harris 1994, 47-48)

အချုပ်အားဖြင့် ဗုဒ္ဓဘာသာအမြင်အရ အကြမ်းဖက်မှုသည်မှားယွင်းသည်။ သို့သော် အချို့သောအခြေအနေများတွင် နားလည်သဘောပေါက်ပေးနိုင်ပါသည်။ ထိုသို့သောအခြေအနေများတွင်တောင်မှ သတ်ဖြတ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟများ ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာသည်ကိုမြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် ကျူးလွန်သူများ အတွက် အနာဂါတ်တွင်ကြုံရမည့် အခြား အကျိုးဆက်များနှင့် စိတ်မချမ်းမြေ့ဖွယ် အတွေ့အကြုံများဖြစ်လာမည့် မျိုးစေ့ကို စိတ်တွင်စိုက်ပျိုးမိသကဲ့သို့ ဖြစ်ပေသည်။ (Gethin 2004 and 2007, 70-71) ဆိုလိုသည်မှာ ကောင်းသောရည်ရွယ်ချက်ဖြင့်ယှဉ်သည့် အကြမ်းဖက်မှုပင်ဖြစ်စေကာမူ လုံးလုံးမကျူးလွန်သည်ထက်စာလျှင် မကောင်းသောကံအကျိုးဆက် အချို့ကိုဖြစ်စေနိုင်သည်ဟုပြောလိုရင်းဖြစ်သည်။[12] ထို့ကြောင့် Peter Harvey က - ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများတွင် IHL ၏ သဘောတရားများဖြစ်သည့် ခွဲခြားခြင်းမူ၊ အချိုးအစားညီမျှခြင်းမူနှင့် ကြိုတင်ကာကွယ်လုပ်ဆောင်ခြင်းမူများနှင့်အညီ စစ်အကြမ်းဖက်မှု၏သက်ရောက်မှုကို ကန့်သတ်ရန် အားကောင်း သောစေ့ဆော်မှုသေချာပေါက်ရှိပါသည်။ ဗုဒ္ဓဘာသာနှင့် IHL ဦးတည်ချက်သည် လက်နက်ကိုင်ပဋိပက္ခမှ ဆောင်ကြဉ်းလာနိုင်မည့် အန္တရာယ်နှင့်ဆင်းရဲဒုက္ခများကို အနည်းဆုံးဖြစ်စေလိုခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံးက အန္တရာယ်နှင့် ဆင်းရဲဒုက္ခများကို အနည်းဆုံးဖြစ်လေ ပို၍ကောင်းလေဟု သေချာပေါက် လက်ခံထား ပါသည်။(Harvey forthcoming 2021)

သင့်လုပ်ရပ်တိုင်းက အရေးပါသည်ဟုဆိုလိုသည့် ကံ၊ ကံရဲ့အကျိုးတရားကို လက်မခံသူတို့၏ ကိုယ်ကျင့်တရား ပျက်ယွင်းမှုနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာက အမြဲအလေးအနက်ထားသတိပေးပါသည်။[13] မကောင်းကျိုးသည် ပြင်ပသက်ရောက်မှုကြောင့် ဖြစ်နိုင်သကဲ့သို့ ပြင်ပဖိအားမပါဘဲလည်း အလိုအလျောက် ဖြစ်ပေါ်လာနိုင်သည်ဟု ဗုဒ္ဓဘာသာကရှုမြင်ကြောင်း အကုသိုလ်ကံ၏အကျိုးဆက်ကို ဆင်ခြင်နှလုံးသွင်းခြင်း အားဖြင့် မီးမောင်းထိုးပြထားပါသည်။ ယေဘုယျအားဖြင့် အစိုးရမဖြိုခွဲနိုင်သော၊ လက်လှမ်းမမီသော မင်းမဲ့စရိုက် ဆန်သော၊ ပဋိပက္ခဖြစ်ပွားနေသောနယ်ပယ်များတွင် မိမိကိုယ်ကိုစည်းကမ်းဖြင့်ထိန်းသိမ်းခြင်းသည် အရေးပါသော တန်ဖိုးတစ်ခုဖြစ်သည်။ ထိုအခြေအနေမျိုးတွင် IHL ၏ စည်းမျဉ်းများ သက်ရောက်မှုရှိစေရန်

အခက်အခဲ ဖြစ်စေသည်။ စစ်သည်တော်များ သည် IHL စည်းမျဉ်းများ သို့မဟုတ် IHL နှင့်ကိုက်ညီသော ဗုဒ္ဓစည်းမျဉ်းများကို နှလုံးသွင်းထားပါက စိန်ခေါ်မှုနှင့် လွန်စွာဖိအားများသော ပဋိပက္ခအခြေအနေများတွင် ထိုစည်းမျဉ်းများကို လိုက်နာနိုင်မည့်အခွင့်အရေး ပိုများလေပင်ဖြစ်သည်။ နောက်ပိုင်းတွင် ထပ်ပြီးဆွေးနွေးမည်ဖြစ်သော်လည်း ဗုဒ္ဓဘာသာသည် မိမိကိုယ်ကို စည်းကမ်းဖြင့်ထိန်းသိမ်းခြင်း တစ်ခုတည်းအပေါ်မတည်မှီပေ။ ယေဘုယျအားဖြင့် သံဃာ့အဖွဲ့အစည်းနှင့် လူ့အဖွဲ့အစည်းနှစ်ခုစလုံးအတွင်း လိုက်နာရမည့် စည်းကမ်းချိုးဖောက်ခြင်းများကို အစီရင်ခံခြင်း၊ အကဲဖြတ်ခြင်း နှင့် လိုအပ်သည့်နေရာတွင် အပြစ်ပေးခြင်းတို့ကိုလည်း အားပေးထောက်ခံပါသည်။

## သေစေလိုသောစိတ်စေတနာ

စစ်ပွဲအတွင်း ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်ခြင်းများ ဥပမာကဲ့သို့ ပိုမိုရက်စက်ကြမ်းကြုတ်လာလေလေ သက်ရှိသတ္တဝါများကို အကြောင်းပြချက်မရှိသတ်ဖြတ်ခြင်းနှင့် အန္တရာယ်ပြုခြင်းများကြောင့် ပြန်လည်ခံစားရမည့် မကောင်းမှုကံအကျိုးများသည်လည်း ပိုမိုဆိုးဝါးလေဖြစ်သည်ဟု ကျမ်းစာများက ဖော်ပြကြသည်။ ခံရသူသည် လက်နက်ကိုင်မဟုတ်၊ အန္တရာယ်ပြုသူမဟုတ်လျှင် ပြန်လည်ရရှိမည့် အကျိုးရလဒ်၏ ပြင်းထန်မှုကို ဓမ္မပဒဂါထာ ၁၃၇ မှ ၁၄၀ တို့တွင် အမျိုးအစားခွဲပြထားပါသည်။ ထိုအချက်သည် အရပ်သားလူထုနှင့် စစ်အတွင်း ပါဝင် ပတ်သက်မှုမရှိသည့်စစ်သည်များကို ကာကွယ်ပေးသည့် IHL ၏စည်းမျဉ်းများနှင့် ဗုဒ္ဓဘာသာသည် နီးစပ်သော ဆက်နွယ်မှုရှိကြောင်းပြသနေပါသည်။

> အကြင်သူသည် အပြစ်ကင်းကြသော မပြစ်မှားထိုက်သောပုဂ္ဂိုလ်တို့၌ အကြမ်းဖက်ပါက မကြာမီ ပြင်းထန် သောဝေဒနာကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရခြင်းကို လည်းကောင်း၊ ကိုယ်အင်္ဂါပျက်စီးခြင်းသို့လည်းကောင်း၊ ကြီးလေးသောရောဂါစွဲကပ်ခြင်းသို့ လည်းကောင်း၊ ရူးခြင်း၊စိတ်ပျံ့လွင့်ခြင်းသို့လည်းကောင်း၊ မင်းဘေးလည်းကောင်း၊ ကြမ်းကြုတ် စွာသော အစွပ်စွဲခံရခြင်းသို့လည်းကောင်း၊ ဆွေမျိုးတို့၏ပျက်ပြားခြင်းသို့လည်းကောင်း၊ စည်းစိမ် ဥစ္စာယိုယွင်းပျက်စီးခြင်းသို့လည်းကောင်း၊ တစ်မျိုးမျိုးကိုတွေ့ကြုံရလိမ့်မည်။ သေပြီးနောက် တွင်လည်း ငရဲသို့ကျရောက်မည်ဖြစ်သည်။ (Buddharakkhita ၏ဘာသာပြန်ဆိုချက်၊ ၁၉၈၅)

သတ်ဖြတ်ရာတွင် စိုက်ထုတ်ရသောလုံ့လနှင့် သေစေလိုသည့်စိတ်စေတနာအရ သတ်ဖြတ်ခြင်းဒီဂရီများကိုလည်း ဗုဒ္ဓဘာသာတွင် အဆင့်သတ်မှတ်ထားသည်။ လက်နက်မကိုင်ဆောင်ထားသူများ၊ အားနည်းသူများကို အန္တရာယ် မပြုသင့်ဟုဆိုသည့်အပြင် ဗုဒ္ဓဘာသာက မိမိကျူးလွန်သောပုဂ္ဂိုလ်၏ သီလသမာဓိအားကြီးလေ၊ ထိုသူကို အန္တရာယ်ပြုသည့်အတွက် ရရှိမည့်အကျိုးဆက် ကြီးလေဖြစ်သည်ဟုဆိုသည်။ (Harvey 2000, 52)[14] အနန္တရိက-

ကံ ဟုခေါ်ဆိုသည့် ကြီးလေးသည့်ကံ(၅)ပါးရှိပါသည်။ အနန္တရိက-ကံ "အခြားမရှိအကျိုးပေးသောကံ" ဟုခေါ်ဆိုရခြင်းမှာ သေဆုံးပြီးပြီးခြင်း နောက်ဘဝတွင် ငရဲသို့မလွဲမသွေ ကျရောက်ရသည့်အတွက်ကြောင့်ဖြစ်သည်။ ထိုအနန္တရိက-ကံ(၅)ပါးတွင် (၄)ပါးသည် သူ့အသက်သတ်ခြင်းနှင့် သက်ဆိုင်ပါသည်။ ဗုဒ္ဓကို သတ်ရန်ကြိုးစားခြင်း၊ လူ့ဘဝကို ရောက်ရှိစေသည့်မိခင်ကိုသတ်ခြင်း၊ ဖခင်ကိုသတ်ခြင်း၊ အရိယာပုဂ္ဂိုလ်ကိုသတ်ခြင်း၊ ဗုဒ္ဓကို သွေးစိမ်း ရှင်ရှင်ထွက်အောင်လုပ်ခြင်းတို့ဖြစ်သည်။[15] ၅ ရာစု အဋ္ဌကထာပညာရှင် အရှင်မဟာဗုဒ္ဓဃောသက နစ်နာသူ၏ သီလစင်ကြယ်မှုနှင့် သတ်ရန်အားထုတ်သည့် လုံ့လပမာဏအပေါ်မူတည်၍ သတ်မှုကျူးလွန်သူခံစားရမည့် အကျိုးဆက်၏ပြင်းထန်မှုကို ယခုလိုဆိုထားပါသည်။

> သီလဂုဏ်မရှိသည့် တိရိစ္ဆာန်စသည်ကို ပျက်စီးစေခြင်းသည် ၎င်းင်းတို့၏ ကိုယ်ခန္ဓာသေးလျှင် အပြစ်သေး၍ ကိုယ်ခန္ဓာကြီးလျှင်အပြစ်ကြီးသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သတ်ရာတွင်အားထုတ်ရသည့် အင်အားအနည်းအများကြောင့်ပင်ဖြစ်သည်။ သီလဂုဏ်ရှိသည့် လူစသည်တို့ကိုပျက်စီးစေခြင်းတွင် သီလဂုဏ်နည်းလျှင် အပြစ်သေး၍ သီလဂုဏ်မြင့်မားလျှင် အပြစ်ကြီးသည်။ သက်ရှိသတ္တဝါဖြစ်ခြင်း၊ သက်ရှိသတ္တဝါဟုသိခြင်း၊ သတ်မည်ဟုကြံစည်ခြင်း၊ သတ်ခြင်းနှင့်သေဆုံးသွားခြင်းဟူသော အချက်(၅)ချက်ပါဝင်ပါသည်။ မိမိကိုယ်တိုင်သတ်ခြင်း၊ သတ်ရန်တိုက်တွန်းခြင်း၊ လက်နက်အားဖြင့်၊ ထောင်ချောက်(သို့)အဆိပ်အားဖြင့်၊ အောက်လမ်း နည်းဖြင့်၊ တန်ခိုးဖြင့်သတ်ခြင်းဟု (၆) မျိုး ရှိသည်။ (M-a. I. 198, Harvey ၏ ဘာသာပြန် ဆိုချက် (cf. Khp-a.28-29, Asl.97, italics added)

စာလုံးအစောင်းနှင့်ရေးထားသည့်အပိုင်းသည် စစ်တပ်၏ (သို့) စစ်သည်၏လူကိုသတ်ခြင်းအမှုနှင့် အထူးသက်ဆိုင်ပါသည်။ ဗုဒ္ဓဘာသာ၏ သီလဆိုင်ရာကြောင်းကျိုးဆက်နွယ်မှုတွင် သေအောင်အားစိုက်ထုတ်မှုနှင့် သေသူ၏ အရည်အသွေး အရေးပါမှုတို့သည် *စေတနာ*-ရည်ရွယ်ချက်နှင့်သက်ဆိုင်ပါသည်။ ပြုလုပ်ခြင်းအားဖြင့် ဖြစ်လာသည့် ကံ"မျိုးစေ့" ၏သဘာဝကို ဆုံးဖြတ်ပေးသည့်အရာသည် စိတ်သဘော၊ စိတ်ဆန္ဒပင် ဖြစ်သည်။ "ရဟန်းတို့ စေ့ဆော်တိုက်တွန်း၍ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ (ကုသိုလ် အကုသိုလ်) ကံကိုပြုရကား *စေတနာ* ကို ကံဟု ငါဆို၏" (An. III. 415)[16]

အစောပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် ဗုဒ္ဓဘာသာကို စနစ်တကျလေ့လာနည်း *အဘိဓမ္မာ* သည် အထူးသဖြင့် ကျင့်ဝတ်တရား၊ စိတ်ပညာတို့နှင့် သက်ဆိုင်သည့် ကြောင်းကျိုးဆက်နွယ်မှုများကို ရှင်းပြထားသည်။ စိတ်ဖြစ်တိုင်း ပါဝင်သည့်စေတနာ၏ ပုံစံအချို့ကိုနားလည်စေသည်။ စေတနာသည် လုပ်ရပ်၏ကျင့်ဝတ်အဆင့်အတန်းကိုဆုံးဖြတ်သည်။ (Bodhi 2010, 80) မကောင်းသောအလုပ်များသည် လောဘ၌လည်းကောင်း ဒေါသ၌လည်းကောင်း မောဟ၌လည်းကောင်း အခြေခံကာ မကောင်းသည့်ကံ၏အကျိုးရလဒ်များကို ဆောင်ကြဉ်း ပေးသည်။ (Mn.I.47, Harvey 1995, 2010 and 25 2000, 42-43, 46-49)

ကောင်းသောလုပ်ရပ်များသည် ဒါနဥ္စလည်းကောင်း ကရုဏာဥ္စလည်းကောင်း ပညာဥ္စလည်းကောင်း အခြေခံကာ ကောင်းသည့်ကံ၏ အကျိုးရလဒ် များကိုဆောင်ကြဉ်းပေးသည်။ သူ့အသက်သတ်ခြင်းသည် လောဘ၊ ဒေါသ၊ အမုန်းတရား၊ လက်စားချေခြင်း၊ အဂတိတရားဖြင့် မလိုမုန်းထားခြင်းစသည်တို့တွင် အခြေခံသည့်အခါ ၎င်း၏အကျိုးပေးသည် အခြားသူများကို ကာကွယ်ပေးရန်အတွက် ဒေါသဖြင့်ရည်ရွယ်ချက်ရှိရှိသတ်ခြင်းမျိုးထက် ပို၍ဆိုးမည်ဖြစ်သည်။ (Gethin ၂၀၀၇) အဘိဓမ္မာအရ အများအကျိုးအတွက်သတ်ခြင်းသည်ပင်လျှင် သေစေလိုသည့်၊ မကောင်းသည့်ရည်ရွယ်ချက်တွင် အခြေခံထားခြင်းဖြစ်သည်။ အခြားသူများကို ကာကွယ်ရန် စသည့် ကောင်းမွန်သည့်အကြောင်းပြချက်များအတွက် ကောင်းမွန်သည့်အကျိုးရလဒ် ရရှိလိမ့်မည်ဖြစ်ပြီး သတ်ဖြတ်ခြင်းအတွက်လည်း ရှောင်လွဲမရနိုင်သည့် မကောင်းသည့်အကျိုးရလဒ်လည်း လက်ခံရလိမ့်မည်ဖြစ်သည်။

လုံ့လစိုက်ထုတ်မှုနှင့်စိတ်စေတနာ၊ ပြုခံရသူ၏အကျင့်စင်ကြယ်မှုအကြောင်း ဆွေးနွေးမှုများက လူတစ်ဦး တစ်ယောက်ကိုသတ်ခြင်းသည် တိရိစ္ဆာန်တစ်ကောင်ကိုသတ်ခြင်းထက် ပိုဆိုးကြောင်း အဆိုပြုကြပါသည်။ ယင်းသည် လူသားတစ်ဦးတစ်ယောက်ကို ရည်ရွယ်ချက်ရှိရှိသတ်ခြင်းအတွက် အပြစ်ဒဏ်သည် သံဃာ့အဖွဲ့အစည်း မှ နှင်ထုတ်ခြင်းဟု ပြဌာန်းသည့် ဝိနည်းစည်းကမ်းများနှင့် ကိုက်ညီပါသည်။ ၎င်းသည် သံဃာ့ အဖွဲ့အစည်းမှ နှင်ထုတ်ခြင်းခံရသည့်ပြစ်ဒဏ်(၄)ခုထဲမှတစ်ခုဖြစ်သည်။ တိရိစ္ဆာန်တစ်ကောင်ကိုသတ်ခြင်းသည် အသေးစား ဝိနည်းချိုးဖောက်မှုသာဖြစ်သည်။ သို့သော် တရုတ်ဝိနည်းဆရာတစ်ဆူဖြစ်သူ Daoxuan 道宣 (596–667 CE) က ဝိနည်းကျမ်းစာများ၊ အဋ္ဌကထာများအား လေ့လာသုံးသပ်ကာ ဝိနည်းအရ တိရိစ္ဆာန်တစ်ကောင်ကို သတ်ခြင်းသည် သေးသောအပြစ်ဖြစ်သော်လည်း ကံ၏အကျိုးဆက်အရမူ ပြင်းထန်နိုင်သည်ဟု အလေးအနက် ပြောပါသည်။

> သူက မကောင်းသည့်ရည်ရွယ်ချက်ဖြင့် တိရိစ္ဆာန်တစ်ကောင်ကိုသတ်ခြင်းသည် လူတစ်ယောက်ကို ကြင်နာသနားသဖြင့်သတ်ခြင်းထက် ပိုဆိုးပါသည်ဟုဆိုရင်း နိဂုံးချုပ်သည်။ ဤနေရာတွင် သတ်သူ၏စိတ်အခြေအနေသည်အရေးပါသည်။ ပုရွက်ဆိတ်တစ်ကောင်ကို အငြိုးဖြင့်သတ်ခြင်း ၏ အကျိုးဆက်သည် လူတစ်ယောက်ကို ကြင်နာသနားသဖြင့်သတ်ခြင်း၏ အကျိုးဆက်ထက် ပို၍ပြင်းထန်ပါလိမ့်မည်ဟု သူကအခိုင်အမာပြောပါသည်။ အရှက်တရားနှင့် နောင်တတရား မရှိသည့်အတွက် ယင်းသည်ကြင်နာသနားသည့် စိတ်အခြေအနေမဟုတ်ပေ။ သတ်ဖြတ်ခြင်းနှင့် ပတ်သက်သည့် တတိယပါရာဇိကအနေဖြင့် ပိုးမွှား၊ ပုရွက်ဆိတ်တစ်ကောင်ကို သတ်ခြင်းထက် အချည်းနှီးဖြစ်သော သူတစ်ယောက်ကိုသတ်ခြင်းသည် အပြစ်ပိုပေါ့သည်။ အဘယ်ကြောင့် ဆိုသော်

ထိုသို့သောသူမျိုးသည် လောကကြီးကိုညစ်ညမ်းစေပြီး အန္တရယ်များစွာကို ဖြစ်စေသည့် အတွက်ကြောင့်ဖြစ်သည်။ (Heirman 2020, 32-3)

## ကရုဏာအခြေခံသောသတ်ဖြတ်ခြင်း ဖြစ်နိုင်လေသလား…

ဆိုထားသော သူတစ်ပါးအပေါ် ထိခိုက်အနဒ်ရာယ်ဖြစ်စေမှုရှုထောင့်မှ လူသတ်မှုအပေါ် သူ၏သုံးသပ်ချက်အရ ကရုဏာအခြေခံ သောသတ်ဖြတ်ခြင်းအကြောင်းပြောရာတွင် ဥပါယကောသလသုတ္တံ (Upāya-kauśalya Sūtra) တွင်တွေ့ရသည့် ဇတ်ကြောင်းတစ်ခုကို သူစဉ်းစားမိကောင်း စဉ်းစားမိနိုင်ပါသည်။ မကောင်းသည့် ရည်ရွယ်ချက်မပါဘဲ လူတစ်ယောက်ကို ကရုဏာတရားဖြင့် သတ်ဖြတ်ခြင်းသည် ဖြစ်နိုင်သလား၊ သတ်ရန်ဖြစ်နိုင်၊ မဖြစ်နိုင်နှင့် ငရဲကျခြင်းမှရှောင်လွှဲနိုင်၊ မရှောင်လွှဲနိုင် စသည့်မေးခွန်းများနှင့် ပတ်သက်လာလျှင် ဥပါယကောသလ'သုတ္တံကို မဟာယာနဗုဒ္ဓဘာသာပညာရှင်များသာမက ယနေ့ခေတ်ပညာရှင်များလည်း မကြာခဏ ကိုးကားကြလေ့ရှိကြသည်။ ယင်းသည် ကရုဏာအခြေခံသောသတ်ဖြတ်ခြင်းနှင့်ပတ်သက်သည့် ရှေးအဆုံးအမများကို ပြန်လည်ဆန်းစစ်ခြင်းပင်ဖြစ်သည်။

"နည်းလမ်းများတွင် ကျွမ်းကျင်လိမ္မာခြင်း" တရားတော် - *ဥပါယကောသလသုတ္တန်*သည် နည်းစနစ် *(ဥပါယ)* သဘော၊ ပိုရှိတိကျစွာဆိုရလျှင် နည်းဗျူဟာတွင်ကျွမ်းကျင်လိမ္မာခြင်း *(ဥပါယ-ကောသလ)* ကိုဆိုလိုခြင်း ဖြစ်သည်။ ယင်းကို "နည်းလမ်းများတွင်ကျွမ်းကျင်လိမ္မာခြင်း" ဟု ယေဘုယျအားဖြင့် ဘာသာပြန်ဆိုကြသည်။ နည်းလမ်းများတွင် ကျွမ်းကျင်လိမ္မာခြင်းဟူ သည် ပန်းတိုင်သို့ ကျွမ်းကျင်လိမ္မာစွာရောက်ရှိခြင်းဟု ဆိုလိုသည်။ ဖြစ်နိုင်ချေရှိသည့်ရလဒ်များထဲမှ အားလုံးအတွက် အကောင်းဆုံးရလဒ်ရရှိရန်ကိုသာ ဦးတည်ဆောင်ရွက်သည့် အတွက် အသုံးပြုသောနည်းလမ်းများတွင် လိမ်လည်ခြင်း၊ သတ်ဖြတ်ခြင်းစသဖြင့် အကျင့်သီလကို ချိုးဖောက် သည့်နည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။ ထို *ဥပါယကောသလ'သုတ္တန်*တွင် ဘုရားလောင်း (*ဗောဓိသတ္တ*) သည် ကရုဏာတရားကြီးမားသူဟုအမည်ရသည့် သဘော်ကပ္ပတိန်ဖြစ်သည်။ သူ၏သဘော်ဖြင့် ဘုရားလောင်းလမ်းစဉ်ကိုကျင့်ကြံနေသော ငါးရာသောကုန်သည်များကို သယ်ဆောင်လာခဲ့သည်။ လူတိုင်းသည် အနာဂါတ်တွင် ဗုဒ္ဓဖြစ်လာနိုင်သည့် အလားအလာရှိသည့်အတွက် မဟာယာနဗုဒ္ဓဘာသာတွင် ဘုရားလောင်း အယူအဆသည် လူတိုင်းအပေါ် လွှမ်းမိုးနိုင်လောက်သည်အထိ အားကောင်းပါသည်။ များစွာသောဘုရားများတည်ရှိမှုကို ယုံကြည်သည့်အတွက် ကိုးကွယ်ရာဘုရားများသည်လည်း များပြားလာပါသည်။ ထိုအပြန်အလှန် ဆက်နွှယ်နေ သည့် ယုံကြည်မှုနှစ်ခုသည် အစောပိုင်းဇာတက ဇတ်တော်များတွင်တွေ့ရသည့် ဘုရားလောင်းတစ်ပါးတည်းမက၊ အများကြီးပါဝင်သည့် ဇာတ်တော်များနှင့် အလားတူသောအခြားဇတ်တော်များဆီသို့ ခေါ်ဆောင်သွားပါသည်။

နတ်ဒေဝါများသည် ကရုဏာတရားကြီးမားသူ သသဘော်ာကပ္ပတိန်ဘုရားလောင်းကို ခရီးသည်များထဲမှ တစ်ယောက် သည် ငါးရာသောကုန်သည်များကို သတ်ရန်အကြံရှိသည့် လူသတ်သမားဖြစ်သည်ဟု အိမ်မက်ပေး ခဲ့သည်။ ယင်းအိမ်မက်သည် ဘုရားလောင်းကိုဒွိဟဖြစ်စေခဲ့သည်။ ထိုအကြောင်းကိုခရီးသည်များအား ပြောပြမည် ဆိုလျှင် ထိုလူသတ်သမားလောင်းကိုသတ်ပစ်နိုင်လောက်သည်။ ထိုသို့သတ်ခဲ့မည်ဆိုလျှင် ထိုမကောင်းမှုသည် သူတို့၏ကျင့်စဉ်ကို အနှောင့်အယှက်ပေးကာ ငရဲသို့ကျစေနိုင်မည်ဖြစ်သည်။ မပြောပြခဲ့လျှင် ထိုဘုရားလောင်းများ သည် သတ်ဖြတ်ခြင်းခံရမည်ဖြစ်ပြီး ထိုလူသတ်သမားသည် စဉ်းစားနိုင်သမျှထဲတွင် အယုတ်ညံ့ဆုံးမကောင်းသည့် လုပ်ရပ်ကိုကျူးလွန်တော့မည်ဖြစ်သည်။ ထိုသူသေလွန်လျှင်လည်း ငရဲသို့ချက်ချင်းကျရောက်မည်ဖြစ်သည်။ အဆုံးတွင်သဘော်ာကပ္ပတိန်သည် ထိုလူသတ်သမားလောင်းကို သူကိုယ်တိုင်သတ်၍ ငရဲသို့ကျခံရန် အနစ်နာခံ လိုက်ခြင်းသည် အားလုံးထိခိုက်မည့်ဘေးကို လျော့နည်းစေနိုင်မည်ဖြစ်သည့် အကောင်းဆုံးနည်းလမ်း ဖြစ်သည် ဟုစဉ်းစားမိလေသည်။ သူ၏ကံကြမ္မာကိုလက်ခံကာသူသည် ထိုလူသတ်သမားလောင်းကို ဓားဖြင့် ထိုးသတ်ခဲ့ခြင်း ဖြင့်ထိုသူကိုငရဲကျမည့်ဘေးမှ ကယ်တင်ခဲ့လေသည်။ အသတ်ခံလိုက်ရသည့် လူသတ်သမားလောင်းသည် နတ်ပြည်သို့သွားလေသည်။ သဘော်ာကပ္ပတိန်သည် အများကောင်းကျိုးအတွက် ငရဲသို့ကျနိုင်မည့်အရေးကို လက်ခံ ခဲ့သည့်အတွက် သူ၏စိတ်သည်မကောင်းသည့်စိတ်မျိုး မရှိသည့်အတွက် သူသည် ငရဲသို့မကျရောက်ခဲ့ပေ။ ထိုဇာတ်တော်သည် အစောဆုံးဗုဒ္ဓစာပေအမျိုးအစားများတွင်တွေ့ရသည့် မည်သည့်အခြေအနေမျိုးတွင်မျှ အကြမ်းမဖက်ဟူသည့်ရပ်တည်ချက်မှ လူအများအပြားအတွက် အကျိုးကျေးဇူးများမည်ဆိုလျှင် အကြမ်းဖက်မှု ကျူးလွန်ခြင်းကို ရွေးချယ်စရာတစ်ခုအဖြစ်လက်ခံသည့်၊ အခြေအနေအပေါ်မူတည်၍ ဆုံးဖြတ်သည့်ရပ်တည်ချက် အဖြစ်သို့ပြောင်းလဲလာသည့် အလှည့်အပြောင်းတစ်ခုကို ထင်ရှားစေပါသည်။ ယင်းသည်မဟာယာန၏ ဘုရားလောင်းလမ်းစဉ်တွင် ကရုဏာတရား၏ အထူးအရေးပါမှုကိုဖော်ပြနေပါသည်။ ဗောဓိစရိယဝတာရသုတ်ံ၌ တွင် ဖော်ပြထားသကဲ့သို့ "ထိုသို့ ဆုံးဖြတ်လိုက်ခြင်းသည် အများအတွက်အကျိုးရှိမည်ဟု သိမြင်သည့် ကရုဏာ တရားကြီးမားသော ပုဂ္ဂိုလ်အတွက် တားမြစ်ထားသည့်အရာကိုပင် ခွင့်ပြုရသည်"ဖြစ်သည်။ (Bca Chapter V, v. 84; Crosby and Skilton 1995, 41)

အထက်ပါဇတ်တော်နှင့် အခြားဇတ်တော်များတွင် ဖော်ပြထားသည့် ကရုဏာအခြေခံသော သတ်ဖြတ်ခြင်းသည် ထိခိုက်မှုပမာဏများကို လျော့နည်းစေနိုင်ရန် ကောင်းစွာစဉ်းစားဆုံးဖြတ်ကာ သတ်မှုကို ကျူးလွန်သည့် မြင့်မြတ်သောဘုရားလောင်းများသည် ကောင်းစေလိုသည့်စိတ်ဖြင့် သတ်မှုကိုကျူးလွန်ခြင်း ဖြစ်နိုင်ချေရှိကြောင်း ခိုင်မာစေသည်။ (Jenjins 2010) အသတ်ခံရသူ၏သီလဂုဏ်အလိုက် သတ်ဖြတ်ခြင်းအဆင့်ဆင့် ရှိသကဲ့သို့ သတ်ဖြတ်သူ၏သီလဂုဏ်အလိုက်လည်း အဆင့်များရှိသည်။ အများအကျိုးကိုရည်မျှော်သော စေတနာ အရင်းခံသည့်သတ်ခြင်းသည် အကုသိုလ်ကံထက် ကြီးမားသည့်ကုသိုလ်ကံကိုဖြစ်စေပါသည်။ (Jenkins 2010, 308–310)[17] ရာစုနှစ်များစွာအတွင်း ထင်ရှားကျော်ကြားသော မဟာယာနအတွေး အခေါ်ပညာရှင်အချို့က တစ်စုံတစ်ယောက်သောသူသည်

စေတနာကောင်းဖြင့် အများအကျိုးအတွက် သတ်မှုကိုကျူးလွန်သည်ဟု ပြောပြ ထားသည့် ဇတ်တော်ဥပမာများစွာကိုအခြေတည်ကာ ယင်းအမြင်ကိုစွဲမြဲစွာလက်ခံကြပါသည်။ ပါရမီရင့်သန် နေသောဘုရားလောင်းများ၏ သတ်ခြင်းခံရသူများသည် မြင့်မြတ်သန့်စင်သောနယ်မြေ (Pure Land) တွင် ပြန်လည်မွေးဖွားကြသည်။ မြင့်မြတ်သန့်စင်သောနယ်မြေဟူသည် သတ္တဝါများ တရားထူးကို ထိုးထွင်းသိနိုင်စေရန် ဗုဒ္ဓဖန်ဆင်းထားသည့် ဘုံဌာနတစ်ခုဖြစ်သည်။ သို့အတွက် တန္တရဗုဒ္ဓဘာသာက ပါရမီရင့်သန်နေသော ဘုရားလောင်းများသည် ထိုသို့သတ်ဖြတ်ခြင်းအမှုကို ပြုလုပ်နိုင်ပြီး ၎င်းတို့သတ်လိုက်သောသူ၏ နောက်ဘဝတွင် ပြန်လည်မွေးဖွားရမည့် ဘုံဌာနကို လမ်းညွှန်ပေးနိုင်သည်ဟု ယုံကြည်ပါသည်။ ၁၉ ရာစု တိဘက်အဌကထာဆရာ Patrul Rinpoche ၏ "ကျွန်ုပ်၏အကောင်းဆုံးဆရာ" စာအုပ်တွင် သတ်ဖြတ်ခြင်းကို ဆန့်ကျင်ဟောပြ ထားသည်ကို အထက်တွင် မိမိတို့လေ့လာခဲ့ကြပြီးဖြစ်သည်။ ထိုစာအုပ်တွင် သူက "သင်သည် သတ္တဝါတို့၏ဘဝကို ပိုမိုကောင်းမွန်သည့်အခြေအနေသို့ မပြောင်းလဲပေးနိုင်လျှင် သူတို့၏ဘဝကိုပျက်စေမည့် အားထုတ်မှုတိုင်း ကို ရှောင်သင့်ပါသည်" ဟု ဆက်လက်ပြောကြားထားသည်။ ထိုအဆုံးသတ်မှတ်ချက်သည် *ဥပါယကောသလသုတ္တံ*တွင် အကြမ်းဖျဉ်းဖော်ပြထားသကဲ့သို့ နစ်နာသူများအတွက် ကောင်းမွန်သော နောက်ဘဝကိုပေးနိုင်ရန် သေချာသည့် အကျင့်သီလမြင့်မားသူသာ ထိုနည်းလမ်းကိုအသုံးပြုသင့်ကြောင်း ပိုမို ထင်ရှားစေပါသည်။

## စစ်ဆင်ရေးလှုပ်ရှားမှုကို တုံ့ပြန်မှုများ - ဓမ္မကြောင်းအရ ခုခံခြင်းနှင့် ကုစားခြင်းကျင့်ဝတ်များ

အထက်ပါကရုဏာအခြေခံ၍သတ်ဖြတ်ခြင်းဥပမာများအရ ၎င်းသည်နစ်နာသူ၏ စိတ်အဆင့်မြင့်မားတိုးတက်ရေး အတွက် တိုက်ရိုက်အကျိုးများစေသည်။ စိတ်အဆင့်မြင့်မားတိုးတက်ရေးသည် ဗုဒ္ဓအတွေးအခေါ်ပညာရပ်တွင် အမြင့်မားဆုံးသောအကျိုးတရားဖြစ်သည်။ တစ်ဘဝအတွင်း ထိုအကျိုးတရားကို ချက်ချင်းမဆုံးဖြတ်နိုင်သည့် အတွက်မူ အငြင်းပွားစရာဖြစ်စေနိုင်ပါသည်။ ယခုဘဝတစ်ခုတည်းနှင့် မဆုံးဖြတ်နိုင်သည့်အတွက်၊ နောင်ဘဝများ တွင်မှာပါအကျိုးသက်ရောက်မှုရှိသည့်အတွက် ၎င်းသည် IHL၏ဘောင်ကို ကျော်လွန်သွားပါသည်။ ထိုအယူအဆ ကို အကျင့်သီလမြင့်မားသူများမှ ၎င်းတို့ထက် အကျင့်သီလ အားနည်းသောရန်သူများကို အခက်အခဲမရှိ သုတ်သင်ရန် ခွင့်ပြုချက်တစ်ခုအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို သွေဖယ်ကာ မှားယွင်းစွာ အဓိပ္ပာယ် ကောက်နိုင်ပါသည်။

Lambert Schmithausen က စောင့်ထိန်းရမည့်သီလများထဲတွင် ထည့်သွင်းထားသည့် ဗုဒ္ဓဘာသာ၏ အကြမ်းမဖက်မှုစံများ၊ အခြားသူများ၏ ပိုင်ဆိုင်မှုကိုအလေးထားမှု စသည်တို့ကို တိုင်းပြည်ကိုကာကွယ်ရန်၊ အခြားတိုင်းပြည်များကို တိုက်ခိုက်အနိုင်ယူရန်အတွက် စစ်ဘက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့် သေဒဏ်ပေးခြင်း တို့ပြုလုပ်ရသည့် အုပ်ချုပ်သူများအတွက်မဟုတ်ဘဲ ပြည်သူလူထုများ လိုက်နာရမည့်ကျင့်ဝတ်များအဖြစ်

သတ်မှတ်သင့်သည်(ဤအချက်သည် ဘုရင်များအနေဖြင့် ဗုဒ္ဓဘာသာကို ထောက်ပံ့ပေးမည့် အကြောင်းပြချက် တစ်ခုဖြစ်ခဲ့သည်) ဟု အကြံပြုခဲ့သည်။ (Schmithausen 1999, 53) ပြည်သူလူထုအကြား ဗုဒ္ဓဘာသာအဆုံးအမ များကိုကျင့်သုံးရန် တိုက်တွန်းခဲ့ကြသော်လည်း အုပ်ချုပ်သူများ ကိုယ်တိုင်ကမူ အစိုးရပိုင်းနှင့် စစ်တပ်ပိုင်းဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များကို ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုကို တရားဝင်ဆောင်ရွက်ရသည့်အတွက်ကြောင့် Schmithausen က ထိုသို့အကြံပြုခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ အကြမ်းဖက်မှုများကိုပြုလုပ်ခြင်းကြောင့် ရရှိလာမည့်မကောင်းမှုကံများကို ကြေက်ရွံ့ထိတ်လန့်ခြင်းနှင့် ဗုဒ္ဓဘာသာ၏စံဖြစ်သည့် အကြမ်းမဖက်ခြင်းနှင့် အကြမ်းဖက်မှုတွင်ပါဝင်ပတ်သက်မှုတို့ကြား ဖိအားများသည် ဘုရင်များနှင့် စစ်သည်တော်များကို ကုစားခြင်း ကျင့်ဝတ်(သို့) ကောင်းမှုကုသိုလ်များပြုလုပ်ရန် တွန်းအားပေးပါသည်။ (Schmithausen 1999, 53) ကုစားခြင်း ကျင့်ဝတ်ဟူသည် ရှေးကပြုခဲ့သည့် ထိခိုက်နစ်နာစေမှုများအတွက် ပြုပြင်နိုင်ရန်စီစဉ်ထားသည့် ဘာသာရေး လုပ်ဆောင်ချက်များဖြစ်သည်။ လောကီကုသိုလ်ဒါနအလှူဖြစ်သည့် သံဃာ့အဖွဲ့အစည်းကို လှူဒါန်းခြင်းသည် အလှူရှင်အတွက် ပုည-ကောင်းသော ကံအကျိုး ကို ပေးသကဲ့သို့ ဗုဒ္ဓဘာသာကိုလည်း ထောက်ပံ့ပြီးသားဖြစ်၏။ ထိုသို့သော ဘာသာရေးကုစားခြင်းများသည် ဗုဒ္ဓဝင်များအရ ဗုဒ္ဓဘာသာ၏သမိုင်း တလျှောက် ကျင့်သုံးလာခဲ့ပုံ ရသည်။ ၅ ရာစုတွင် ရေးသားခဲ့သည့် မဟာဝံသကျမ်းတွင် ဖော်ပြထားသည့် စစ်အတွင်းပြုလုပ်ခဲ့သည့် ထိခိုက်နစ်နာမှုများကို နောက်တရသူများဖြစ်ကြသည့် ၃ ရာစု အိန္ဒိယဘုရင် အသောက (အောက်တွင် ဘုရင်အသောကအကြောင်း ဆွေးနွေးထားပါသည်)နှင့် ၁ ရာစု (BEC) သီရိလင်္ကာဘုရင် ဒုဋ္ဌဂါမဏိတို့သည် ယင်းကုစားခြင်းတို့ကို ကျင့်သုံးခဲ့သော ထင်ရှားသည့်စံပြပုဂ္ဂိုလ်များဖြစ်ကြသည်။ ကုစားခြင်းကျင့်ဝတ် သည် ယနေ့ခေတ်အထိ ဆက်လက်ကျင့်သုံးဆဲဖြစ်ကာ အချို့သော ယနေ့ခေတ် စစ်တပ်အကြီးအကဲများနှင့် ၎င်းတို့၏ မိသားစုများတွင် အများဆုံးမြင်သာနိုင်ပါသည်။

ကုစားခြင်းကျင့်ဝတ်ကို များသောအားဖြင့် ပေးကမ်းလှူဒါန်းခြင်း(ဒါန)ပုံစံဖြင့်ကျင့်သုံးသည်။ ဥပမာ အားဖြင့် အစားအသောက်နှင့်အခြားအသုံးအဆောင်များ၊ သံဃာ့အဖွဲ့အစည်းကိုလှူဒါန်းခြင်းဖြစ်သည်။ ဒါနသည် ကာမာဝစရကုသိုလ် (၁၀) ပါး ထဲတစ်ပါးအပါအဝင်ဖြစ်ပြီး ဘုရားအလောင်းတော်များဖြည့်ကျင့်ရသည့် ပါရမီ (၁၀)ပါးတွင် ပထမဦးဆုံးပါရမီဖြစ်သည်။ ထိုသို့ပြုကျင့်ခြင်းနှင့်ပတ်သက်၍ အဆိုးမြင်ဝါဒီများက ဒါနသည် လောကီ ဆန်သည်၊ အတ္တဆန်သည်၊ ဗုဒ္ဓဘာသာ၏ အဆုံးအမများစွာရှိသည့်အနက် ဒါနသည် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပါသလား၊ သီလစောင့်ထိန်းခြင်း၊ ဆင်ခြင်တုံတရားဖြင့် ဘဝတွင်နေထိုင်ခြင်း၊ အကြမ်းမဖက်ရန်သစ္စာပြုခြင်း၊ ကရုဏာတရားထားခြင်း စသည်တို့သည်လည်း ဗုဒ္ဓဘာသာ၏ အဆုံးအမများပင်ဖြစ်သည်ကြောင်း ထောက်ပြ ကောင်းထောက်ပြနိုင်ပါသည်။ Bhikkhu Ṭhānissaro က ၂၀၀၃ ခုနှစ်တွင်ဟောကြားခဲ့သော သူ၏ “ကောင်းသော ဟိတ်များတွင် အခြေပြုခြင်း”တရားတော်တွင် အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

> သင်၏ရှင်သန်မှုတွင် ဒါနမပါလျှင်၊ ကုသိုလ်မပါလျှင်၊ ဘာဝနာမပါလျှင် အဖိုးသိပ်မတန်လှပေ။
> ထိုသို့သော ရှင်သန်နေထိုင်ခြင်းမျိုးသည် သင့်အတွက် စိတ်ကျန်းမာခြင်းနှင့် စိတ်အာဟာရ

ပြည့်ဝမှုကိုမပေးနိုင်ချေ။ စစ်ပွဲသို့ဝင်ကာသတ်သည်။ ခိုးသည်။ လိမ်လည်သည်။ ဖုံးခွဲသည်။ စစ်ပွဲပြီးနောက် ထိုသို့ပြုလုပ်ခြင်းများကို ပြင်းထန်စွာဆန့်ကျင်သည့် ထိုစစ်ပွဲမှ အသက်ရှင်ကျန်ရစ်သူများကိုကြည့်ပါ ။ အသက်ဆုံးရှုံးရမည်ကို စိတ်ထိခိုက်စွာ ကြောက်ရွံ့နေသည့် ဝါရင့်စစ်သည်ဟောင်းများကိုကြည့်ပါ။ ၎င်းတို့အသက်ရှင်ကျန်ရစ်ခဲ့သည်။ သို့သော် ပေးဆပ်ရမှုကတော့ ကြီးမားလှပါသည်။ ပေးဆပ်ခဲ့ရသည့် အဖိုးအခမှာ စိတ်၏ကောင်းသောဟိတ်များပင်ဖြစ်သည်။ ကောင်းသောဟိတ်များကို အားဖြည့်ခြင်းအားဖြင့် စိတ်၏သန့်ရှင်းစင်ကြယ်မှုကိုဖြစ်စေနိုင်ပါသည်။

အချို့က ကြုံတွေ့ရသော ထိတ်လန့်ဖွယ်အခြေအနေများနှင့် မရေရာသော နိုင်ငံရေးပြဿနာများအတွက် စစ်အင်အားသုံးရခြင်းမျိုးကို မလွဲမရှောင်သာဖြစ်သော လိုအပ်ချက်တခုအဖြစ် ရှုမြင်ကြသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပြုလုပ်ခြင်း၊ လှူဒါန်းမှုများ ပြုလုပ်အားဖြင့် ပြုခဲ့သောမကောင်းမှုကံကိုကုစားရန် အချို့ကနည်းလမ်းရှာကြသည်။ ကောင်းသောကံသည် မကောင်းသောကံကိုပယ်ဖျက်နိုင်သည်ဟူသောအတွေးအခေါ်ကို ဗုဒ္ဓဘာသာကလက်မခံသော်လည်း မည်သည့်ကံကဦးစွာအကျိုးပေးမည်ကိုမူ ပြောင်းလဲပေးနိုင်ကောင်းပေးနိုင်ပါသည်။ ပြုခဲ့သောမကောင်းမှုကံကိုကုစားရန် ပြုလုပ်သည့်ကောင်းမှုများသည် ထိုကောင်းကံများ၏ချက်ချင်းအကျိုးပေးမှုကြောင့် ပိုမိုကောင်းမွန်သော လက်ရှိဘဝနှင့် သေပြီးနောက်တွင်လည်း ကောင်းသည့်ဘုံဌာနများသို့ဦးတည်ကောင်းဦးတည်နိုင်ပါသည်။ ပြုခဲ့သည့်မကောင်းသောကံ၏အကျိုးကို မရှောင်လွဲနိုင်သော်လည်း ကောင်းသောကံများပြုလုပ်ခြင်းအားဖြင့် စိတ်အဆင့်မြင့်မားခြင်းကိုပိုမိုလွယ်ကူစေပါသည်။ သို့သော်လည်း ဗုဒ္ဓတရားတော်များကို စစ်ဆန့်ကျင်ရေးအဖြစ် တရားသေအဓိပ္ပာယ်စွဲယူထားသော အချို့လူအများအတွက် မကောင်းမှုများကိုကုစားရန် ကောင်းမှုများပြုလုပ်ခြင်းဟူသောအယူအဆကို လက်ခံဖို့ရန်ခက်ခဲပါသည်။ ထို့အပြင် အခြားအကြောင်းများကြောင့်ဖြစ်စေ၊ ရောထွေးယှက်တင်ဖြစ်နေသည့်အကြောင်းများကြောင့်ဖြစ်စေ၊ ပြုပြီးသော ကိစ္စကို ကုစားရန်အတွက် တရားတော်များကို လိုသလိုအသုံးချခြင်းကြောင့်ဖြစ်လာမည့် အန္တရာယ်ကြောင့်ဖြစ်စေ လက်ခံရန်ခက်ခဲပါသည်။ မည်သည့်နည်းနှင့်ပင်ဖြစ်စေ စစ်အတွင်းပါဝင်ပတ်သက်သည့်သူအားလုံး၏အကျိုး အတွက် စစ်ဖြစ်သည်နှင့် တတ်နိုင်သမျှ အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခကြောင့်ထိခိုက်ဆုံးရှုံးရမှုကို နည်းနိုင်သမျှနည်းစေရန်အတွက်သော်လည်းကောင်း၊ အာဏာအလွဲသုံးစားပြုမှုနှင့် စစ်ပွဲကြောင့် ထိခိုက်ဆုံးရှုံးရမှု များကို နည်းနိုင်သမျှနည်းစေရန် နည်းလမ်းရှာဖွေနေကြသည့် တိုင်းပြည်အုပ်ချုပ်သူများကိုလည်းကောင်း ဗုဒ္ဓဘာသာက လမ်းညွှန်မှုပေးထားပါသည်။

**အုပ်ချုပ်မှုဆိုင်ရာဗုဒ္ဓဘာသာတို့၏ စံ**

ဗုဒ္ဓဘာသာဝင်တို့၏စံပြဖြစ်သော အုပ်ချုပ်သူဘုရင်သည် အကြမ်းဖက်မှုမပါသော၊ တရားဓမ္မနှင့်အညီအုပ်ချုပ်သော စကြာဝတေးမင်းဖြစ်သည်။ (ပါဠိစာပေတွင် စကြာရတနာကိုလည်စေနိုင်သောသူ၊ စက္ကဝတ္တိ ဟုခေါ်သည်။) သူသည် သူ့ကိုယ်တိုင်ကိုပင် တရားဖြင့်လွှမ်းခြုံထားသူဖြစ်သည်။(An.III.149) ပါဠိစာပေတွင် စကြာဝတေးမင်းအယူအဆကို *စက္ကဝတ္တိ-သီဟနာဒ သုတ္တံ* (Dn.III. 58-79)[18] တွင်တွေ့ရသည်။ ကြီးမားသောအင်အားနှင့် စစ်တပ်ရှိနေသော်လည်း စကြာဝတေးမင်းသည် ရန်သူဖြစ်လာနိုင်ချေရှိသူတို့အပေါ် စစ်ရေးဖြင့်အနိုင်ယူခြင်းမျိုးကိုမပြုလုပ်ပေ။ အကြောင်း ကား သူ့ထံတွင် တရားမျှတစွာအုပ်ချုပ်နိုင်သောစွမ်းရည်ရှိသောကြောင့်ပင်တည်း။ သူ၏အတိတ်ဘဝအချို့တွင် လက်နက်စွဲကိုင်ခြင်းမရှိဘဲ တလောကလုံးကိုအောင်မြင်ခဲ့သော စကြာဝတေးမင်းဖြစ်ခဲ့ဖူးကြောင်း မြတ်စွာဘုရား က မိန့်တော်မူခဲ့ဖူးသည်။ (An. IV. 89-90, cf. Dn. I. 88-89; Dn. III. 59) ပါဝါအမာ (hard power) နောက်ခံအဖြစ် ရှိသော်လည်း ပါဝါအပျော့ (soft power) ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုကို ဒဏ္ဍာရီသဖွယ်ဖြစ်နေသော ထိုစံနမူနာမျိုးနှင့် ချိတ်ဆက်ကောင်းချိတ်ဆက်နိုင်ပါသည်။ စကြာဝတေးမင်းကဲ့သို့သော တိုင်းပြည်အုပ်ချုပ်သူ နှင့်ပတ်သက်၍ စာပေတွင်ဖော်ပြထားသောအချက်များတွင် အောက်ပါအချက် များ ပါဝင်ပါသည်။

(၁) တရား၌တည်ခြင်း၊ တရားစောင့်ခြင်း (၂) မိမိသား မယားစသည်၌လည်းကောင်း၊ စစ်သည် ဗိုလ်ပါ၌လည်းကောင်း၊ နယ်မြေအတွင်း နေထိုင်တည်ရှိသော အခြားပုဂ္ဂိုလ်များ၌လည်းကောင်း၊ တိရစ္ဆာန်များ၊ ငှက်များ၌လည်းကောင်း နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ ကာကွယ်ပေးခြင်း (၃) မိမိနယ်မြေအတွင်း အနိုင်အထက်နှိပ်စက် မတရားမှုများပြုလုပ်ခြင်းမှ ကာကွယ်ပေးခြင်း (၄) ဆင်းရဲသားများကို ပစ္စည်းဥစ္စာများထောက်ပံ့ပေးကမ်းခြင်း (၅)ကိုယ်ကျင့် တရားကောင်းမွန်၍ တရားဓမ္မကျင့်ကြံသူ (ရဟန်းသာမဏေများ)ထံသို့ ချဉ်းကပ်၍ အဘယ်သည် ကုသိုလ်ပါနည်း။ အဘယ်သည်အကုသိုလ်ပါနည်း။ အဘယ်သည် အပြစ်ရှိ ပါသနည်း။ အဘယ်သည် အပြစ်မရှိပါသနည်း။ အဘယ်ကိုကျင့်သုံးအပ်ပါသနည်း။ အဘယ်ကိုမကျင့်သုံးအပ် ပါသနည်း။ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည် ရှည်စွာသောကာလပတ်လုံး အစီးအပွား မဲ့ခြင်းငှာ၊ ချမ်းသာခြင်းငှာဖြစ်ပါသနည်း။ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည်ရှည်စွာသော ကာလပတ်လုံး အစီးအပွားရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ပါသနည်းတို့ကို မေးမြန်းကာ ရဟန်း သာမဏေများမှ ပြန်လည်ဖြေကြားသည့် အကြံပြုချက်များကိုလက်ခံကျင့်သုံးခြင်း (Dn. III.61, အမှတ်စဉ်များ ထည့်သွင်းရေးသားထားပါသည်။ အင်္ဂလိပ်ဘာသာပြန်မူရင်းကို Collins ၁၉၉၈၊ နှာ ၆၀၄ မှ အကျဉ်းချုပ်ယူထားပါသည်။)

ခဏတာသာဖြစ်ပြီး မတည်မြဲသည့်အုပ်ချုပ်ရေးအာဏာကို တရားဓမ္မနှင့်အညီကျင့်သုံးသင့်ရုံသာမက အချိန်ယူကာ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသူများထံမှ ကုသိုလ်ရကြောင်းလမ်းညွှန်မှုများနှင့် အကြံဉာဏ်များရယူသင့်ကြောင်း ဆိုလိုခြင်းပင်ဖြစ်သည်။ စက္ကဝတ္တိ-သီဟနာဒသုတ္တံဒေသနာတော်တွင်

အခြေခံအားဖြင့် အစိုးရတရပ်၏တာဝန် ဝတ္တရားများကို ဖော်ပြထားသော်လည်း ကိုယ်ကျင့်တရား လုံးဝဥသုံပျက်ယွင်းလာကြသည့်အချိန်တွင်မူ ပြည်သူ လူထုကသာ အသိပေးဆော်ဩပေးကြကာ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော လူ့အဖွဲ့အစည်းအဖြစ် ပြန်လည် ဦးတည်စေပါသည်။ B.G.Gokhale ၏ပြောကြားချက်အရ "တိုင်းပြည်၏နောက်ခံလမ်းညွှန်စိတ်ထားအဖြစ် မြင့်မား ကြီးမြတ်သောကိုယ်ကျင့်တရားကိုကျင့်သုံးခြင်း" (၁၉၆၆၊ ၂၂) ဆိုသည့် အိန္ဒိယနိုင်ငံရေးသီအိုရီကို ဗုဒ္ဓဘာသာက ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာနှင့်စံပြအုပ်ချုပ်မှုပုံစံတို့ကြား ဆက်သွယ်နေမှုဟူသည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာနိုင်ငံများတွင် လက်ခံကျင့်သုံးသည့်စံနှုန်းများကဲ့သို့ IHL ၏ စည်းမျဉ်းစည်းကမ်း အယူအဆ များကို ဗုဒ္ဓဘာသာအနေဖြင့် လမ်းဖွင့်ပေးသင့်ကြောင်းနှင့် စစ်ပွဲနှင့်ပတ်သက်၍ တိုင်းပြည်အုပ်ချုပ်သူ ရှင်ဘုရင်များ အနေဖြင့် မည်သို့ပြုမူသင့်သည်ဆိုသော ဗုဒ္ဓဘာသာအဆုံးအမများကို ရှာဖွေတွေ့ရှိနိုင်ကြောင်းတို့ပင် ဖြစ်သည်။

စစ်တွင်းကာလတွင် မည်သို့ပြုမူကျင့်သုံးသင့်ကြောင်း ရှင်းလင်းတိကျသောစည်းမျဉ်းများ သတ်မှတ်ပေး ခြင်းမျိုးထက် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံသဘောတရားများ ဟောကြားရခြင်းကို မြတ်စွာဘုရားက နှစ်သက်ပုံပေါ်ပါသည်။ စစ်တွင်းကာလတွင် မည်သို့ပြုမူကျင့်သုံးသင့်ကြောင်း ရှင်းလင်းတိကျသောစည်းမျဉ်းများ သတ်မှတ်ပေးခြင်းသည် ဗုဒ္ဓ၏ အကြမ်းမဖက်မှုစံနှုန်းကို အားနည်းသွားစေနိုင်ပါတယ်။ (Schmithausen 1999, 51) သို့ဖြစ်သော်လည်း တိုင်းပြည်များအကြား လက်နက်ကိုင်ပဋိပက္ခကြောင့် အသက်များ၊ ဘဝများဆုံးရှုံးရခြင်းနှင့် ဆင်းရဲဒုက္ခရောက်ရခြင်းများကို အနည်းဆုံးဖြစ်အောင်လျှော့ချနိုင်ရေးနှင့်သက်ဆိုင်သည့် ဗုဒ္ဓဘာသာ၏ အခြေခံ ကိုယ်ကျင့်တရားအကြောင်းခြင်းရာများကို ဇာတကဇာတ်တော်များတွင် တွေ့နိုင်ပါသည်။ ဗုဒ္ဓဘာသာဂိုဏ်း အားလုံး၌တွေ့နိုင်သည့် ထိုဇာတကဇာတ်တော်များသည် ရှင်ဘုရင်အဖြစ်၊ မှူးမတ်အဖြစ်၊ ဘုရင့်ပုရောဟိတ်အဖြစ်၊ စစ်သည်တော်အဖြစ်၊ တိုက်ပွဲဝင်မြင်း၊ တိုက်ပွဲဝင်ဆင်အဖြစ် အဖန်ဖန်ကျင်လည်ခဲ့ရသည့် ဗုဒ္ဓ၏ရှေးဘဝများ အကြောင်း၊ စစ်ပွဲများအတွင်း ကျွမ်းကျင်လိမ္မာမှုနှင့် စောင့်စည်းထိန်းသိမ်းနိုင်စွမ်းတို့သည် သေဆုံးမှုအနည်းဆုံးနှင့် ရန်သူများအပေါ်အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ကြောင်းတို့ကိုဖော်ပြနေပါသည်။ (Jenkins 2017) ဇာတက ကျမ်းစာများ၏ အဓိကဇာတ်တော်များသည် ဘုရားမဖြစ်မီ ရှေးဘဝများအကြောင်းများကို ဖော်ပြခြင်းဖြစ်သည့် အတွက်ကြောင့် ထိုဇာတ်တော်များသည် ကျင်လည်ရာသံသရာလောကအကြောင်းကိုလည်း ဖော်ပြပေးပါသည်။ ထို့အပြင်၎င်းတို့သည် သံဃာ့အဖွဲ့အစည်းအတွက်သာမဟုတ်ဘဲ လောကီလူသားများအရေးနှင့်ပါ သက်ဆိုင်နေ ပါသည်။ ထိုဇာတ်တော်များသည် သုတ္တံများနှင့်အခြားကျမ်းများတွင်တွေ့ရသော အခြေခံသဘောတရားများကို ဖော်ပြနေပြီး စစ်ဥပဒေသများအပါအဝင် ရုပ်ထွေးလှသော လက်တွေ့မျက်မြင်အမှန်တရားများနှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာ၏ အရေးပါသောကိုယ်ကျင့်တရားဆိုင်ရာအယူအဆများကို ဖော်ပြနေပါသည်။ အခြားယဉ်ကျေးမှု ဓလေ့ထုံးစံများကဲ့သို့ ရှုပ်ထွေးလှသော လက်တွေ့အမှန်တရားများကို ဇာတကကဲ့သို့

ဇတ်ကြောင်းပြန်လည်ပြောပြ သည့် စာပေများမှတဆင့်သင်ကြားပေးခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် အကောင်းအဆိုးရွေးချယ်ရသည့်အခါ၊ သံသယများကိုကိုင်တွယ်ဖြေရှင်းရသည့်အခါ၊ မတူညီသော မျှော်လင့်ချက်များကိုဖြည့်ဆည်းရသည့်အခါတို့တွင် ကြုံတွေ့ရသောအခက်အခဲများနှင့် တကယ့်အခြေအနေမှန် ကြားကွာဟချက်ကို သိစေသည့်အတွက်ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် ထိုဇာတ်တော်များတွင် ဖော်ပြထား သော ဘုရားအလောင်းတော်၏ ကိုယ်ကျင့်တရားသည် များသောအားဖြင့် သာမန်လူများထက်သာလွန်သည့် မြင့်မားသောစိတ်ပိုင်းဆိုင်ရာအဆင့်တခုကို ကိုယ်စားပြုနေတတ်သည်။ ထို့ကြောင့်မျက်မှောက်ခေတ် ကိုယ်ကျင့် တရားအဆင့်အတန်းများကို နှိုင်းယှဉ်အကဲဖြတ်ရာတွင် ဘုရားအလောင်းတော်၏ ကိုယ်ကျင့်တရားကို စံပြ အနေဖြင့်တိုင်းတာရန်မှု ကန့်သတ်ချက်ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။

အသဒိသဇာတ်တော် (no. 181, Jat. II. 87-90) တွင် အသဒိသမင်းသားသည် ထူးချွန်သောစစ်သူကြီးအဖြစ် ဂုဏ်သတင်းကြီးပါသည်။ အင်အားနည်းသည့်ဗာရာဏသီမင်းကို တိုက်ခိုက်လိုသည့် အခြားရှင်ဘုရင်များကို အကယ်၍ဗာရာဏသီမင်းကိုစစ်ပြုလျှင် အင်အားနည်းသူဗာရာဏသီမင်းဘက်မှ ရပ်တည်ကာရင်းတို့ကို နှိမ်နင်း မည်ဖြစ်ကြောင်း မင်းသားက သတိပေးတားမြစ်ခဲ့ပါသည်။ ယင်းသတိပေးချက်ဖြင့် အသက်ပေါင်းများစွာဆုံးရှုံးမည့် စစ်ပွဲဖြစ်လာမည့်ဘေးကိုတားမြစ်နိုင်ခဲ့ပါသည်။ ဤနည်းဖြင့် မင်းသားသည် ယင်ကောင်ငယ်လေး သောက်လောက် ရုံမျှဖြစ်သည့် သွေးစက်မျှလောက်ပင် မထွက်မကျစေဘဲ ရှင်ဘုရင် (၇) ပါး ကိုဖိအားပေးခြောက်လှန့်ခဲ့သည်” ဟု ဇတ်တော်ကိုနိဂုံးချုပ်ထားသည်။ (Jat. II. 90) ကုသဇာတ်တော် (no. 531, Jat V. 247-311)၌လည်း ဘုရား အလောင်းတော် ကုသဘုရင်သည် ယောက္ခမဖြစ်သူမဒ္ဒမင်းကို တိုက်ခိုက်လာသည့် ရှင်ဘုရင် (၇)ပါး ကို အနိုင်ယူခဲ့ ပါသည်။ အနိုင်ရပြီးနောက် မဒ္ဒမင်းက စစ်ရှုံးဘုရင် (၇)ပါး ကို အဆုံးစီရန်ရန် ပြောသော်လည်း ကုသမင်းက မသတ်ပဲ မိဖုရား၏ညီမများဖြစ်ကြသည့် သူ၏ခယ်မများနှင့် ထိုမင်းတို့ကို လက်ဆက်စေသည့် ရိုးရာနည်းဖြင့် ထိုမင်း (၇)ပါးနှင့် မဟာမိတ်ဖွဲ့ခဲ့ပါသည်။ (Jat. V. 311)

မဟာဥမင်္ဂဇာတ်တော် (no. 546, Jat. VI. 329-478)[19] တွင်လည်း ဝေဒေဟမင်း၏ ပညာရှိအမတ်ကြီး ဖြစ်သူ ဘုရားအလောင်းတော် မဟောသဓာပညာရှိအကြောင်းကို ဖော်ပြထားပါသည်။ အိမ်နီးချင်းဖြစ်သော အင်အားတောင့်တင်းလှသည့် ဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋပုဏ္ဏား၏ အကြံပေးချက်ကြောင့် စစ်ပြုပြီး ဝေဒေဟ မင်း၏ တိုင်းပြည်ကိုသိမ်းပိုက်ရန် စီစဉ်ခဲ့သည်။ ကေဝဋ္ဋပုဏ္ဏား၏ ပထမအကြံအစည်မှာ တိုင်းပြည်ငယ် (၁၀၀)မှ မင်းများကို ဝေဒေဟမင်းအား ဆန့်ကျင်ရန် ပရိယာယ်သုံး၍ စည်းရုံးရန်ဖြစ်သည်။ ထို့နောက်တွင်မှ နောင်တွင်ရန်သူ ဖြစ်လာ နိုင်ချေရှိသည့် ထိုမင်းများကို အဆိပ်ခတ်သတ်ပြီး ဖယ်ရှားရန်ဖြစ်သည်။ မဟော်သဓာသည် ကေဝဋ္ဋ ပုဏ္ဏား၏ ထိုအစီအစဉ်ကို သူ၏လျှို့ဝှက်ထောက်လှမ်းရေးများ မှတစ်ဆင့်

သိရှိလာခဲ့သည်။ (၁၀၀)သော မင်းတို့သည် ရန်သူများ ဖြစ်ကြသော်လည်း မဟောသဓာက ၎င်းတို့ကိုအဆိပ်ကျွေးသတ်မည့် ကေဝဋ္ဋပုဏ္ဏား၏ အစီအစဉ်ကိုပျက်အောင် လုပ်ဆောင်ခဲ့ပါသည်။ ကေဝဋ္ဋပုဏ္ဏား၏နောက်အစီအစဉ်သည် ဖြပ္မွဒတ်မင်း၏ သမီးတော်ကို ဝေဒေဟမင်းထံ ဆက်သရန်ဖြစ်ပြီး ဝေဒေဟမင်းလက်ဆက်ရန်လာချိန်တွင် လုပ်ကြံသတ်ဖြတ် ရန်ပင်ဖြစ်သည်။ မဟောသဓာ၏ သတင်းပေးများသည် ထိုအကြောင်းကို ထပ်မံသတင်းပေး လာကြပါသည်။ ထိုအခါတွင် ဝေဒေဟမင်း၏အသက်ကို ကယ်တင်ရန် မဟောသဓာသည် ကျွမ်းကျင်ပါးနပ်စွာဖြင့် ဗျူဟာခင်းခဲ့ရာ နောက်ဆုံးတွင်အသက်နှင့်စည်းစိမ်ဥစ္စာ ဆုံးရှုံးပျက်စီးမှုအနည်းဆုံးဖြင့် ဖြပ္မွဒတ်မင်းစစ်တပ်၏ ရည်မှန်းချက်များကို ပျက်ပြယ်စေခဲ့ပါသည်။ ရလဒ်အဖြစ် ဝေဒေဟမင်းသည် ဖြပ္မွဒတ်မင်း၏သမီးတော်ကို အောင်မြင်စွာ လက်ဆက်နိုင်ခဲ့ကာ မဟောသဓာ၏လိမ္မာပါးနပ်သည့် နည်းစနစ်များကြောင့် ရှင်ဘုရင်များအား မဟာမိတ်ဖွဲ့စေခြင်းဖြင့် အားလုံး၏ရန်ညှိုးများ၊ ရန်လိုမှုများကို အဆုံးသတ်နိုင်ခဲ့ပြီး ဘဝများစွာ ဆုံးရှုံးပျက်စီး ရမည့်ဘေးကို ကာကွယ်နိုင်ခဲ့ပါသည်။ ထိုသို့ကာကွယ်နိုင်ခဲ့ခြင်းသည် IHL ၏ နယ်ပယ်အပြင်မှဖြစ်သော်လည်း ( jus ad bellum- နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံအပေါ် တရားဝင်စစ်ပွဲ စတင်ဆင်နွှဲနိုင်ခွင့် (စစ်ပြုနိုင်ခွင့်) ယင်းသည်လက်နက်ကိုင် ပြဿနာများကြောင့်ဖြစ်ပေါ်လာမည့် ဆင်းရဲဒုက္ခများကို ကာကွယ်ရန်၊ နည်းနိုင်သမျှနည်းအောင်လျှော့ချနိုင်ရန် ဆိုသည့် ဗုဒ္ဓဘာသာ၏ ယေဘုယျသဘောတရားကို ထင်ဟပ်စေပါသည်။

ဇာတကဇာတ်တော်များတွင် ဘုရားအလောင်းတော်သည် ပွင့်လင်းမြင်သာသော အုပ်ချုပ်ပုံ၊ အုပ်ချုပ်နည်း လမ်းညွှန်မှုကို ပေးထားပါသည်။ "မင်းကြီး ... စစ်မှန်သော မင်းကောင်းမင်းမြတ်ဟူသည် မင်းကျင့်တရား ဆယ်ပါး(*ဒသ-ရာဇ-ဓမ္မ*)နှင့်အညီ၊ အမျက်ဒေါသမထားဘဲ၊ တရားနှင့်အညီမျှတစွာ တိုင်းပြည်ကိုအုပ်ချုပ်ရ၏" (Jat. III. 274, Jat. V. 378) Deegalle က မင်းကျင့်တရားဆယ်ပါးကို အစိုးရတရပ်တွင် ပါဝင်သူများအတွက် လမ်းညွှန်စည်းကမ်း(၁၀)ချက်ဟု ဖွင့်ဆိုဖော်ပြထားသည်။ (Deegalle 2017a, 25)မင်းကျင့်တရားဆယ်ပါးမှာ - ၁။ မျှဝေပေးကမ်းခြင်း(ဒါန)၊ ၂။ ကိုယ်ကျင့်တရား(သီလ) ၃။ ကိုယ်ကျိုးစွန့်လွှတ်နိုင်မှု(ပရိစ္စာဂ)၊ ၄။ ရိုးသားမှုနှင့် သိက္ခာစောင့်ထိန်းမှု(အဇ္ဇဝ) ၅။ သိမ်မွေ့ညင်သာမှု(မဒ္ဒဝ)၊ ၆။ မိမိကိုယ်ကိုစောင့်ထိန်းနိုင်မှု(တပ)၊၇။ အမျက်ဒေါသ ကင်းမှု(အက္ကောဓ)၊ ၈။ အကြမ်းမဖက်မှု(အဝိဟိံသာ)၊ ၉။ သည်းခံနိုင်မှု(ခန္တီ)၊ ၁၀။ လူထု၏ဆန္ဒနှင့် ကောင်းကျိုးကို မဆန့်ကျင်မှု(အဝိရောဓန)[20] တို့ဖြစ်ပါသည်။ ထိုမင်းကျင့်တရားဆယ်ပါးထဲမှ အချက်များသည် စစ်ဖြစ်နေလျှင်ပင် စစ်ကိုရှောင်ရှားလိုသောသဘော၊ စာနာသောအပြုအမူ၊ ရန်လိုမှုကို ရပ်တန့်လိုခြင်းသဘော၊ အနိုင်ရသူမှ ရှုံးနိမ့်သူအပေါ် စစ်အင်အားအသုံးပြု၍ ထပ်မံဒုက္ခပေးခြင်းသဘောတို့ကို မကျင့်သုံးရန် တိုက်တွန်းထားသည်ကို တွေ့မြင်နိုင်ပါသည်။

ယခုခါထင်ရှားမရှိတော့သည့် လောကုတ္တရဝါဒဗုဒ္ဓဘာသာဂိုဏ်း၏ မဟာဝတ္ထုကျမ်း (Mvs.I.274-277) တွင် အုပ်ချုပ်သူဘုရင်များနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်အချို့ကို ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ -

ဝိဝါဒ များကိုဘက်မလိုက်ဘဲ မျှတစွာဖြေရှင်းပေးရန်၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများစွာကိုလက်ခံပေးရန်၊ အိမ်နီးချင်း နိုင်ငံများနှင့် မဟာမိတ်ပြုရန်နှင့် သေသေချာချာစိစစ်စဉ်းစား၍ မျှမျှတတ လုပ်ကိုင်ဆောင်ရွက်ရန်ဆိုသည့် အချက်များ ပါဝင်ပါသည်။

နောက်ပိုင်း ဗုဒ္ဓစာပေကျမ်းစာများတွင်လည်း အုပ်ချုပ်သူဘုရင်များအတွက် လမ်းညွှန်ချက်များကို ဆက်လက်ဖော်ပြထားပါသည်။ ယင်းလမ်းညွှန်ချက်အများစုသည် အင်အားအသုံးပြုမှုကို လက်ခံကာ ကိုင်တွယ် ဖြေရှင်းနည်းများဖြစ်သည်။ မဓျမိကဂိုဏ်း (Madhyamaka)၏ ထင်ရှားသောအတွေးအခေါ်ပညာရှင် နာဂဇုန (Nagajuna 150-250 CE) ၏ ပေးစာအသွင်ရေးသားထားသော ကျမ်း(၂)စောင်ဖြစ်သည့် ရတနာဝလီ - (Ratnāvalī ရတနာပန်းကုံး (သို့) ရတနမာလာကျမ်း) နှင့် ဆုဟရိလေခါ Suhṛllekhā "မိတ်ဆွေထံပေးစာ")တို့တွင် အုပ်ချုပ်သူဘုရင်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားတို့ကို မြှင့်တင်ပေးရန် အဖိုးတန်သောကိုယ်ကျင့်တရားစံ များစွာပါဝင်ပါသည်။ "ရတနာပန်းကုံး"ကျမ်းကို သတ္တဝါဟနအင်ပါယာ (Śātavāhana Empire)၏ ငယ်ရွယ် သေးသည့် အုပ်ချုပ်သူဘုရင် အတွက်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့ထဲမှ အချို့မှာ-

၂၅၅။ မှူးမတ်များမှ တင်ပြသည့်အရာအားလုံးကို ကိုယ်တိုင်လေ့လာသင့်သည်။ အမြဲတစေ လောက အတွက် အကျိုးရှိမည့်နည်းလမ်းဖြင့်သာ အရာရာကိုဆောင်ရွက်ပါလေ။

၂၅၆။ မိမိအကျိုးရှိရန် မည်သို့ပြုလုပ်ရမည်ကို သေချာစဉ်းစားသည့်နည်းတူ အခြားသူများအကျိုး အတွက်လည်း မည်သို့ပြုလုပ်သင့်သည်ကို သေချာစဉ်းစားသင့်သည်။

၃၂၃။ ယဉ်ကျေးမှုအစဉ်အလာကိုသိသူ၊ တရားစောင့်သုံးသူ၊ ယဉ်ကျေးသူ၊ ဖြူစင်သူ၊ ယုံကြည်ရသူ၊ ရန်မလိုသူ၊ မိဘမျိုးရိုးကောင်းသူ၊ အမြင်တင့်တယ်သူ၊ ကျေးဇူးသိတတ်သူများကို မှူးမတ်အဖြစ် ရာထူး ခန့်အပ်ပါ။

၃၂၄။ သနားကြင်နာခွင့်လွှတ်တတ်သူ၊ အလိုနည်းသူ၊ ရဲရင့်သူ၊ ယဉ်ကျေးသူ၊ ယုံကြည်ထိုက်သူ၊ အမြဲတစေသတိကြီးစွာ ကောင်းမွန်မှန်ကန်စွာ ပြုလေ့ရှိသူ၊ တရားစောင့်သူကို စစ်သေနာပတိအဖြစ် ခန့်အပ်ပါ။

၃၂၇။ သင်၏အစိုးရသည် နာမည်ဂုဏ်သတင်းကျော်စောမှုနှင့် အလိုဆန္ဒတို့အတွက်မဟုတ်ဘဲ တရား မျှတမှုအတွက် ဆောင်ရွက်ပါမူ လွန်စွာအကျိုးများပေလိမ့်မည်။ သို့မဟုတ်လျှင် အကျိုးရှိမည်မဟုတ်ပေ။

၃၂၈။ မျိုးရိုးကောင်းမွန်၍အတွေ့အကြုံကြွယ်ဝသူ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုသိသူ၊ မကောင်းမှုမှ ရှောင်ကြဉ်သူ၊ ပြုလုပ်သင့်သည့်အမှုကိစ္စတို့ကို သိသူတို့အားအကြံပေးအဖြစ် သင့်ပတ်ဝန်းကျင်တွင် ခြံရံ

ထားသင့်သည်။ (အင်္ဂလိပ်ဘာသာပြန်ကို Tamas Agocs, Harvery 2018, Chapter 4, V.12 မှယူ၍ ဘာသာပြန်ထားပါသည်)[21]

“မိမိကိုယ်တိုင်အရာရာကိုစူးစမ်းလေ့လာပါ” ဟူသော ပထမအချက်သည် လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ပဋိပက္ခတွင် ပါဝင်နိုင်ခြေရှိသူများ၏ အရေးနှင့်ပတ်သတ်၍ မိမိစိတ်ထင်ရာအတိုင်း ဆုံးဖြတ်သတ်မှတ်ခြင်း မျိုးကို လက်မခံသင့်ကြောင်းဆိုလိုခြင်းဖြစ်သည်။စတုတ္ထအချက်တွင်ရေးသားထားသည့် စစ်သေနာပတိ၏ နှစ်သက်ဖွယ် ရာအရည်အသွေးများသည် ၎င်းနှင့်၎င်း၏လက်အောက်ငယ်သားများ မိမိကိုယ်ကိုထိန်းသိမ်းနိုင်စွမ်း၊ စောင့်ထိန်း နိုင်စွမ်းရှိကြောင်းသေချာစေမည့် အရည်အချင်းများနှင့်ဆက်စပ်နေပါသည်။

*အာရယသတ္တကပရိဝတ္တ* (Ārya-satyaka-parivarta)သည် နောက်ထပ်အစောပိုင်း မဟာယာနကျမ်း တစ်စောင် ဖြစ်ပါသည်။ ယင်းကျမ်းသည် ထို့နည်းတူ အုပ်ချုပ်သူဘုရင်များအတွက် လမ်းညွှန်ချက်များကို ဖော်ပြထားကာ အောင်မြင်မှုဟူသည် လူသားများကိုကာကွယ်ရန်အတွက်သာဖြစ်သင့်ပြီး ဘဝများပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ နည်းစေရန် ပြုလုပ်ပေးဖို့ရန်ဖြစ်သင့်ကြောင်းကို အလေးအနက်ထား ဖော်ပြထားပါသည်။ အသောကကျောက်စာများ၏လွှမ်းမိုးမှုကြောင့်ပေလော (အသောကဘုရင်အကြောင်းကို အောက်တွင်ဆွေးနွေးမည် ဖြစ်သည်) အာရယသတ္တကပရိဝတ္တကျမ်းသည် တိဗက်တွင် ဩဇာတိက္ကမကြီးမား ပါသည်။ (Asp. 8, 46: 206-208)[22] အလားတူပင် The Humane King Sutra (Renwang huguo banruo poluomiduo jing [T8.246])အမည်ရ တရုတ်မူရင်းဖြစ်နိုင်သည့် ထိုကျမ်းစာကို တရုတ်ဗုဒ္ဓဘာသာကျောင်းများ၌ အစိုးရနှင့်တိုင်းပြည် ကို ကောင်းချီးမင်္ဂလာပေးဖို့ရန် ရွတ်ဆိုကြပါသည်။ ယင်းကျမ်းသည် ရဟန်းတော်များနှင့် ဒကာ၊ ဒကာမများထက် အုပ်ချုပ်သူများကို အဓိကထား ဟောကြားထားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး၊ စစ်ပွဲဆိုင်ရာကိစ္စများတွင် ဗုဒ္ဓတရားတော်နှင့်အညီ တိုင်းပြည်ကိုမည်သို့အုပ်ချုပ်သင့်ကြောင်း အကြံပေးထားပြီး၊ အများကောင်းကျိုးကို ဆောင်ရွက်ပေးခြင်း၊ သည်းခံခြင်း၊ လူသားဆန်မှုတို့ကို စံပြုထိုက်သော အုပ်ချုပ်သူကောင်း တစ်ယောက်အတွက် အဓိကထားအပ်သော စံတန်ဖိုးများအဖြစ် မီးမောင်းထိုး ဖော်ပြထားပါသည်။[23]

အပြန်အလှန်အားဖြင့် ဆိုးရွားသောအုပ်ချုပ်သူဘုရင်အကြောင်း ဥပမာကိုလည်း တစ်ဆင့်ချင်း ဖြည်းဖြည်းချင်း တိုင်းပြည်ကိုဖျက်ဆီးမယ့်သူအနေနှင့် ဖော်ပြထားပါသည်။ *အင်္ဂုတ္တရနိကာယ်* (An. II. 74) တွင် ရှင်ဘုရင်ကမတရားသဖြင့် ပြုမူဆောင်ရွက်လျှင် (အဓမ္မိက)၊ မှူးမတ်များအားလည်း အလားတူ မတရားသဖြင့် ပြုလုပ်ရန် အားပေးအားမြှောက်ပြုရာ ရောက် သည်။ ထိုမတရားသဖြင့် ပြုမူဆောင်ရွက်ခြင်းသည် ရဟန်းပုဏ္ဏား များ၊ သူဌေးသူကြွယ်များဆီသို့ ပြန့်နှံ့သွားကာ ထိုမှတစ်ဆင့် မြို့ရွာအနှံ့မှ ပြည်သူပြည်သားများထံ ပျံ့နှံ့သွားသည်ဟု ဖော်ပြထားပါသည်။ ထိုဖြစ်ရပ်သည် အထက်မှအကျင့်ပျက်သည့်အခါ လူ့အဖွဲ့အစည်း၏ အောက်ခြေအထိ အလွယ်တကူ ပျံ့နှံ့ကူးစက်သွားပုံပင်ဖြစ်သည်။ အုပ်ချုပ်မှုဆိုင်ရာ ဗုဒ္ဓဘာသာတို့၏စံသည်

စစ်ပွဲအပါအဝင် အင်အားကို အလွန်အကျွံအသုံးပြုရန် အမိန့်ပေးသူ၊ အားပေးသူ၊ ဆောင်ရွက်သူ ထိုသို့ပြုလုပ်ခြင်းကို လက်ခံသူ ဆိုသည့် နိုင်ငံတစ်နိုင်ငံ၏အရေးပါသူများကို အကဲဖြတ်ရာတွင် အသုံးဝင် ကိုက်ညီနေပါသည်။

## ဗုဒ္ဓနှင့် အုပ်ချုပ်သူဘုရင်များကြား ဆက်ဆံရေး

အရေးကိစ္စများအောင်မြင်ပြီးစီးရန် အကြမ်းဖက်နည်းလမ်းများအသုံးပြုသည့် အုပ်ချုပ်သူဘုရင်များနှင့်ပတ်သက်၍ ဗုဒ္ဓဆက်ဆံပြုမူပုံဇာတ်လမ်းများကို အစောပိုင်းပါဠိကျမ်းစာများတွင်တွေ့မြင်နိုင်ပါသည်။ ဗုဒ္ဓ၏ အဓိကဥပသကာ များထဲမှ တစ်ဦးဖြစ်သောပသေနဒီကောသလမင်းကို စဉ်းစားချင့်ချိန်မှုရှိသော ခုခံစစ်အကြိမ်ကြိမ် ဆင်နွှဲခဲ့သူတဦး အဖြစ် ပါဠိကျမ်းစာများတွင်တွေ့နိုင်ပါသည်။ (e.g., Sam. I. 82-83 and 83-85) ရန်လိုတတ်သောတူတော်မောင် အဇာတသတ်ဘုရင်၏ တိုက်ခိုက်အနိုင်ယူခြင်းကို ခံရသည့်အချိန်တွင် ဗုဒ္ဓက ပသေနဒီကောသလမင်းအား အောင်နိုင်သောသူသည် ရန်ကိုပွားကုန်၏။ ရှုံးသောသူသည်ဆင်းရဲစွာနေရ၏။ အောင်နိုင်ခြင်း၊ ရှုံးခြင်းကိုစွန့်၍ ငြိမ်သက်စွာနေသောသူသည်သာ ချမ်းသာစွာနေရလတ္တံ့ (Sam. I. 83; Dhp. 201) ဟု မိန့်တော်မူ၏။ တစ်နည်း ဆိုရလျှင် ဗုဒ္ဓသည် ပဋိပက္ခပြဿနာအပေါင်းပြည့်နှက်နေသည့်လောကကိုစွန့်လွှတ်နိုင်လျှင် ရရှိမည့်အကျိုးကျေးဇူး များနှင့် ကျေနပ်ဖွယ်အဖြေမရှိသော စစ်ရေးဆိုင်ရာပြဿနာများအပေါ် အလေးအနက် သုံးသပ်ဆင်ခြင်တော် မူခြင်းဖြစ်သည်။ တစ်ဖန် ပသေနဒီကောသလမင်းမှ အဇာတသတ်မင်းအား ပြန်လည်အနိုင်ရရှိ လာသည့်အခါတွင် ဗုဒ္ဓက “သူတစ်ပါးကို အောင်နိုင်သောသူသည် မိမိအားသူတစ်ပါးအနိုင်ခံရ၏။ .... စင်စစ် အကျိုးပေးဝိပါတ် လည်သဖြင့် လုယက်ဖျက်ဆီးတတ်သော ထိုယောကျ်ားသည် တစ်ဖန်လုယက်ခြင်းကိုခံရ၏” (Sam. I. 85) ဟု ဟောတော်မူခဲ့ပါသည်။ ယင်းသည် ခုခံကာကွယ်ရသည့်အနေအထားမျိုးတွင် အကြမ်းဖက်မှုသည် မှန်ကန်ကြောင်း ပြောလိုရင်းမဟုတ်ဘဲ ရန်လိုသူရန်ပိုတတ်သည့်သဘောကို ဖော်ပြခြင်းပင်ဖြစ်သည်။ ရန်လိုမှုကို အားပေးခြင်း မပြုဘဲ ကိုယ်ပြုသောကံ ကိုယ့်ထံပြန်ဆိုသည့်အတိုင်း မကောင်းသောကံသည် မကောင်းကျိုးပေး တတ်ခြင်းကို ပြခြင်းဖြစ်သည်။

ဒုတိယအကြိမ် ထပ်မံစစ်ဆင်ရာတွင် ပသေနဒီကောသလမင်းက အဇာတသတ်မင်းအား အနိုင်ရရှိကာ အဇာတသတ်၏ အလုံးစုံသောစစ်တပ်ကို သိမ်းယူလိုက်ခြင်းအားဖြင့် ပြန်လည်ကလဲ့စားချေလိုက်သည့်အတွက် ၎င်းင်းတို့ကြား စစ်ပွဲဆက်လက်ဖြစ်ပွားခဲ့ပါသည်။[24] ထိုဖြစ်ရပ်အပေါ် Khantipalo ကတော့ ယခုလိုမှတ်ချက်ပြု ပါသည် -

> အမြဲဒုက္ခပေးနေတတ်သည့် တူတော်အဇာတသတ်၏စစ်တပ်ကို ပသေနဒီကောသလမင်းက သိမ်းယူခဲ့သည့် လုပ်ရပ်သည် အကျိုးမဲ့ကြောင်းဖြစ်သည်ကို ဗုဒ္ဓက မြင်တော်မူပါသည်။ ထိုလုပ်ရပ်၏ အကျိုးဆက်သည် ကောသလမင်းကို အနိုင်ပြန်တိုက်ရန် စစ်ရှုံးဘုရင်

> အဇာတသတ် ၏သန္နိဋ္ဌာန်ကို ပို၍ခိုင်မာသွားစေခဲ့ပါသည်။ ဒီဘက်ခေတ်တွင် ပထမကမ္ဘာစစ်အပြီး ဂျာမနီ၏ အလွန်များပြားလှသော စစ်လျော်ကြေးကိစ္စသည် နောက်ထပ်နမူနာကောင်းတခုဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်နှင့် ဟာစ်တလာအရေးတွင် မြင်ခဲ့ရသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကလဲ့စားချေခြင်းပင်ဖြစ်သည်။ (Khantipalo 1986, 14)

စစ်ပွဲလွန်ကာလအခြေအနေတွင် တွေ့ဆုံဆွေးနွေးကာ ပြေငြိမ်းလိုသောသဘောထားသာ မရှိခဲ့လျှင် ရှုံးနိမ့်သူ၏ အမုန်းတရား သည် ကြီးထွားလာကာ နောင်တချိန်တွင် ပြဿနာများကို ဖန်တီးလာနိုင်ကြောင်းကို ဗုဒ္ဓက ပြတော်မူပါသည်။ ယင်းသဘောတရားများသည် IHL တွင် စည်းမျဉ်းချိုးဖောက်မှုများနှင့်ပတ်သက်၍ မည်သို့ ကိုင်တွယ်သင့်ကြောင်း၊ မည်သို့ဖြေရှင်းသင့်ကြောင်း အပြင် စစ်ပွဲလွန်ကာလတရားမျှတမှု ( jus post bellum) နှင့် IHL ကြား ပိုမိုကျယ်ပြန့်သည့်ဆက်စပ်မှုအတွက် ဗုဒ္ဓဘာသာမှပေးနိုင်သော အကြံပြုချက်များလည်း ဖြစ်နိုင်ပါသည်။

Elizabet Harris က ပသေနဒီကောသလမင်းနှင့် ဗုဒ္ဓတို့ကြား အပြန်အလှန်ပြောဆိုချက်များမှ ဒွိဟဖြစ်ဖွယ် အခြေအနေ တရပ်ကိုသတိပြုမိသည်။ (၁၉၉၄ယ ၁၈) ဗုဒ္ဓသည် အသုရာများနှင့်တိုက်ခိုက်ရာတွင် နတ်ကောင်းများ ဘက်မှ ဦးဆောင်ခဲ့သော နတ်တို့သနင်းသိကြားမင်းကို မကဲ့ရဲ့ခဲ့သကဲ့သို့ ပသေနဒီကောသလမင်းအား စစ်ပွဲ ဆင်နွှဲခြင်းနှင့်ပတ်သက်၍ တိုက်ရိုက်ကဲ့ရဲ့ဝေဖန်ခြင်းမျိုး မည်သည့်အခါမှ မပြုလုပ်ခဲ့ပေ။ ခုခံစစ်ဆင်နွှဲပြီး နောက်တွင်မှပင် ဗုဒ္ဓက ပသေနဒီကောသလ မင်းကို "သူတော်ကောင်းများ(ကလျာဏ)အတွက် မိတ်ဆွေ၊ အဆွေခင်ပွန်းကောင်းတစ်ယောက်အဖြစ်" သတ်မှတ်ခဲ့ပါသေးသည်။ ခြုံပြောရလျှင် ပသေနဒီကောသလမင်းသည် ကောင်းမွန်မြင့်မြတ်မှုကို ပြုလုပ်ရန်ကြိုးစားနေသော်လည်း ရှုပ်ထွေးလှသည့်အမှန်တရားများနှင့် ရှင်ဘုရင် တစ်ပါး၏ တာဝန်ဝတ္တရားများကြား ရောက်ရှိနေသော အကောင်းအဆိုးဒွန်တွဲနေသည့် ဘုရင်တစ်ပါးအဖြစ် ဖော်ပြထားပါသည်။ ထိုသို့ဒွိဟဖြစ်စရာအခြေအနေမျိုးကို ပိဋကတ်တော်၏ အခြားနေရာများတွင်လည်း တွေ့ရပါသည်။ "တရားဓမ္မ (တရားဥပဒေ၊ ကိုယ့်ကျင့်သီလ၊ မှန်မှန်ကန်ကန်ကျင့်သုံးမှု) နှင့်အညီ မသတ်ဘဲ၊ မသတ်စေဘဲ၊ အနိုင်မယူဘဲ၊ အနိုင်ယူစရာမလိုဘဲ၊ ဝမ်းနည်းပူဆွေးစရာမလိုဘဲ၊ ဝမ်းနည်းပူဆွေးအောင် လုပ်စရာမလိုဘဲ အုပ်ချုပ်နိုင်သော" ရှင်ဘုရင်ဖြစ်နိုင်ပါသလားဟု ဗုဒ္ဓက စဉ်းစားတော်မူခဲ့ဖူးသည်ကို တွေ့နိုင်ပါသည်။ (Rajja Sutta, Sam. I. 116-117) *ရဇ္ဇသုတ္တံ*တွင် တရားမျှတသော မင်းကောင်းမင်းမြတ်အဖြစ် သံသရာ၌ကျင်လည်နေထိုင် နိုင်ပါသည်ဟု မာရ်နတ်၏ တိုက်တွန်းလျှောက်ထားချက်ကို ဗုဒ္ဓက ငြင်းပယ်တော်မူခဲ့သည့်အတွက် မတည်မြဲသော ရှင်ဘုရင်ဘဝတွင် တွေ့ကြုံရမည့်အန္တရာယ်များအတွက် ဗုဒ္ဓ၏ စိတ်မသက်မသာမှုအဖြစ် မြင်နိုင်သော်လည်း အဂ္ဂညသုတ္တံ-"မူလဘူတတရားတော်" တွင်မူ

အုပ်ချုပ်သူဘုရင်အဖြစ် (သို့) အင်အားတောင့်တင်းခိုင်မာသည့် အစိုးရတရပ်၏ လိုအပ်ချက်အရည်အချင်းများကို ပထမဦးဆုံး ဘုရင်၏ရာဇဝင်အကြောင်းတွင် ဖော်ပြထား ပြန်ပါသည်။ (Dn. III.80-98) ထိုသုတ္တံတွင် လောဘအခြေခံသည့် အကြမ်းဖက်လုပ်ရပ်များ၊ တရားမမျှတမှုများမှ ထွက်ပေါ်လာသည့် ပြဿနာများဖြစ်ပြီးနောက် ပြည်သူလူထုသည် တရားဥပဒေနှင့် လူအဖွဲ့အစည်းကို ထိန်းသိမ်း စောင့်ရှောက်ရန် ကိုယ်ကျင့်တရားအပြည့်ဝဆုံးပုဂ္ဂိုလ်ကို အုပ်ချုပ်သူ ဘုရင်အဖြစ်ရွေးချယ်လိုက်ကြသည်။ ပြန်လည်သုံးသပ်ကြည့်လျှင် ဗုဒ္ဓသည် လောကီစွန့်ခွာရေးလမ်းစဉ်ကို အမြဲမပြတ် အားပေးတိုက်တွန်းသော်လည်း ဘုရင်တစ်ပါး၏ တာဝန်ဝတ္တရားများနှင့် ၎င်းတို့၏သဘောသဘာဝ ဆိုသည့် အဖြစ်မှန်သဘောများကို ထည့်သွင်း စဉ်းစားတော်မူပါသည်။ တစ်ဆက်တည်းဆိုရလျှင် ဗုဒ္ဓက စစ်သည်တော်များသည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရန်တာဝန်ရှိကာ ၎င်းတို့သဘောအတိုင်း နှုတ်ထွက်ခွင့် မရှိကြောင်းကို အသိအမှတ်ပြုတော်မူသည့် အတွက် စစ်သည်တော်သည် စစ်တပ်တာဝန်များမှ အနားမရဘဲ၊ အခွင့်မရဘဲ ရဟန်းခံခွင့်မရှိဟူသောသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသည်။ (Vin. I. 73-74)

## ရာဇဝင်ထဲမှ စံပြုထိုက်သော ဗုဒ္ဓဘာသာအုပ်ချုပ်သူများ

ဘီစီ (၃) ရာစုအလယ်ပိုင်းတွင် တောင်အာရှဒေသတခုလုံးနီးပါးကို အုပ်ချုပ်ခဲ့သော မောရိယနိုင်ငံ၏ အသောက( ပါဠိ-အသော က၊ သက္ကတ-အရှောက)ဘုရင်မင်းမြတ်သည် ရာဇဝင်ထဲမှ စံပြုထိုက်သော၊ အရေးပါဆုံးဖြစ်သော ဗုဒ္ဓဘာသာဘုရင်တစ်ပါးဖြစ်ပါသည်။ အခြားမင်းမျိုးမင်းနွယ်များအကြား အသောကဘုရင်ကို ထူးခြားအောင် လုပ်ပေးသည့်အချက်မှာ စစ်၏အနိဋ္ဌာရုံများကိုတွေ့မြင်ခံစားနောင်တရပြီးနောက် သူ၏ထိရောက်အောင်မြင်သော ပြုပြင်ပြောင်းလဲမှုနှင့် လူပုဂ္ဂိုလ်အစုအဖွဲ့အတန်းအစားတရပ်အတွက်မျှသာမကပဲ သူ၏သြဇာသက်ရောက်ရာ နယ်နိမိတ်အတွင်း နေထိုင်သူအားလုံးအကျိုးရှိစေကြောင်း သူအမြဲမပြတ် ကျင့်သုံးခဲ့သည့် မူဝါဒများပင်ဖြစ်သည်။ သူချန်ထားခဲ့သောကျောက်စာများနှင့် ရာစုနှစ်များစွာလက်ဆင့်ကမ်းလာခဲ့သော ဗုဒ္ဓစာပေမှတ်တမ်းများအရ ကြမ်းကြုတ်ရက်စက်မှုများကိုစွန့်လွှတ်ကာ အခြားဘာသာတရားယဉ်ကျေးမှု အစဉ်အလာများကိုလည်း ထောက်ပံ့ ပေးသည့် အလွန်အရေးပါသည့် ဗုဒ္ဓဘာသာသာသနာပြုဘုရင်တပါးအဖြစ် ဖော်ပြနေပါသည်။ အတိအကျဆိုရလျှင် သူ၏ကျောက်စာတစ်ချပ်၌ ကလိင်္ဂကျူးကျော်စစ်ပွဲအတွင်း လူတသိန်းခန့် သေကြေပျက်စီးကြခြင်းများနှင့် ဒုက္ခရောက်ကြရခြင်း များကို မြင်တွေ့ကာ သူနောင်တရသည့်အကြောင်းကို ဖော်ပြထားပါသည်။ (ကလိင်္ဂသည် ယနေ့ခေတ် အိန္ဒိယအရှေ့ပိုင်း သြရိဿ ပြည်နယ်ဖြစ်သည်) (Nikam and McKeon, 1959, 27-30) ထို့နောက်တွင် သူသည် အကြမ်းဖက်အုပ်ချုပ်ခြင်းအစား တရားဓမ္မနှင့်အုပ်ချုပ်ရန် ဆုံးဖြတ်ပြီး အိမ်နီးချင်းဒေသများဆီသို့ ဓမ္မကို ဖြန့်ဝေပေးမည့် သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ပါသည်။

ထိုသို့သောသမိုင်းမှတ်တမ်းအရ အသောကဘုရင်သည် စစ်ပွဲကိုစွန့်လွှတ်ခဲ့သည့် ထူးခြားသော စံနမူနာပြ ဘုရင်တစ်ပါးဖြစ်ရုံမျှမက အာရှတစ်ဝှမ်းဗုဒ္ဓဘာသာပြန့်ပွားလာစေရန် အဓိက ပံ့ပိုးပေးခဲ့သူလည်းဖြစ်သည်။ (Gombrich2015) (၅)ရာစုတွင်ရေးသားခဲ့သည့် သမန္တပါသာဒိကာဝိနည်းအဋ္ဌကထာတွင် သံဃာတော်များ အချင်းချင်းကြားဖြစ်သောပြဿနာကိုဖြေရှင်းပေးရန် သူစေလွှတ်ခဲ့သည့်အမတ်ကြီးသည် ရဟန်းများကို ရက်ရက် စက်စက်အပြစ်ပေးပြီး ရဟန်းအချို့ကို အဆုံးစီရင်လိုက်ချိန်တွင် အသောကမင်းသည် အကြီးအကျယ်နောင်တရ ခဲ့ကြောင်းကို ဖော်ပြထားပါသည်။ (Gethin 2012, 24-25) ထိုအဖြစ်အပျက်သည် သံဃာ့အဖွဲ့အစည်းအတွင်း ဘုရင်ပါဝင်ပတ်သက်နိုင်သော အခန်းကဏ္ဍများကို မြင်သာစေခဲ့ပါသည်။ အုပ်ချုပ်သူများသည် သံဃာ့ အဖွဲ့အစည်းကိုစင်ကြယ်အောင်ကူညီနိုင်သည်။သာသနာပြုစေလွှတ်နိုင်သည်။ လှူဒါန်းထောက်ပံ့ပူဇော်နိုင်သည်။ သို့သော် ဝိနည်းချိုးဖောက်မိသဖြင့် သံဃာ့ဘောင်မှ ထုတ်ပယ်ခံရသည့် ရဟန်းများအပေါ်တွင်တောင်မှ အကြမ်းဖက်ခြင်းမျိုးသည်မသင့်တော်ပေ။[25] စင်စစ်အသောကမင်းသည် အကြမ်းဖက်မှုကို လုံးဝဥဿုံ စွန့်လွှတ် ခဲ့ခြင်းတော့မဟုတ်ပေ။ ဗုဒ္ဓဘာသာဖြစ်လာခဲ့သည့်နောက်တွင်လည်း သူ၏စစ်တပ်ကိုဆက်လက်ထားရှိခဲ့ပါသည်။ စစ်ပွဲအတွင်း အသက်ဆုံးရှုံးခဲ့ရသူများအတွက် နောင်တရခဲ့သော်လည်း ညှိနှိုင်းပြောဆိုရခက်ခဲသော တောင်ပေါ် ဒေသနေ လူမျိုးစုများအားသတ်ဖြတ်ခြင်းအားရှောင်ကြဉ်ရန်၊ ဒုစရိုက်မှုများကျူးလွန်ခြင်းမှ ရပ်တန့်ကြရန် ဟန့်ထားလိုသည့်သဘောဖြင့် အပြစ်ပေးနိုင်သောပါဝါ သူ့တွင်ရှိနေသည်ကို ပြသရန်အတွက်လည်းကောင်း၊ တိုင်းပြည်ကိုကာကွယ်ရန်ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း စစ်တပ်ကိုထားရှိပုံရပါသည်။ (Florida 2013, 335) အသောကမင်း၏မူဝါဒအချို့နှင့် စစ်ပြီးကာလသူ၏ဆောင်ရွက်ချက်ပုံစံသည် ဒေသတွင်းပုန်ကန်မှုများကို နှိမ်နှင်း ရန် အမျှော်အမြင်ရှိသောနိုင်ငံစီမံအုပ်ချုပ်မှုသဘော သက်ရောက်သော်လည်း တဖက်တွင်မူ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးနောက်ပိုင်း အသောကမင်းဆောင်ရွက်ခဲ့သော စကြာဝတေးမင်းဆိုသည့် စံနမူနာသည် ဗုဒ္ဓဘာသာတွင် ယနေ့ခေတ်အထိ စံပြအဖြစ် ရှိနေဆဲဖြစ်သည်။

သမိုင်းနှင့်ချီပြောရလျှင် ဗုဒ္ဓဘာသာနိုင်ငံများမှ အုပ်ချုပ်သူဘုရင်များတွင် ဗုဒ္ဓဘာသာစံ တန်ဖိုးများ လွှမ်းမိုးမှုရှိသော်လည်း ယင်းသည်ပင် ထောက်ပြစရာဖြစ်ခဲ့သည့် ဥပမာများရှိပါသည်။ သီလစောင့်ထိန်းပြီး အကြမ်းမဖက်မှုသဘော ကို သူ၏ဘဝတွင်သာမက နိုင်ငံအုပ်ချုပ်ရာတွင်ပါ စည်းကမ်းအနေနှင့် စံပြကျင့်သုံးပြကာ ရာဇဝတ်သားများကို သေဒဏ်ပေးရန်၊ ရန်သူများကိုအင်အားသုံးနှိမ်နှင်းရန် ငြင်းဆိုခဲ့သော ခရစ်နှစ် (၂၄၇-၂၄၉) ကာလဝန်းကျင် သီရိလင်္ကာနိုင်ငံ အနုရာဓပုရမြို့ကိုအုပ်ချုပ်ခဲ့သည့် သီရိသဃ်ဗောဓိ (ပါဠိဖြင့် သိရီသဃ်ဗောဓိ) ဘုရင်အကြောင်း သည်ထောက်ပြစရာဖြစ်လာပါသည်။ ထိုသို့ကျင့်သုံးသည်ကို အမြင်မတူသော အနီးကပ်ပြိုင်ဖက် များမှ လုံးလုံးသည်းမခံနိုင်တော့သည့်အခါ တိုင်းပြည်မှနှင်ထုတ်ခံရပြီး ရန်သူ့ထံပေးရန် သူ၏ဦးခေါင်းကိုဖြတ်ပေး ခြင်းအားဖြင့် အဆုံးတွင်သူ့ကိုယ်သူစတေးခဲ့ပါသည်။ (Mvm. 36. 73-97; Deegalle 2014, 581-583; Deegalle 2017 a, 42-46) သီလနှင့်ပြည့်စုံသော အုပ်ချုပ်မှုအကြောင်း အခြားဥပမာတခုမှာ

ထိုင်းနိုင်ငံ၏ ဘုရင်နရဆွန် ( မ.၁၅၉၀- ၁၆၀၅) ပင်ဖြစ်သည်။ အယုဒ္ဓယကိုဗမာကတိုက်နေချိန် စစ်မြေပြင်တွင် သူ၏စစ်သူကြီးများ၏ သစ္စာဖောက် ခြင်းကို ခံခဲ့ရသော်လည်း တိုက်ပွဲအောင်နိုင်ခဲ့သည့် နရဆွန်ဘုရင်သည် ထိုစစ်သူကြီးများကို အပြစ်ပေးရန် ခေါင်းဆောင်ရဟန်းတော်တစ်ပါးနှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ “ယင်းအဖြစ်အပျက်များသည် ဘုရင်မင်းမြတ်၏ ဘုန်းကံ ကြီးမြတ်မှုကို ထင်ရှားပြဖို့ရန် ဖြစ်ပေါ်လာခြင်းသာဖြစ်သည်” ဟု ရဟန်းတော်က အကြံပြုခဲ့ပြီး နရဆွန် ဘုရင်သည် လည်း ထိုသူများအပေါ်ခွင့်လွှတ်ခြင်းဖြင့် ဗုဒ္ဓ၏တရားတော်အပေါ် သူ၏ယုံကြည်လိုက်နာကျင့်သုံးမှုကို ပြသခဲ့ ပါသည်။ (Deegalle 2014, 586-588)

ဗုဒ္ဓဘာသာ၏စံတန်ဖိုးများကို လိုက်နာကျင့်သုံးကာ ယင်းတို့ကိုနိုင်ငံအုပ်ချုပ်ရာတွင် အသုံးပြုခဲ့ကြသည့် ဘုရင်များ အကြောင်းသည် ထိုမျှလောက်တင်မကပေ။ အကြမ်းမဖက်ခြင်းနှင့် လူအများအား အလေးထားဂရုစိုက် သည့် မူဝါဒ များကို ကျင့်သုံးသည့်နေရာတွင် သီရိသင်္ဃဗောဘုရင် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို ထောက်ချင့်ခြင်း အားဖြင့် ယင်းသို့ကျင့်သုံးခြင်းသည် တိုင်းပြည်အုပ်ချုပ်ရာတွင် လက်တွေ့မကျသည့်နည်းလမ်း ဖြစ်လေသလား၊ သို့မဟုတ် အကြမ်းမဖက်မှုဆိုသည့် မြင့်မြတ်သောလမ်းစဉ်ကို လူတိုင်းကအပြည့်အဝလိုက်နာ ကျင့်သုံးခြင်းမရှိ လျှင် အချိန်မရွေး၊ အဖွဲ့အစည်းမရွေး အကြမ်းဖက်မှုများနှင့်ပဋိပက္ခများဖြစ်လာနိုင်ကြောင်းကို တိတိပပ ဖော်ပြ နေခြင်းပင်လားဆိုသည့် အဓိကကျသည့်မေးခွန်းများကိုမေးလာစေပါသည်။[26]

## ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ခြင်းနှင့် စစ်သည်တစ်ယောက်ဖြစ်ခြင်း

IHL သည် ဥပဒေကိုလေးစားလိုက်နာရသည့်အခြေအနေမှလွဲ၍ စစ်သည်တစ်ယောက်၏ ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး ထင်မြင်ချက်မပေးသော်လည်း ဗုဒ္ဓကျမ်းစာများကမူ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ အလေးအနက် ထားပါသည်။ *ယောဓာဇီဝသုတ္တံ* - စစ်သည်တော်သုတ္တံ၊ ကျမ်းစာဖွင့်ဆိုချက်အရ (ယောဓာဇီဝ)ဆိုသည် အသက်မွေး ဝမ်းကြောင်းပြုရန်အတွက် စစ်တိုက်သူကိုဆိုလိုကာ စစ်သည်နှင့်ကြေးစားစစ်သားကြား ကွဲပြားခြားနားချက်ကို မူဖော်ပြမထားချေ။ ထိုသုတ္တံတွင် ဗုဒ္ဓကို တစ်ယောက်သောစစ်သူကြီးက စစ်ပွဲအတွင်းအသက် ဆုံးရှုံးသွားလျှင် နတ်ပြည်သို့ရောက်နိုင်၊ မရောက်နိုင်မေးမြန်းခဲ့ပါသည်။ သူ၏မေးခွန်းသည် စစ်ပွဲ၌ သေဆုံးသွားသောစစ်သည် တော်များအတွက် သီးသန့်နတ်ပြည်ရှိကြောင်းဆိုသည့် ဟိန္ဒူကျမ်းစာအချို့တွင်တွေ့ရသော အယူအဆနှင့်တူနေ ပါသည်။ အခြားသူများအား သေစေလိုသည့်စိတ်ဆန္ဒ၊ မကောင်းသောစိတ်နှင့်တကွ သေဆုံးရခြင်းဖြစ်သည့်အတွက် ထိုသို့သောပုဂ္ဂိုလ်သည် စစ်စစ်အားဖြင့် ငရဲ(သို့မဟုတ်)တိရစ္ဆာန်ဘုံတို့တွင် ပြန်လည်မွေးဖွားရသည်ကို ဗုဒ္ဓက ဝန်လေးစွာဖြင့်ရှင်းပြထားပါသည်။

*ယောဓာဇီဝ*-စစ်သူကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်အရိုအသေပေးကာ "မြတ်စွာဘုရား တပည့်တော် ယခုလိုကြားခဲ့ဖူးပါ၏။ စစ်မြေပြင်တွင် ကြိုးစားတိုက်ပွဲဝင်နေစဉ် စစ်သားတစ်ယောက် အသတ်ခံ လိုက်ရသည့်အခါ ခန္ဓာကိုယ်ပြိုကွဲပျက်စီးသေဆုံးပြီးနောက် ထိုသူသည်နတ်ပြည်တွင် ပရဇိတ မည်သောနတ် (battle-slain devas) တို့၏ အပေါင်းအဖော်ဘဝသို့ရောက်သည်ဟု ကြားဖူးပါ၏။ ယင်းအယူအဆကို အရှင်ဘုရား မည်သို့ပြောချင်ပါသနည်း} ဟု မေးမြန်း လျှောက်ထားခဲ့သည်။ .... "ဂါမဏိစစ်သူကြီး - အမှန်စင်စစ် သင့်အား ထိုမေးခွန်းကိုမမေးမြန်းရန် တားမြစ်ခြင်းသည် မရ ခဲ့ချေ။ ယခုငါအဖြေပေးပေမည်။ စစ်သူကြီး- စစ်မြေပြင်တွင်ကြိုးစားတိုက်ခိုက်နေသော စစ်သည်၏ စိတ်သည် ထိုလူများကိုသတ်ပစ်ရမည်၊ သတ်ဖြတ်ရမည်၊ ချေမှုန်းရမည်၊ ဖျက်ဆီး ပစ်ရမည်၊ ထိုတစ်ဖွဲ့လုံးကို ချေမှုန်းသုတ်သင်ရမည်ဆိုသည့်အတွေးများနှင့် ယုတ်ညံ့နေကာ လမ်းလွဲနေပြီး ဖြစ်သည်။ ထိုအချိန်တွင် တခြားသူ၏ သတ်ခြင်းခံရကာ သေပြီးနောက် သူသည် ပရဇိတမည်သော ငရဲ (battle-slain hell) ၌ကျရောက်ရ၏။ (တိုက်ခိုက်ရင်းအသက်ဆုံးရှုံး သွားလျှင် နတ်ပြည် သို့ရောက်ကြောင်း မှားယွင်းစွာ ယုံကြည်ထားသောသူများသည်) ငရဲ (သို့) တိရစ္ဆာန်ဘဝ နှစ်မျိုးထဲမှ တစ်ခုသို့ကျရောက်ရ၏" (Sam. IV. 308-309; Bodhi 2003, 1334-1335)

ဆင်တပ်စစ်သူကြီး(*ဟတ္ထာရောဟ*)နှင့် မြင်းတပ်စစ်သူကြီး(*အဿာရောဟ*) တို့မှမေးသည့်အခါတွင်လည်း ဗုဒ္ဓက တူညီသော အဖြေကိုဖြေဆိုတော်မူပါသည်။ (Sam. IV. 310) သေသည့်အချိန်တွင်ဖြစ်သည့် စိတ်အခြေအနေသည် အဓိကအကြောင်းမဟုတ်ပေ။ ဗုဒ္ဓအဘိဓမ္မာမှညွှန်ပြထားသည့် စိတ်ပိုင်းဆိုင်ရာအကြောင်းအကျိုး ဆက်သွယ်မှု များကို အသေးစိတ်လေ့လာမှုအရ တစ်ဦးတစ်ယောက်ကို စိတ်လိုလက်ရသတ်ဖြတ်ခြင်းဟူသည် ဒေါသ(သို့) မောဟတွင်အခြေခံသည့် အကုသိုလ်စေတနာ၏ အကျိုးဆက်ပင်ဖြစ်သည်။ ထိုသို့သတ်ဖြတ်ခြင်းသည် ဖြူစင်သော ကုသိုလ်စိတ်စေတနာကြောင့်မဖြစ်နိုင်ပေ။ (Gathin 2004, 175) အဘယ်ကြောင့်ဆိုသော် အားလုံးအတွက် ပိုကောင်းသောရလဒ် ရလိုသည့်ဆန္ဒကြောင့်သော်လည်းကောင်း၊ အများအတွက်ဆိုသည့် အကြောင်းပြချက် ကြောင့်သော်လည်းကောင်း သတ်ဖြတ်ခြင်းအမှုကိုပြုသော်လည်း အစောပိုင်း ဗုဒ္ဓဘာသာအဆုံးအမအရ ယင်းသတ်ဖြတ်သည့် အကုသိုလ်ကံ၏ မကောင်းသောအကျိုးကို ရှောင်လွှဲမရသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ နောက်ပိုင်းမှတိုးတက်လာသည့် ဥပါယ(ဥပါယ်တံမျဉ်သုံးခြင်း)ဆိုသည့်အယူအဆကို ဆန်းစစ်ရာတွင် မိမိတို့တွေ့ခဲ့ ရသည့်အတိုင်း မဟာယာန၏ *ဥပါယကောသလသုတ္တံ* တွင်ဖော်ပြထားသည်မှာ ဘုရားအလောင်းတော် အရင့်အမာ ကြီးသော်မှ အများအကျိုးအတွက် အနစ်နာခံကာ သတ်ခြင်းအမှုကိုပြုသောကြောင့် ငရဲကျနိုင်ခြေရှိသည့် အကျိုးဆက်ကိုလက်ခံရပါသည်။ ထိုသို့လက်ခံနိုင်ခြင်းသည်ပင် အများအတွက် အနစ်နာခံသတ်ပေးသူအတွက် ငရဲကိုမကျရောက်ဘဲ ရှောင်လွှဲနိုင်သည့်အကြောင်းတရားဖြစ်သည်ဟု ဆိုပါသည်။ ထိုတရားတော်များ၏ ရှေ့နောက်ညီညွတ်မှုကပင် ယောဓာဇီဝသုတ္တံကို သတ်မှုသက်သက်ထက် သတ်မှု၏နောက်ကွယ်မှ လုံးဝတွန်းအား

ပေးနေသည့်အရာအဖြစ် အဓိပ္ပာယ်အသစ်ဖွင့်ဆိုရန်ကြိုးပမ်းမှုကို ပျက်ပြယ်သွားစေပါသည်။[27] အဘိဓမ္မာအရ သတ်ခြင်းအမှုသည် အမြဲတစေ အကုသိုလ်စေတနာမှသာဖြစ်ပေါ်သည်။ စစ်မြေပြင်၌သတ်ဖြတ်နေချိန်တွင် ဖြစ်သည့် စိတ်အားထက်သန်မှုနှင့် စိတ်စေတနာသည် မကောင်းသောဘဝအကျိုးဆက်ကိုပေးရာတွင် ခံစားရမည့် မကောင်းကျိုးပမာဏနှင့် ခံစားရမည့်အချိန်အတိုင်းအတာအပေါ်ကို အကျိုးသက်ရောက်မှုရှိမည်ဆိုသောအချက် ကိုမူ သဘာဝကျပါသည်ဟုဆိုပါသည်။

(၄) ရာစု၏ ဩဇာကြီးမားသောပညာရှင်ရဟန်းတော် ဝသုဗန္ဓု (Vasubandhu) က တစ်စုံတစ်ယောက်ကို သတ်ဖြတ်မှုအတွက် စစ်မြေပြင်ရှိစစ်သားအားလုံးတွင်တာဝန်ရှိပါသည် ဟုဆိုပါသည်။ (Akb.IV. 72c-d) တစ်ဦးတစ်ယောက်က တခြားတစ်ယောက်ကို ကိစ္စတစ်ခုခုလုပ်ရန် အမိန့်ခိုင်းစေခြင်းတွင် ထိုကိစ္စအတွက် စေခိုင်းသူရော၊ ပြုလုပ်သူရောတာဝန်ရှိသည်ဟု ဗုဒ္ဓဘာသာကတိတိကျကျဆိုပါသည်။ ဘုရင့်အမိန့်ကြောင့် လုပ်ရခြင်းဖြစ်သည်ဟုဆိုသော်လည်း မကောင်းမှုကိုကျူးလွန်မိသည့်အတွက်ကြောင့် ငရဲသို့ ကျရောက်နိုင်ပါသည်။ (Mn. II. 188; Harvey 1999, 280) မှန်ပါသည်။ ထိုနှစ်ယောက်ထဲမှ အမိန့်ပေးသူ စေခိုင်းသူသည်ပိုတာဝန်ရှိပါသည်။ သို့ဖြစ်သော်လည်း အမိန့်ခံယူရသူသည် မတရားသော၊ မကောင်းသော အမိန့်ကို မလိုက်နာရမည့်တာဝန်ရှိပါသည်။ ဤအချက်သည် မတရားသဖြင့်ထုတ်သောအမိန့်များကို ဥပမာအားဖြင့် ပြည်သူလူထုကိုသတ်ဖြတ်ရန် အမိန့်ပေး လာခြင်းမျိုးကို မလိုက်နာဘဲနေရန် စစ်သားတစ်ယောက်ချင်းစီတွင် တာဝန်ရှိသည်ဟုဆိုသော IHL ၏ အလေးထားမှု နှင့်ထပ်တူကျနေပါသည်။

စစ်ပွဲအမိန့်ကိုနာခံခြင်းနှင့်ပါဏာတိပါတ-ပထမသိက္ခာပုဒ်ကိုချိုးဖောက်ခြင်း၏
အကုသိုလ်အကျိုးဆက်နှစ်ခုကြား ဝိရောဓိ ဖြစ်ရမှုသည် ဗုဒ္ဓဘာသာဝင်စစ်သားတယောက်အတွက် အဓိက စဉ်းစားစရာပင်ဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ ဘုရင်မစစ်တပ်တွင် တာဝန်ကျသော ဗုဒ္ဓဘာသာဘုန်းကြီး Sunil Kariyakarawana (2011,7) က ဗြိတိသျှစစ်တပ်မှ ဗုဒ္ဓဘာသာဝင်ဒုဗိုလ်မှူးကြီးတစ်ဦး၏စကားကို ကိုးကား ဖော်ပြထားသည် -

> စစ်သည်များ၊ အရာရှိများအနေဖြင့် စစ်မြေပြင်တွင် တွေ့ဝေကာချီတုံချတုံဖြစ်ရမည့် အခြေအနေမျိုး စစ်တပ်တွင် မရှိပေ။ ယင်းသည် တရားမဝင်သောအမိန့်များကို မျက်စိမှိတ် လိုက်နာရန်အတွက် တိုက်တွန်းနေခြင်းမဟုတ်။ သို့သော်မည်သို့သော အခြေအနေမျိုး တွင်မဆို အမိန့်နာခံတတ်ရန် စစ်သားအားလုံးကို သင်ကြားပေးထားပါသည်။ အကယ်၍ အမိန့် သည် တရားမဝင်သောအမိန့်မျိုးဖြစ်ခဲ့လျှင်မူ တစ်မျိုးစဉ်းစားရပေမည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် အမြဲဆန်းစစ်လေ့ရှိပါသည်။
>
> - လက်နက်ကိုင်စစ်အင်အားကိုအသုံးပြုခြင်းနှင့်ပတ်သက်၍ မိမိတို့အစိုးရသည် သေသေချာချာ မှန်မှန်ကန် ကန် စဉ်းစားဆောင်ရွက်ထားသည်ဟု ယုံကြည်မှုရှိပါသလား

- မိမိတို့စစ်တပ်သည် လူသားဆန်နိုင်သမျှ လူသားဆန်ဆန် ဆောင်ရွက်ပါသလား

- မိမိတို့ဆောင်ရွက်နေသောကိစ္စများသည် ကောင်းဖို့လုပ်နေခြင်းဖြစ်သည်ဟု စဉ်းစားပါသလား ဟူ၍ ကျွန်ုပ် ကိုယ့်ကိုကိုယ်အမြဲ ဆန်းစစ်ပါသည်။

ထိုသို့ဆန်းစစ်ပြီး အဖြေသည်"ဟုတ်ပါသည်"ဆိုလျှင် ကျွန်ုပ်ယခုရာထူးနှင့် တာဝန်ထမ်းဆောင်နေရခြင်းကိုကျေနပ်ပါသည်။ ယင်းသည် ကျွန်ုပ်၏ပုဂ္ဂလိကဆုံးဖြတ်ချက်ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ ထိုမေးခွန်းတခုခုအပေါ်တွင် သံသယဖြစ်လာခဲ့လျှင် ကျွန်ုပ်အလုပ်ထွက်ဖြစ်မည်ပင်ဖြစ်သည်။

သေချာသည်မှာ - အကယ်၍ ကျွန်ုပ်ကလည်း စစ်တပ်ထဲတွင် တာဝန်ထမ်းဆောင်နေမည်၊ ပြီးတော့ သတ်ဖြတ်ရန်အမိန့်ပေးစရာလည်း ကြုံလာမည်ဆိုလျှင် ကျွန်ုပ်အမိန့်ပေးရမည်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို သေသေချာချာသိပြီး၊ ကံ ကံရဲ့အကျိုးကိုလည်း ပြည့်ပြည့်ဝဝ သေသေချာချာနားလည်ပြီးနောက်မှသာ ပြုလုပ်မည်ဖြစ်သည်။ ထိုသို့နားလည်လက်ခံပြီးနောက် တွန့်ဆုတ်ခြင်းမဖြစ်သင့်တော့ပေ။ ထိုသို့သောအခြေအနေမျိုးနှင့် မကြုံခင်ကတည်းက ကျွန်ုပ်၏ အသက်မွေးဝမ်းအကြောင်း အလုပ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခဲ့ရမည်ဖြစ်သည်။ စစ်မြေပြင် ရောက်သည့်အချိန်တွင်မှ ထိုသို့တွေး တောနေရန် အချိန်မရှိပေ။[28]

မှန်ပါတယ်။ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရခြင်း၊ နိုင်ငံ၏အချုပ်အခြာအာဏာအား ခြိမ်းခြောက်မှုဖြစ်စေသည့် အရေးပေါ်အခြေအနေမျိုးတွင် အကူအညီပေးနိုင်ရေး၊ ရန်ကိုရန်ဖြင့်တုန့်ပြန်ရခြင်းများ အပါအဝင် စစ်သားတစ်ယောက်၏အခန်းကဏ္ဍသည် တာဝန်ဝတ္တရားမျိုးစုံပါဝင် နေပါသည်။ တန်းတူတာဝန်ရှိမှု၊ တန်းတူ တာဝန်ယူရမှုသဘောဟူသည် တပ်မတော်တစ်ခုသည် လူထုကို ကာကွယ်ပေးခြင်း (သို့) အရေးပေါ် အကူအညီလိုအပ်နေချိန်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းမျိုးကဲ့သို့ ကောင်းမွန်သည့် လုပ်ရပ်တစ်ခုခုကို လုပ်ဆောင်သည့်အခါ အဖွဲ့ဝင်အားလုံးသည် ထိုကောင်းမှုကံ၏အကျိုးကို အတိုင်းအတာတစ်ခုမျှဝေပြီးဖြစ်သည့်သဘောကိုဆိုလိုပါသည်။ ထို့ကြောင့် တပ်မတော်၏အဖွဲ့ဝင်တစ်ယောက်သည် စစ်တပ်၏ကျင့်ဝတ်နှင့် ညီနိုင်သမျှညီအောင်ပြုလုပ်ရာတွင် ၎င်း၏ကုသိုလ်ခွဲတမ်းပါနေသည်ဟူသော သဘောကို ဖော်ပြနေပါသည်။ သို့သော်လည်း တစ်ချိန်မဟုတ် တစ်ချိန်တွင် လူများကို ထိခိုက်အောင် ပြုလုပ်ခြင်း၊ သတ်ဖြတ်ခြင်း(သို့) ထိုသို့ပြုလုပ်သူများကိုအားပေးခြင်းများလည်း ပါဝင်လာနိုင်ဖွယ်ရှိပါသည်။ မဟာယာန ကျမ်းစာအချို့အရ ဘုရားအလောင်းအရင့်အမာကြီးများ၏ ဖြစ်တောင့်ဖြစ်ခဲ ခြွင်းချက်ဖြစ်ရပ်တစ်ချို့ကို အထက်တွင် ဆွေးနွေးခဲ့သည့် အတိုင်း ဖော်ပြခဲ့သော်လည်း ဗုဒ္ဓဘာသာရှုထောင့်အရမှုကြည့်လျှင် သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းသည် အမြဲတမ်းမကောင်းသောအကုသိုလ်ကံကိုသာဖြစ်စေပါသည်။

လက်တွေ့တွင် စစ်ရေးစစ်ရာကိစ္စရပ်များ၌ ရဟန်းတော်များအပါအဝင် ဗုဒ္ဓဘာသာဝင်များ ပါဝင်ပတ်သက်မှုကို မိမိတို့တွေ့မြင်ရပါသည်။ စစ်တပ်နှင့်ဘုန်းတော်ကြီးကျောင်းများကြား တူညီသော စည်းမျဉ်းစည်းကမ်းများလည်းရှိနေပါသည်။ ရာစုနှစ်ပေါင်းများစွာ ကိုယ်ခံပညာသည် (နောက်ပိုင်းတွင် အသေးစိတ်ဆွေးနွေးပါမည်) ဗုဒ္ဓဘာသာတိုင်းပြည်အတော်များများ၏ ဘုန်းတော်ကြီးကျောင်းသင်ရိုးညွှန်းတမ်းတွင် ပါဝင်နေပါသည်။ အထင်ရှားဆုံးမှာ တရုတ်နိုင်ငံမှ ရှောင်လင်ကျောင်းတော်ပင်ဖြစ်သည်။ တရုတ်ဘုရင်များက ရှောင်လင်စစ်သူကြီး ရဟန်းတော်များကို စစ်ရေးစစ်ရာအရေးကိစ္စတွင်အသုံးပြုရသည့် ရှင်းလင်းသော ရည်ရွယ်ချက်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ့်ကိုကိုယ်ကာကွယ်ရန်ဖြစ်ကာ ကျန်တစ်စိတ်တစ်ပိုင်းသည် တစ်ပါးသူများ ကိုကာကွယ်ပေးရန်ဖြစ်ပါသည်။ တစ်ပါးသူများကို ကာကွယ်ပေးသည့် ဥပမာတစ်ခုသည် (၁၆)ရာစုအတွင်း ကမ်းရိုးတန်းနေလူထုကို ဂျပန်ပင်လယ်ဓားပြများတိုက်ခိုက်မှုမှ ကာကွယ်ပေးခဲ့သည့် စံနမူနာပြကျော်ကြားလှ သည့်ကာကွယ်ပေးခြင်းမျိုးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အရှေ့အာရှသမိုင်းတွင် ဗုဒ္ဓဘာသာရဟန်းတော်များ ကြေးစားစစ်သားအဖြစ် ပြောင်းလဲသွားသည့် ဥပမာများကိုပင်တွေ့ရပါသည်။ ဥပမာအားဖြင့် ဂျပန်အလယ်ခေတ်မှ ဆိုဟေးအိ (Sōhei)များသည် အခြားဗုဒ္ဓဘာသာဂိုဏ်းများမှ ၎င်းတို့၏ဘုရားကျောင်းများကိုကာကွယ်ကြသည့် စစ်သူကြီးရဟန်းများတစ်ဖြစ်လဲ တော်ဝင်မိသားစုများ၏ပိုင်ဆိုင်မှုများကို ကာကွယ်ပေးရန်အတွက် ငွေးရမ်းခံ ရသည့် ကြေးစားစစ်သားများအဖြစ်ပြောင်းလဲလာကြပါသည်။ (Adolphson 2007)

မျက်မှောက်ခေတ်၌ တရုတ်ဘုန်းတော်ကြီးများ၊ ဂျပန်ဘုန်းတော်ကြီးများနှင့် ဘုန်းတော်ကြီးလူထွက်များသည်စစ်မှုထမ်းကြပါသည်။ နှစ်ဘက်စလုံးကဓမ္မအစစ်အမှန်ကိုကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်းကြွေးကြော် ကြပါသည်။ (Victoria 1997 and 2003) ယနေ့ခေတ်၏ ဘုန်းတော်ကြီးတစ်ပါးလည်းဖြစ်၊ စစ်သားတစ်ယောက် လည်းဖြစ်နေသူ၏ ဖိအားများကိုသိစေနိုင်ရန် အစောပိုင်းဗုဒ္ဓဘာသာအဆုံးအမများအား ပြောင်းလဲကျင့်သုံးလာပုံ ကို တရုတ်ရဟန်းတော် Zhunhua (Chen Hua 1922-2012) ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှ အင်တာဗျူးလေးနှင့် ဖော်ပြလိုက်ပါသည်။

> "စစ်မြေပြင်သွားရပြီဆိုလျှင် သင်၏ ကရုဏာတရားသည် မည်သို့ဖြစ်သွားမည်လဲ။ ရန်သူကို ရိုင်ဖယ်နှင့်ပစ်မည်လား"
>
> "ပစ်ပါမည်" ဟု တုံ့ဆိုင်းခြင်းမရှိဘဲဖြေခဲ့သည်။
>
> ဒါက ကရုဏာတရားဆိုသည့် အယူအဆနှင့်ဆန့်ကျင်ဖက်ဖြစ်မနေဘူးလား။
>
> စစ်သားသည် တိုင်းပြည်အားကာကွယ်ရန်အတွက် ရန်သူကိုသတ်ရန်တာဝန်ပါလာပြီးသားဖြစ်သည်။ ကျွန်ုပ်က စစ်သားဖြစ်နေလျှင် ထိုတာဝန်သည် ကျွန်ုပ် တာဝန်ပင်ဖြစ်သည်။

တပြိုင်နက်တည်းမှာပင် လူတစ်ရာကိုကယ်တင် ရန် လူတစ်ယောက်ကိုသတ်ခြင်းသည် မဟာယာနဗုဒ္ဓဘာသာတွင် လုပ်သင့်လုပ်ထိုက်သည့် သနားကြင်နာမှု လုပ်ရပ်တခုဖြစ်သည်။ လူကောင်းအများစုကိုကယ်တင်ရန် လူဆိုးအနည်းငယ်ကိုသတ်ရခြင်းအတွက် ကျွန်ုပ်တို့ သည် ကရုဏာနှင့်ဆန့်ကျင်ဖက်ကို လုပ်ဆောင်နေခြင်းမဟုတ်ပါ"ဟု ကျွန်ုပ်ဖြေခဲ့ပါသည်။ (Chen Hua 1992, 210)

Zhenhua ၏အဖြေသည် အထက်တွင် မိမိတို့ဆန်းစစ်ခဲ့သည့် *ဥပါယကောသလ'သုတ္တံ* ကို တိကျစွာ ရည်ညွှန်းထား ပါသည်။ ထိုသုတ္တံတွင် ဘုရားအလောင်းတော်သည် တစ်ယောက်ကိုသတ်ခြင်းအားဖြင့် အသက်ပေါင်း (၅၀၀) ကို ကယ်တင်ခဲ့ပါသည်။ ယင်းကိုထောက်ဆသောအားဖြင့် Zhenhua သည် သူ့ကိုယ်သူ သွယ်ဝိုက်သောအားဖြင့် ဘုရားအလောင်းတော် အရင့်အမာတယောက်၏ အဆင့်အတန်းကို ဝန်ခံလိုက်ခြင်းပင်ဖြစ်သည်။

လက်တွေ့ကျင့်သုံးနေကြသည့်ဟန်သည် အစောပိုင်းဗုဒ္ဓကျမ်းစာများတွင်ဖော်ပြထားသော စံနှင့်လမ်းညွှန်ချက်များမှ ကွဲပြားချက်အချို့ရှိလာနေကြောင်းပြသနေပါသည်။ ထိုပြုပြင်ပြောင်းလဲလာမှုများသည် တစ်စုံတစ်ခုသော လူမှုရေးနှင့်နိုင်ငံရေးဖိအားအောက်၌ ကျမ်းစာများ၊ ကျင့်စဉ်များကို မိမိတို့နေရာဒေသအလိုက် အဓိပ္ပာယ်ဖွင့်ဆိုကြသည့် အကျိုးဆက်များ၏ရလဒ်ပင်ဖြစ်သည်။ အတိတ်အဖြစ်အပျက်များနှင့် နိုင်ငံရေးမိန့်ခွန်းစာများကို ပြန်ကြည့်လျှင် သမိုင်းကြောင်းအရွေ့နှင့်နိုင်ငံရေးဆက်နွယ်မှုကြား အခြေအနေများကိုမြင်စေပါသည်။ မြေပြင်လက်တွေ့အမှန်တရားများသည် ရှိနှင့်ပြီးစံနှုန်းများနှင့်ဆန့်ကျင်ဖက်ဖြစ်သော၊ ကိုယ်ကျင့်တရားအရ ထူးခြားသည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် လိုအပ်ချက်များကို ဖွင့်အံပေးပါလိမ့်မည်။ ဘိက္ခုဗောဓိ ရေးသားသကဲ့သို့ - ရှုပ်ထွေးလှသောလူ့ဘဝတွင် ကိုယ်ကျင့်သိက္ခာနှင့် ဗီလာကန့်လန့် ဖြစ်သည့်အခြေအနေများကို ရှောင်လွှဲမရဘဲ ရင်ဆိုင်တွေ့ကြုံရပါသည်။ ထိုအခြေအနေမျိုးတွင် အန္တရာယ်ကြုံနေရသူအများအပြားအား အန္တရာယ်နည်းစေရန်၊ ဆင်းရဲဒုက္ခနည်းစေရန် မိမိစိတ်စေတနာကို သေချာဆန်းစစ်ကာ အကောင်းဆုံးကို လမ်းညွှန် နိုင်အောင်လုပ်ရမည်ဖြစ်သည်။ (Bodhi 2014) ဆိုလိုသည်မှာ အကြမ်းမဖက်မှုစံတန်ဖိုးများ ရှိနေသော်လည်း ရင်ဆိုင်တိုက်ခိုက်နေရသည့်အခြေအနေမျိုးတွင် ဒုက္ခကိုလျှော့ချနိုင်မည့်နည်းလမ်းကို အသုံးပြုခြင်းဖြင့် အကြမ်းဖက်မှုကို လက်ခံပေးရန် လိုအပ်လာသည့်အချိန်လည်း ရှိပါသေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

### ဗုဒ္ဓဘာသာဝင်စစ်သည်တို့၏ တန်ဖိုးများ

သမိုင်းတစ်လျှောက် ဗုဒ္ဓဘာသာကြီးစိုးသောနိုင်ငံများနှင့်ဒေသများတွင် ဗုဒ္ဓဘာသာဝင်အဖြစ် အသိအမှတ်ပြုထားသော စစ်သည်စစ်သားများစွာပါဝင်သည့် စစ်တပ်ကြီးများနှင့် နိုင်ငံတော်တပ်မဟုတ်သော လက်နက်ကိုင်

အဖွဲ့များကိုတွေ့နိုင်ပါသည်။ ကမ္ဘာ့အခြား နေရာများတွင်လည်း ဗုဒ္ဓဘာသာစစ်သားများ ရှိကြပါသည်။ အခြားသူများကို ကယ်တင်နိုင်ရန် မိမိကိုယ်ကို အနစ်နာခံသော စံပြစစ်သားတစ်ယောက်၏ အချို့သော အရည်အသွေးများသည် ဘုရားအလောင်းတော် ဖြည့်ကျင့်ရမည့် အချို့သောပါရမီများနှင့် တူညီနေမှု (ထိုအချက်များကိုအောက်တွင် ဖတ်ရှုနိုင်ပါသည်)ရှိနေသည့်အတွက် မဖြစ်မနေစစ်မှုထမ်းရသည့်စနစ်ဖြင့် ဖွဲ့စည်းမထားသည့်စစ်တပ်များတွင်ပင် စစ်သားတစ်ယောက်ဖြစ်လာရန်သည် ဗုဒ္ဓဘာသာကို ထဲထဲဝင်ဝင် သက်ဝင်ယုံကြည်သောသူ တစ်ယောက်အတွက် ဆွဲဆောင်မှုတစ်ခုဖြစ်နေနိုင်ပါသည်။

စစ်တပ်နှင့် သံဃာ့အဖွဲ့အစည်းကြား ဆက်ဆံရေးသည် မတူညီသော်လည်း ဗုဒ္ဓဘာသာက အမျိုးသားရေးလက္ခဏာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိသောနေရာများတွင်မူ နီးစပ်သွားနိုင်ပါသည်။ ဥပမာအနေဖြင့် ထိုင်းနိုင်ငံတွင် စစ်တပ်အရာရှိများသည် ထိုင်းလူ့အဖွဲ့အစည်းအလွှာအသီးသီးမှဖြစ်ကြပြီး သံဃာ့ဘောင်၏ မြင့်သောအဆင့်များကိုလည်း ဝင်ရောက်ခွင့်ရကြပါသည်။ ရဟန်းမဟုတ်သော အရွယ်ရောက်သူယောက်ျားမှန်သမျှသည် နိုင်ငံတော်ကိုအလုပ်အကျွေးပြုရန် သဘောဆန္ဒအလျှောက်သော်လည်းကောင်း၊ မဲနှိုက်၍သော်လည်းကောင်းစစ်မှုထမ်းရပါသည်။ (၆)လမှ (၂)နှစ်အထိ တာဝန်ထမ်းဆောင်ရကာ လုပ်အားပေးသူများနှင့် အဆင့်မြင့်ပညာရေးပြီးထားသူများအနေဖြင့် စစ်မှုထမ်းကာလ ပိုမိုတိုတောင်းနိုင်ပါသည်။[29]

သီရိလင်္ကာနိုင်ငံတွင်မူ စစ်မှုထမ်းဆောင်ရခြင်းသည် မဖြစ်မနေလုပ်ရမည့်တာဝန် မဟုတ်ပေ။ သို့သော် သြဇာကြီးမား သည့်ရဟန်းတော်များသည် စစ်တပ်နှင့်ပတ်သက်သည့် ၎င်းတို့၏အမြင်များကို မကြာခဏ ထုတ်ဖော်ပြောကြားလေ့ရှိပါသည်။ ထို့အပြင် ပနာဃောဒ(panagoda)ဒေသတွင် သီရိလင်္ကာစစ်တပ်မှ ထိန်းသိမ်း ပေးထားသော ဗုဒ္ဓဘာသာကျောင်းတစ်ကျောင်းရှိပါသည်။ စစ်တန်းလျားအနီးအနားတွင် သီတင်းသုံးနေထိုင် ကြသည့်ရဟန်းတော်များနှင့် အခြားအရပ်မှထင်ရှားကျော်ကြားသည့် တရားဟောဓမ္မကထိက ရဟန်း တော်များကို ကဆုန်လပြည့်ဗုဒ္ဓနေ့မျိုး၌လည်းကောင်း၊ စစ်တပ်နှစ်ပတ်လည်နေ့များ၌လည်းကောင်း နေ့ထူး နေ့မြတ်များတွင် စစ်သည်များကိုတရားဟောကြားရန် မကြာခဏပင့်ဖိတ်လေ့ရှိပါသည်။ ထိုသို့သောအခမ်းအနားမျိုးတွင် စစ်သည် များအတွက် ဟောကြားသည့်တရားတော်များကို Daniel Kent, 2010 လေ့လာထားပါသည်။ ရဟန်းတော်များသည် ပါဏာတိပါတနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မပေးကြချေ။ စစ်သားများမှ မကြာခဏမေးမြန်းကြသော်လည်း စစ်သည်တယောက်သည် အခြားတစ်ဦးတစ်ယောက်ကို သတ်သည့်ကိစ္စအတွက် မကောင်းသည့်ကံမဖြစ်ပါဟု အများစု မဖြေကြားကြပေ။ ယင်းအစား သူတို့က -

- သတ်ဖြတ်မည့်စိတ်စေတနာကို ရဲဘော်ရဲဘက်များ၊ တိုင်းပြည်နှင့်ဗုဒ္ဓဘာသာကို ကာကွယ်လို သည့် စိတ်စေတနာအဖြစ် ပြောင်းလဲလိုက်ရန်ညွှန်ပြကြပါသည်။ (King 2013, 646-647 ၌လည်း ဖတ်ရှုနိုင်ပါသည်။) ရဟန်းတော်အနည်းစုက ထိုနည်းလမ်းအားဖြင့် သူ့အသက် သတ်ခြင်းကို တားမြစ်ရပ်တန့်ပေးနိုင်မည်ဟုမြင်ကြပါသည်။ (Kent 2010, 165)

အများစုကမူ ထိုနည်းလမ်း သည် သူ့အသက်သတ်ခြင်းကို အနည်းဆုံးဖြစ်အောင်သာ ကူညီပေးနိုင်သည်ဟု ယူဆကြပါသည်။ (Kent 2010, 162, Bartholomeusz 1999 and 2002 ၌လည်း ကြည့်ပါ။)

- စစ်မြေပြင်တွင် မည်သို့တည်ငြိမ်အောင်ပြုကျင့်ရမည်၊ မည်သို့အမျက်ဒေါသကိုရှောင်ကြဉ်ရမည် ကိုလမ်းညွှန်ပြပါသည်။ ထိုလမ်းညွှန်ချက်သည် ထိတ်လန့်မှုနှင့်ဒေါသကြောင့် ဖြစ်လာနိုင်မည့် ဆိုးရွားသောအကျိုးဆက်များကို ရှောင်ရှားနိုင်ရန်ဖြစ်သည်။ ဒေါသသည် ပိုမိုရက်စက်ကြမ်းကြုတ် လာစေပါသည်။ မဟုတ်လျှင် ဖြစ်သင့်သည်ထက်ပို၍ တွေ့တွေ့သမျှအပေါ် အကြမ်းဖက်မှုကို ဖြစ်စေတတ်ပါသည်။ ဆိုလိုသည်မှာ အကြမ်းဖက်မှုပြုလုပ်ရမည်ဆိုလျှင်တောင် အနည်းဆုံး ဖြစ်ကာ စည်းဘောင်အတွင်းမှဖြစ်ရပါမည်။ (King 2013, 647-648 ၌ လည်းကြည့်ပါ) အပြစ်မဲ့ပြည်သူများနှင့် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရပါမည်။ (Kent 2010,172) ထို့အပြင်စစ်သားများသည် လက်စားချေလိုမှုကြောင့် လုပ်ဆောင်ခြင်းမျိုးလည်း မဖြစ်သင့်ကြောင်း ကိုညွှန်ကြားကြပါသည်။
- မိမိလုပ်ဆောင်နေသည့် အရေးကိစ္စများနှင့်အခြေအနေအပေါ်တွင် သတိရှိနေခြင်းသည် အထောက်အကူ ဖြစ်စေလိမ့်မည်ဟု လမ်းညွှန်ကြပါသည်။
- သူ့အသက်သတ်ခြင်းကြောင့်ဖြစ်သည့် အကုသိုလ်ကံကို အားနည်းအောင် ကူညီပေးရန် အပြု သဘောဆောင်သောအလုပ်များ၊ ကောင်းသောကံများကိုပြုလုပ်ရန်နှင့် ထိုကုသိုလ်ကောင်းမှု များကို သေဆုံးသူများအတွက်လည်း အမျှပေးဝေရန် တွန်းအားပေးကြပါသည်။

Kent က ထိုသြဝါဒများကို လက်တွေ့အခြေအနေတွင် အသုံးချနိုင်မှုရှုထောင့်မှ ဆက်လက်မဆွေးနွေးထားသော်လည်း ထိုသြဝါဒများသည် သီလကိုပိုမိုစောင့်ထိန်းစေရန် အထောက်အကူပြုပါသည်။ ထို့ကြောင့် နမူနာအားဖြင့်ဆိုရသော် - တတ်နိုင်သမျှ လက်နက်ကိုင်မဟုတ်သူများကို ကာကွယ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ကို အာမခံချက်ပေးခြင်းမျိုးဖြင့် IHL ကိုလေးစားလိုက်နာမှု တိုးမြှင့်စေနိုင်ပါသည်။ အပြုသဘောဆောင်သော ကုစားခြင်းများပြုခြင်း (compensatory positive acts) တွင် ဆေးဝါးနှင့်အခြားလူသားချင်းစာနာမှုဆိုင်ရာ ကိစ္စများကိုကူညီပေးခြင်း၊ အနည်းဆုံးအားဖြင့် ယင်းကူညီမှုတို့ကိုမတားမြစ်ခြင်းတို့ပါဝင်သည်။ ထို့အပြင် ရန်သူများကို လူသေအလောင်းများကောက်ယူရန်နှင့် ၎င်းတို့၏ အသုဘအခမ်းအနား ဆောင်ရွက်ခွင့်ပြုခြင်းတို့ ပါဝင်ပေသည်။[30]

Kent မှတ်တမ်းတင်ထားသော တရားတော်များတွင် စစ်သည်တစ်ယောက်အတွက်အကျိုးရှိမည့် ဗုဒ္ဓဘာသာ၏ တန်ဖိုး ထားရသောအရည်အချင်းအမြောက်အများကို ဖော်ပြထားပါသည်။ အခြားသော အရည်အသွေးများသည် အကာအကွယ်မဲ့နေသူများအတွက် စာနာမှုနှင့်သနားကြင်နာမှု၊ ကူညီတတ်မှုနှင့် ရက်ရောမှုတို့ဖြစ်ပါသည်။ စွန့်လွှတ်အနစ်နာခံခြင်း (သို့) စွန့်လွှတ်ခြင်း *(စာဂ)*နှင့် စိတ်ဓာတ်စွမ်းအား ကြံ့ကြံ့ခံနိုင်မှု (သို့) ယောက်ျားပီသမှုနှင့် ရဲစွမ်းသတ္တိတို့နှင့်စပ်ဆိုင်သည့် ဖွဲ့လုံ့လ (သက္ကတ-ဝီရယ၊ ပါဠိ-ဝီရိယ)တို့သည် ဘုရားအလောင်းတော်များ ဖြည့်ကျင့်ရသည့် ပါရမီများထဲမှ (၂)ပါးဖြစ်ကာ စံပြစစ်သားတစ်ယောက်၏ စံတန်ဖိုးများနှင့် ကိုက်ညီနေပါသည်။ ဝီရိယသည် ဗုဒ္ဓဘာသာ၌ အားထုတ်ရာတွင် အလေးထားရသည့် ဣန္ဒြေ(၅)ပါးတွင် ပါဝင်ပါသည်။ အခြား ဣန္ဒြေ(၄)ပါးမှာ - ရတနာသုံးပါးကို ယုံကြည်ခြင်း - အကျယ်အားဖြင့် ကံ၊ ကံ၏အကျိုး ကိုယုံကြည်ခြင်းနှင့် ယုံကြည်ထိုက်သူတို့ကို ယုံကြည်ခြင်း၊ သတိ ၊ သမာဓိနှင့် ပညာတို့ပင် ဖြစ်သည်။ ထို (၅)ပါးတွင် အထူးသဖြင့် ဝီရိယနှင့်သမာဓိတို့သည် စစ်သည်စစ်သားများအတွက် အထောက်အကူပြုပါသည်။ သို့သော်လည်း ထိုအရည် အသွေး(၂)ပါးသည် ကျင့်ဝတ်ပိုင်းဆိုင်ရာတွင် ခြားနားချက်ရှိကြောင်း ဗုဒ္ဓဘာသာ စိတ်ပညာ၌ဆိုပါသည်။ ဥပမာအားဖြင့် အသေခံဗုံးခွဲသမားတစ်ယောက်အတွက် စိတ်ပိုင်းဆိုင်ရာသတ္တိအင်အား လိုအပ်နိုင်ကာ ဘဏ်ဖောက်ထွင်းသူတစ်ယောက်အတွက်မူ စိတ်တည်ငြိမ်မှု လိုအပ်နိုင်ပါသည်။ ဗုဒ္ဓတရားတော် အရ သဒ္ဓါ၊ သတိ၊ ပညာတို့နှင့် ချိတ်ဆက်ခြင်းအားဖြင့် ထိုအရည်အသွေး (၂)ပါးကို ကောင်းသည့်အရည်အသွေး ဖြစ်စေနိုင်ပါသည်။ သို့မှသာလမ်းကြောင်းမှန်စွာဖြင့် ကောင်းသည့်ဘက်၌ အသုံးပြုနိုင်မည်ဖြစ်သည်။ ရည်ရွယ်ချက် ပန်းတိုင်သည် မှန်ကန်ရမည်။ ပညာသည် ယင်းပန်းတိုင်သို့ မည်သို့ချဉ်းကပ်ရမည်ကို လမ်းညွှန်ပြရမည်၊ သတိသည်လည်း မရှိမဖြစ်အရေးပါပါသည်။ စစ်သားတစ်ယောက် အတွက် စစ်ပွဲအတွင်း ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်နိုင်ရန် နိုးကြားသတိရှိမှုနှင့် အခြေအနေအပေါ် မျက်ခြေ မပြတ် သတိကပ်ထားမှုတို့သည်လည်း လွန်စွာအရေးကြီးပါသည်။

ဗုဒ္ဓဘာသာအရ ဒေါသဖြင့်သတ်ခြင်းသည် မကောင်းသကဲ့သို့ စနိုက်ပါသမား၊ ဒရုန်းလက်နက်ကို ထိန်းချုပ် သမားတို့တွင ်ဖြစ်နိုင်သည့် အပြစ်ဖြစ်သည်ဆိုသည့်ခံစားချက်မဖြစ်ဘဲ တည်တည်ငြိမ်ငြိမ်နှင့် စိတ်အေးလက်အေး သတ်ခြင်းသည်လည်း မကောင်းသည်သာပင်။ ထိုသို့တည်တည်ငြိမ်ငြိမ်နှင့် စိတ်အေးလက်အေး ပစ်ခတ်သတ်နေ စဉ် ၎င်းတို့တွင် ဓမ္မတန်ဖိုးနှင့်ဆက်စပ်နေသည့် သတိမျိုးမဟုတ်ဘဲ မှားယွင်းသောစိတ်တည်ငြိမ်မှု (မိစ္ဆာသမာဓိ) ဖြစ်နေသည်ဟု ဗုဒ္ဓဘာသာကသတ်မှတ်ပါသည်။ ၎င်းတို့၏အလုပ်သည် မသတ်ရမည့်သူများကိုလည်း မှားယွင်း မသတ်မိစေရန် အလေးအနက်သတိရှိနေရန် လိုအပ်ကြောင်းလည်းဆိုပါသည်။ ထိုရှုထောင့်သည် ဓမ္မတန်ဖိုးများနှင့် တထပ်တည်းကျသကဲ့သို့ဖြစ်နေသည်ကိုမြင်နိုင်ပါသည်။ ဤနေရာတွင် စစ်သားတစ်ယောက်၏ လုပ်ရပ် များသည်ခွဲခြားခြင်းမှု၊ အချိုးအစားညီမျှခြင်းမှုနှင့် ကြိုတင်ကာကွယ်လုပ်ဆောင်ခြင်းမှုများအားဖြင့်

စစ်ကျင့်ထုံးကို ချမှတ်ပေးသည့် IHL ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်ရမည်ဟု သေချာစေခြင်းသည် ကိုယ်ကျင့်တရား ဆိုင်ရာအခြေခံအချက်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာသည် တိကျပြတ်သားမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ အမျက်ဒေါသမထွက်မှု၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ ဘက်မလိုက်မှုများကို တန်ဖိုးထားပျိုးထောင်ရန် အားပေးထားပါသည်။ လောဘ၊ ဒေါသ၊ မောဟ တို့မှ လွန်မြောက်ရန်နှင့် ဆန့်ကျင်ဘက်တရားများဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟတို့ကို ဖြစ်ပေါ်စေရန် ရည်ရွယ်ကြိုးစားရာတွင် မိမိကိုယ်မိမိစောင့်ထိန်းနိုင်မှုသည် အထက်တွင်ပြခဲ့သည့်ဥပမာကဲ့သို့ အလွန်အရေးကြီး ပါသည်။ ဤနေရာတွင် စစ်တပ်၌ လေ့ကျင့်ပေးသည့်စည်းကမ်းများနှင့် ထပ်တူကျနေသောအချက်အချို့ ရှိနေနိုင်ပါသည်။ စစ်တပ်နှင့်သံဃာ့အဖွဲ့အစည်း နှစ်ခုလုံးသည် စည်းကမ်းများ၊ စံတန်ဖိုးများဖြင့် နေထိုင်ကြရ ပါသည်။ ဥပမာအနေဖြင့် ရဟန်းတော်များသည် (၂၂၇)သွယ်သောသိက္ခာပုဒ်များကို လိုက်နာကြရပါသည်။ အဖွဲ့အစည်းနှစ်ခုစလုံးသည် အခက်အခဲများကို စိတ်ရှည်သည်းခံခြင်းနှင့် စိတ်ခံစားမှုများကို ဦးစားမပေးခြင်း တို့ကို အလေးထားပါသည်။ ရံခါတွင် အာရုံများကို ဆန့်ကျင်နေရသည့် ရဟန်းတစ်ပါး၏အခက်အခဲများသည် စစ်မြေပြင်တွင်ရောက်ရှိနေသည့် စစ်သားတစ်ယောက်၏အခက်အခဲများနှင့် ဆင်တူနေပါသည်။ (An. III. 89-93) ကောင်းစွာလေ့ကျင့်ထားသည့် အတွေ့အကြုံပြည့်ဝကာ အစွမ်းသတ္တိနှင့်ပြည့်စုံသူကိုသာ အမှုထမ်းရန် စစ်သည်တော်အဖြစ် ခန့်အပ်ခြင်းသည် အကောင်းဆုံးဖြစ်သကဲ့သို့ ကိုယ်ကျင့်သီလကောင်းမွန်ပြည့်စုံသည့် ရဟန်းသံဃာကိုဆွမ်းလှူဒါန်းရခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း ဗုဒ္ဓက ပသေနဒီကောသလမင်းကို အကြံပေးပါသည်။ (Sam. I. 98-99) စစ်တပ်၏စည်းမျဉ်းစည်းကမ်းများနှင့် ဝိနည်းစည်းကမ်းများသည် တစ်ထပ်တည်းမကျသော်လည်း ဗုဒ္ဓဘာသာစံတန်ဖိုးများသည် ပဋိပက္ခကိုရင်ဆိုင်တွေ့ကြုံရသည့် အခြားသူများ၏ ဆင်းရဲဒုက္ခကို လျှော့ချပေးရန်အတွက် စစ်သည်တော်များနှင့် စစ်တပ်၏ဓလေ့ထုံးတမ်းကို မြှင့်တင်ပေးရန်၊ တိုးတက်စေရန် အသုံးတည့်နိုင်ပါသည်။

IHL အလိုအရ အရပ်သားပြည်သူလူထုနှင့် အများပိုင်ပစ္စည်းများကို အန္တရာယ်မပြုမိစေရန် (သို့) တတ်နိုင်သမျှ ထိခိုက်မှုအနည်းဆုံးဖြစ်ရန် ကြိုတင်ပြင်ဆင်မှု၊ သတိပေးမှုများကို သက်ဆိုင်သည့်အဖွဲ့အားလုံးမှ ပြုလုပ်ရမည်ဖြစ်သည်။ စစ်တပ်၏ အချို့သောလေ့ကျင့်သင်ကြားမှုများသည် အင်အားအသုံးပြုခြင်းနှင့် စစ်လက်နက်များကိုင်တွယ်ရာတွင် ကြိုတင်ကာကွယ်မှုများအကြောင်းဖြစ်သကဲ့သို့၊ သံဃာ့စည်းကမ်းဝိနည်းများ သည်လည်း လုပ်ရပ်တစ်ခုကိုမပြုလုပ်မီ လုပ်နည်းလုပ်ဟန်များ၊ အသိရှိ၍သတိပါသောစည်းကမ်းများနှင့် စိတ်စေတနာဖြင့်လုပ်ဆောင်မှုတွင် သတိတရားလက်ကိုင်ထားမှုများအပေါ် အလေးပေးထားပါသည်။ ယဉ်ကျေး သိမ်မွေ့သောအမူအယာ၊ ဂရုတစိုက်စောင့်ရှောက်မှုနှင့်ဆိုင်သောသိက္ခာပုဒ်ငယ်များသည် ကာယကံပိုင်းဆိုင်ရာ ကြိုတင်ကာကွယ်မှုများအတွက် ရှိသင့်သည့်စိတ်အခြေအနေအားလုံးကို အထောက်အပံ့ဖြစ်စေပါသည်။

ဗုဒ္ဓဘာသာတွင် ကာယကံပိုင်းဆိုင်ရာကြိုတင်ကာကွယ်မှုများကိုပိုမိုကောင်းမွန်စေသည့်၊ မကောင်းမှုကို ရှောင်ကြဉ်ရာတွင် အထူးအသုံးဝင်ပြီး ဗုဒ္ဓဘာသာတိုင်းလိုက်နာကျင့်သုံးရန် အားပေးခံရသည့်တရား(၂)ပါး ရှိပါသည်။ ယင်းတို့မှာ မကောင်းမှုပြုလုပ်ရမည်ကို ရှက်တတ်သောသဘော *ဟိရီ* နှင့် မကောင်းမှု၏အကျိုး တရားများကို ကြောက်တတ်သောသဘော *ဩတ္တပ္ပ* တို့ဖြစ်သည်။ ထိုတရား (၂)ပါးကို "လောကပါလတရား" အမည်ရသောဆောင်းပါးတွင် ဘိက္ခုဗောဓိက ဆွေးနွေးဖော်ပြထားသည်။ (1993) သူက -

> *ဟိရီ* သည် ကိုယ်ကျင့်တရားဖောက်ဖျက်ရမည်ကို ရှက်ရွံ့သည့် မွေးရာပါခံစားမှုတစ်မျိုးဖြစ်၍ *ဩတ္တပ* သည် မကောင်းမှုလုပ်ခြင်း၏အကျိုးဆက်ကို ကိုယ်ကျင့်တရားအခြေခံပြီး ကြောက်သည့် သဘော၊ ရွံ့သည့်သဘောဖြစ်သည်။ ဗုဒ္ဓက ထိုတရား(၂)ပါးကို လောကကိုစောင့်ရှောက်သော၊ ဖြူစင်တောက်ပသောတရား(၂)ပါး ဟုခေါ်ဆိုပါသည်။ (သုက္က လောကပါလ) ဗုဒ္ဓက ထိုတရား (၂)ပါးကို ထိုကဲ့သို့ဂုဏ်ပြုခေါ်ဆိုရသည့်အကြောင်းမှာ ထိုတရား(၂)ပါး တည်ရှိနေသမျှ ကာလ ပတ်လုံး လောက၏ကိုယ်ကျင့်တရားစံနှုန်းသည် ပြည့်ပြည့်ဝဝတည်ရှိနေပါသည်။ ထိုတရား(၂)ပါး ကွယ်ပျောက်သွားမည်ဆိုလျှင် လောကလူသားများသည် မရှက်မကြောက် ကာမအရာမှားယွင်းမှု များနှင့် အကြမ်းဖက်မှုများဆီသို့ ကျရောက်သွားစေပါတော့သည်။ (Itiv.42) *ဟိရီ*-ရှက်ခြင်း သဘောသည် *အဇ္ဈတ္တ*၌ အခြေခံသည်။ မိမိကိုယ်ကိုလေးစားမှုအပေါ် အခြေခံပြီး မိမိကိုယ်ကို မလေးစားသောကြောင့်ဖြစ်လာမည့် မဟုတ်မမှန်လုပ်ရပ်များမှ ကင်းဝေးစေပါသည်။ *ဩတ္တပ*- မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်းသဘောသည် ဗဟိဒ္ဓ၌အခြေခံသည်။ အမှားအမှန်ကို ခွဲခြားသိမှု၏အသံဖြစ်ပါသည်။ *ဩတ္တပ*သည် မိမိတို့ကို ကိုယ်ကျင့်တရား ချိုးဖျက်ခြင်း၏ မကောင်းသောအကျိုးဆက်များဖြစ်သည့် အကဲ့ရဲ့ခံရခြင်း၊ အပြစ်ပေးခံရခြင်း၊ မကောင်းမှုကံ၏ ဆင်းရဲအတိဖြစ်သောအကျိုးများ၊ ဒုက္ခမှလွတ်မြောက်လိုသောဆန္ဒအတွက် အနှောင့်အယှက်များ ပေါ်လာခြင်းစသည့် ဆိုးကျိုးများအကြောင်း သတိပေးနေသည့် စိတ်၏အသံပင်ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသက ထိုတရား(၂)ပါး၏ ခြားနားချက်ကို အစွန်းတစ်ဖက်၌ မစင်ပေနေကာ အခြားတစ်ဖက်၌ ရဲနေအောင်ပူနေသည့်သံချောင်း ဥပမာနှင့်ပုံဖော်ပြပါသည်။ *ဟိရီ*သည် မစင် လူးနေသောအစွန်းအား ကိုင်ရမည်ကိုရွံ့ရှာစက်ဆုပ် သည့်ခံစားချက်နှင့်တူ၍ *ဩတ္တပ*သည် ရဲရဲတောက်နေသောအစွန်းအား ဆုပ်ကိုင်ရမည်ကို ကြောက်ရွံ့သည့်ခံစားမှုနှင့် တူပါသည်။

*ဗောဓိစရိယာဝတာရ*ကျမ်းကဲ့သို့သော ဗုဒ္ဓကျမ်းစာများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အကောင်းဆုံး ပြုမူနေထိုင်ရမည်ဆိုသည့်ခံယူချက်မျိုး အစဉ်ရှိစေရန် ဗုဒ္ဓရှေ့တော်မှောက်တွင်နေရသကဲ့သို့ အစဉ်ပြုမူရန်

အကြံပေးပါသည်။ ထိုခံယူချက်မျိုးသည် မိမိတို့ကျူးလွန်နိုင်ချေရှိသည့် အမှားအယွင်းများနှင့်ပတ်သက်၍ အမြဲသတိပေးတပ်လှန့်နေပါသည်။ လက်နက်ကိုင်စစ်ပွဲအတွင်း၌လည်း အလားတူပင်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာတွင် ပြဌာန်းထားသည့် အသုံးတည့်ပြီး ကိုယ်ကျင့်တရားကို အကောင်းဆုံး မြှင့်တင်ပေးသည့် အခြားအရည်အသွေးတစ်မျိုးသည် *ခန္တီ* တရားဖြစ်ပါသည်။ *ခန္တီ* တရား(၃)ပါးရှိကာ ဆင်းရဲဒုက္ခကိုသည်းခံခြင်း (acceptance of suffering)၊ တရားတော်ကိုဆင်ခြင်နှလုံးသွင်းမှုအစွမ်းဖြင့်သည်းခံခြင်း (forbearance) နှင့် အခြားသူများက ဒုက္ခပေးလာခြင်းကို သည်းခံခြင်း (tolerance) တို့ ဖြစ်ပါသည်။ (Crosby and Skilton 1995, 45) *လောကဝိပတ္တိသုတ္တံ* (An. IV. 157, cf. Dn. III. 260, 286) တွင် လူသားတိုင်း လောကဓံ (၈) ပါးနှင့် ကြုံရပုံကို ဟောကြားထားပါသည် လောကဓံ (၈) ပါး ဟူသည် ရရှိခြင်း နှင့် ဆုံးရှုံးခြင်း (*လာဘ* နှင့် *အလာဘ*) ၊ ကျော်ကြားမှု ကောင်းသတင်းဂုဏ် ထင်ပေါ်မှု နှင့် ဂုဏ်ငယ်ရခြင်း အရှက်ရစရာဖြစ်ခြင်း အမေ့ခံဖြစ်ခြင်း (*ယသ* နှင့် *အယသ*) ကဲ့ရဲ့ခံရခြင်း နှင့် ချီးမွမ်းခံရခြင်း (*နိန္ဒာ* နှင့် *ပသံသာ*) ချမ်းသာခြင်း နှင့် ဆင်းရဲခြင်း (*သုခ* နှင့် *ဒုက္ခ*) တို့ဖြစ်ပါသည်။

လက်ခံချင်စရာ၊ လက်မခံချင်စရာ(အကောင်းအဆိုး) ထိုလေးစုံကို မမြဲသော၊ ဆင်းရဲသော၊ ပြောင်းလဲတတ်သောသဘောအနေနှင့် သိမြင်ခြင်းသည် ခံစားချက်နှင့်တုံ့ပြန်ခြင်းထက် သည်းခံနိုင်ခြင်းနှင့် ဘက်မလိုက်စေခြင်းကို ဖြစ်စေရန်အားပေးနေပါသည်။ ဒုတိယမြောက်ခန္တီသည် ပထမခန္တီဖြစ်စေရန် - ဆင်းရဲဒုက္ခကို လက်ခံနိုင်ရန် အထောက်အပံ့ပေးပါသည်။ ဓမ္မပဒဂါထာအမှတ်(၃၂၀)သည် အခြားသူများပေးသောဒုက္ခများကို သည်းခံနိုင်ခြင်း၊ လက်တုံ့မပြန်ခြင်းဆိုင်ရာ တတိယခန္တီအမျိုးအစားနှင့် ကိုက်ညီပါသည်။ "ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှပစ်လွှတ်လိုက်သော အရပ်လေးမျက်နှာမှကျရောက်လာသော မြားများကို မတုန်မလှုပ် ခံသကဲ့သို့ ငါသည်လည်း လွန်ကျူးစော်ကားသော စကားကိုသည်းခံအံ့။ လောကီဘုံသား လူအများသည်သီလ မရှိသည်သာတည်း။" (Buddharakkhita ၏ဘာသာပြန်ဆိုချက်၊ 1985)

သင်္ခါရတရားတို့ကို အဖြစ်မှန်အတိုင်း ကောင်းစွာရှင်းရှင်းလင်းလင်းသိခြင်းသည် မည်သည်ကိုမျှမပြုလုပ်ခြင်းမမည်ကြောင်းဆိုပါသည်။ Ārya-satyaka-parivarta သုတ္တံတွင် အုပ်ချုပ်သူတစ်ယောက်အနေနှင့် အမှား ပြုလုပ်ရခြင်းအပေါ် ပျော်မွေ့မနေရန် သတိပေးထားသည်။ အကြောင်းမူ ယင်းသည်တရားမဲ့ဆီသို့ ဦးတည်စေသော ကြောင့်ပင်ဖြစ်သည်။ (Asp 228, cited Harvey 2000, 347)မိမိကိုစော်ကားလာသည့်အခြေအနေတွင် တုံ့ပြန်မှု မပြုခြင်းသဘောသည် ဗုဒ္ဓဘာသာ၏ အစစ်အမှန်တုံ့ပြန်ပုံလား သို့မဟုတ် မှားယွင်းစွာနားလည်နေခြင်းလားဟု မေးစရာဖြစ်လာစေပါသည်။ အခြားသူများအားမကောင်းမှုကျူးလွန်ရန် အခွင့်အရေးပေးလိုက်ခြင်းသည် မည်သည့် နည်းနှင့်မှမကောင်းပေ။ ထို့ကြောင့်သင့်တော်မည့်၊ ဒေါသလည်းမထွက်သည့်၊ ရန်လည်းမပွားရသည့်နည်းဖြင့် ဆိုလျှင်မူ တုံ့ပြန်ခြင်းသည်သင့်လျော်ပါလိမ့်မည်။ စစ်ပွဲတွင်းအခြေအနေမျိုးတွင် ဒေါသကိုလွှတ်ပေးလိုက်ခြင်း သည် IHL ကို ချိုးဖောက်မှုများဖြစ်စေမည်မှာသေချာပါသည်။

ဓမ္မပဒဂါထာအမှတ်(၃) မှ (၆) တွင် ဤသို့ မိန့်ဆိုထားပါသည်-

"ဤသူသည် ငါ့ကိုဆဲရေးဖူးပြီ။ ငါ့ကိုညှဉ်းဆဲဖူးပြီ။ ငါ့ကိုအောင်နိုင်ဖူးပြီ။ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီ။" ထို့ကြောင့် ထိုသူ့အပေါ်တွင်ရန်ငြိုးဖွဲ့ကုန်၏။ ထိုရန်သည်မငြိမ်းအေးနိုင်။

"ဤသူသည် ငါ့ကိုဆဲရေးဖူးပြီ။ ငါ့ကိုညှဉ်းဆဲဖူးပြီ။ ငါ့ကိုအောင်နိုင်ဖူးပြီ။ ငါ့ဥစ္စာကိုဆောင်ယူဖူးပြီ။" သို့သော် ထိုသူ့အပေါ်တွင်ရန်ငြိုးမဖွဲ့ကုန်။ ထိုရန်သည်ပြေငြိမ်းနိုင်၏။

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။ ဤသဘောကား အစဉ်အလာဓမ္မတာသဘောပင်တည်း။

ဤလောက၌ အချို့သောသူများသည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ဤလောက၌ အချို့သောသူများသည် ငါတို့သေကြလိမ့်မည်ဟုသိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။

အထက်ဖော်ပြပါဒေသနာများသည် IHL နှင့် ကိုက်ညီနေပါသည်။ ဤနေရာတွင် အရပ်သားများကို သတ်ဖြတ်ခြင်းကဲ့သို့သော IHL ဥပဒေကို ချိုးဖောက်ခြင်းအတွက် မိမိပြိုင်ဘက်၏အရပ်သားများကို လက်တုန့်ပြန် လိုက်ခြင်းမျိုးသည် တရားမျှတမှုကိုဖော်ဆောင်မပေးပေ။ စင်စစ်ဤကဲ့သို့ ဒဏ်ခတ်သည့်တန်ပြန်လုပ်ဆောင် ချက်မျိုးသည် နှစ်ဖက်စလုံးကို ကြမ်းကြုတ်ရက်စက်သော သံသရာနွံထဲသို့သာ နစ်ဝင်သွားစေပါသည်။

## ဗုဒ္ဓစိတ်ပညာဆိုင်ရာ စာပေအကိုးအကားများ

အလေးထားဖွယ်ဗုဒ္ဓစိတ်ပညာဆိုင်ရာ စာပေအကိုးအကားများသည် တိုက်ပွဲဝင်စစ်သည်တို့အား IHL ကို ပိုမိုလေးစားလိုက်နာစေသည့်နည်းဖြင့် စွမ်းဆောင်ရည်ကိုတိုးမြှင့်ပေးနိုင်ပါသည်။ မသေချာမရေရာသော မြူခိုးနှင့်အလားတူသည့် စစ်မက်ဖြစ်ပွားရာ စစ်မြေပြင်အနေအထားကို နားလည်နိုင်စွမ်းမရှိခြင်းသည် တည်ငြိမ်အောင် ထိန်းချုပ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန် လုပ်ဆောင်ခြင်းအား အလွန်အမင်းအခက်အခဲဖြစ်ပေါ်စေပါသည်။ ဗုဒ္ဓဘာသာ၏သမိုင်းတစ်လျှောက်တွင် အပြုသဘောဆောင်သည့်စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုကို အထောက်အကူဖြစ်စေသော စိတ်အသုံးချနည်းလမ်းဖြစ်သည့် တရားဘာဝနာအားထုတ်ခြင်းတွင် ကျွမ်းကျင်လာစေရန်၊ အားကောင်းလာစေရန် ဗုဒ္ဓဘာသာက တိုက်တွန်းနေပါသည်။ စင်စစ် တရားထိုင်ခြင်းအလေ့အကျင့်သည် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်အတွင်း ဗုဒ္ဓဘာသာအဆုံးအမများနှင့် IHL တို့ကိုလိုက်နာကျင့်သုံးစေနိုင်မည့် အကျိုးကျေးဇူးရရှိစေနိုင်ပါသည်။

တရားထိုင်နည်းအမျိုးမျိုးသည် မတူကွဲပြားသော စိတ်ပိုင်းဆိုင်ရာစွမ်းရည်အမျိုးမျိုးကို မြှင့်တင်ပေးနိုင်ကြောင်း ယနေ့ခေတ် စိတ်ပညာနှင့်အာရုံကြောဆိုင်ရာသိပ္ပံပညာရပ်များက လေ့လာတွေ့ရှိထားကြသည်။ (Braboszcz, Hahusseau and Delorme 2010) ထို့အပြင် တရားထိုင်သည့်အလေ့အကျင့်သည် စိတ်ဖိစီးမှုမြင့်မားသည့် တိုက်ပွဲအခြေအနေများတွင် ဆင်းရဲဒုက္ခကိုလျော့ချပေးစဉ် နှင့် IHL ကို မချိုးဖောက်ဘဲ ထိန်းသိမ်းစဉ်ကာလများ၌လည်း စစ်တပ်၏ရည်မှန်းချက်များကို ပြည့်ဝအောင် ကြိုးပမ်းကြရမည့်စစ်သားများအတွက် လိုအပ်သည့် သီးခြားအရည်အသွေးများကိုပင် ဖွံ့ဖြိုးတိုးတက် အောင်ထောက်ပံ့ပေးနိုင်သည်ကို တွေ့ရှိရပါသည်။ ထိုသီးခြားအရည်အသွေးများထဲတွင် ပတ်ဝန်းကျင်အနေအထားကို သိရှိနားလည်ခြင်း၊ အလုပ်နှင့်သက်ဆိုင်သည့် မှတ်ဉာဏ်စွမ်းရည်၊ စိတ်ခံစားမှုအလိုက် မျက်နှာအပြောင်းအလဲ၊ အာရုံစူးစိုက်မှုကို ထိန်းချုပ်ခြင်းနှင့် ခက်ခဲနက်နဲမှုများကိုကိုင်တွယ်ဖြေရှင်းခြင်းတို့ ပါဝင်ကြပါသည်။[31] တဖန်ထိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာမှုသည် စစ်သည်များကို သတင်းအချက်အလက်များ ပိုမိုကောင်းမွန်စွာထိန်းသိမ်းတတ်ရန်နှင့် စနစ်တကျစီမံပြုလုပ် တတ်ရန် လေ့ကျင့်ပေးသည့်အပြင် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချပေးနိုင်သည့် ပစ်မှတ်ထားရမည့်အရာနှင့် ပစ်မှတ်မဟုတ်သည့်အရာနှစ်ခုကို ခွဲခြားသိမှု၊ ပတ်ဝန်းကျင်အပေါ် မှန်ကန်သောသတိပြုခြင်းနှင့် တုံ့ပြန်ခြင်း တို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတို့၏ စိတ်ချယုံကြည်ထိုက်သော တရားဘာဝနာ အားထုတ်မှုများသည် စစ်သည်များကို လုပ်ရိုးလုပ်စဉ်နည်းလမ်းများမှ သွေဖည်မသွား စေဘဲ ဥပဒေကသတ်မှတ် ထားသော စည်းမျဉ်းစည်းကမ်းများကို ကောင်းမွန်စွာထိန်းသိမ်းနိုင်အောင်ပြုလုပ် ပေးခြင်းဖြင့် IHL ကို လေးစား လိုက်နာမှု တိုးမြင့်စေနိုင်ပါသည်။ အထူးအားဖြင့် တိုက်ခိုက်ရာတွင် လုပ်နိုင်သမျှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို ပိုမိုလိုက်နာစေနိုင်ပါသည်။

တရားထိုင်ခြင်းသည် အဖွဲ့အစည်းအတွင်း အပြုသဘောဆောင်သောအပြုအမူကို ဖြစ်ပေါ်စေသကဲ့သို့၊ တစ်ဦးချင်းအတွက်လည်း စိတ်ပါဝင်စားမှု၊ စိတ်အားတက်ကြွမှုနှင့် ကိုယ်ပိုင်ဂုဏ်သိက္ခာတည်ဆောက်မှုကို ဖြစ်ပေါ် စေပါသည်။ ထိုအချက်များသည် တန်ပြန်လက်စားချေမှု (သို့) ရွယ်တူပတ်ဝန်းကျင်၏ဆွဲဆောင်မှုအတိုင်း လိုက်ပါ စီးမျောခြင်းတို့ကို လျော့ကျစေပါသည်။ တရားထိုင်ခြင်းမှရရှိသော စိတ်ဖိစီးမှုကိုသိရှိလက်ခံခြင်းနှင့် ထိုစိတ်ဖိစီးမှု ကိုတုံ့ပြန်နိုင်စွမ်းတည်းဟူသော အကျိုးရလဒ်သည် စစ်သည်များ၏ စိတ်ပိုင်းဆိုင်ရာပျော်ရွှင်ချမ်းမြေ့မှုအတွက် လည်း အကျိုးရှိစေပါသည်။ ၎င်းသည် တစ်ပိုင်းအားဖြင့် အခြေအနေတစ်ရပ်ရပ်တွင် ကြုံတွေ့ရသောအန္တရာယ်၏ တုံ့ပြန်သည့်အတိုင်းအဆကိုချိန်ညှိပေးပြီး၊ အခြားတစ်ပိုင်းအားဖြင့် အန္တရာယ်ကြုံချိန်တွင် သတိလက်လွတ်တုံ့ပြန်မှု မဖြစ်စေဘဲ အာရုံကြောစနစ်တွင် အဒရီနလင်ဟော်မုန်း၊ ကော်တီဆိုးလ်ဟော်မုန်း မြင့်တက်မှုကြောင့် ဖြစ်ရသည့် စိတ်ဖိစီးမှုများမရှိတော့ဘဲ အခြေအနေနှင့်သင့်လျော်အောင် တုံ့ပြန်ဆောင်ရွက်နိုင်စေပါသည်။[32]

ဗုဒ္ဓဘာသာဝင်တို့၏ တရားအားထုတ်နည်းများသည် တိုက်ပွဲကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများရှိကြသော စစ်မှုထမ်းဟောင်းများအတွက်လည်း အထောက်အကူဖြစ်ပါသည်။

စစ်ပွဲအတွင်း ၎င်းတို့၏လုပ်ဆောင်ချက်များ (သို့) တွေ့ကြုံခဲ့ကြရသော အတွေ့အကြုံများသည် IHL နှင့် ကိုက်ညီနေမည်ဆိုလျှင် ပင် ယခင်ကစစ်သားများသည် တစ်စုံတစ်ရာထိခိုက်မှုအပြီး နောက်ဆက်တွဲဖြစ်ပေါ်လာတတ်သော စိတ်နာကျင် ဖိစီးမှုရောဂါ (PTSD) ကိုခံစားရနိုင်ပါသည်။[33] အဓိကအားဖြင့် စိတ်၌သတိကပ်၍ဖြစ်စေ၊ ခန္ဓာကိုယ်၌ သတိကပ်၍ ဖြစ်စေ အခြေခံထားသော ဗုဒ္ဓဘာသာဝင်တို့၏တရားအားထုတ်မှုသည် တစ်စုံတစ်ယောက်၏ မကောင်းသော အတိတ်မှတ်ဉာဏ်များကြောင့်ဖြစ်သော စိတ်လှုပ်ရှားပူပန်ရမှုကို တည်ငြိမ်အေးချမ်းသွားစေရန် ကူညီကောင်း ကူညီပေးနိုင်ပါသည်။ အရှေ့အာရှတွင်အသုံးပြုသည့် ဗုဒ္ဓဘာသာဝင်တို့၏ အပြစ်ကိုဝန်ချ တောင်းပန်ခြင်း ထုံးတမ်းစဉ်လာသည် အထူးသဖြင့် အတိတ်၌ဖြစ်ပျက်ခဲ့သော ကိစ္စများနှင့်ပတ်သက်၍ အကူအညီပြုသည်ကို တွေ့ရှိရပါသည်။ အပြစ်ကိုဝန်ချတောင်းပန်ခြင်း ထုံးတမ်းစဉ်လာသည် ကျူးလွန်ခဲ့သောအမှားများကို အသိအမှတ် မပြုသောသူများနှင့် နောင်တမရသောသူတို့အတွက် မကောင်းသောအကျိုးကိုသာ ခံစားရနိုင်သည်ဟု နားလည် ခြင်းနှင့်ဆက်နွယ်နေပါသည်။ ယင်းမှာ ရေရှည်တွင် အထူးသဖြင့် ဘဝသစ်တွင် အသိပညာနှင့် ပြန်လည်မွေးဖွားခြင်း (rebirth-wise) မျိုးတွင် ပြုခဲ့သည့်ကံကြောင့် အကျိုးသက်ရောက်ခြင်းဖြစ်သည်။

အဘိဓမ္မာသည် ကံနှင့်သက်ဆိုင်သောကြောင်းကျိုးစပ်နွယ်မှုထက် အကြောင်းတရားနှင့်အကျိုးတရား တို့၏ ပေါင်းစုံမှုနှစ်ခုကြားမှ ကြောင်းကျိုးဆက်စပ်မှုဖြင့် ချိတ်ဆက်ပြီး ကျေးဇူးပြုပေးတတ်သည့် သတ္တိသဘော တို့ကို ခွဲခြမ်းစိတ်ဖြာထားပါသည်။ ဥပမာအားဖြင့် (ထေရဝါဒပိဋကတ်သုံးပုံတွင် တတိယမြောက်ဖြစ်သော) အဘိဓမ္မာပိဋကတ်၏ (၇)ကျမ်းမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းသည် ကြောင်းကျိုးဆက်စပ်မှုကို အသားပေးဖော်ပြ ထားသည်ကို တွေ့မြင်နိုင်ပါသည်။ ကျွမ်းကျင်ပိုင်နိုင်မှုကိုပိုမိုရရှိစေသည့် "အဖန်ဖန်အထပ်ထပ်မှီဝဲခြင်း၊ အဖန်ဖန် အထပ်ထပ်စွမ်းရည်များတိုးပွားအောင်လေ့ကျင့်ပေးခြင်း"ဟုဆိုအပ်သော *အာသေဝနပစ္စည်း*သည် ပဋ္ဌာန်း (၂၄) ပစ္စည်းထဲမှ ပစ္စည်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သောကျွမ်းကျင်မှုနှင့် ခွန်အားကိုပိုင်ဆိုင်လာ စေနိုင်သည့် အောင်မြင်မှုအခြေအနေကို *အာသေဝနပစ္စည်း* ဟုခေါ်ပါသည်။(Kyaw 2014, 197) ထိုမှတစ်ဆင့် တစ်ဦးတစ်ယောက်၏ စိတ်စေတနာဖြင့်ရည်ရွယ်၍လုပ်သော ထပ်တလဲလဲဆောင်ရွက်ချက်များသည် အရိုးစွဲ သွားသည့် အကျင့်စရိုက်များအဖြစ်အထိ ပြောင်းလဲသွားနိုင်ပါသည်။

*အာသေဝန*၏ပစ္စယသတ္တိသည် လူသားများကို အကြမ်းဖက်မှုနှင့် နောက်ဆက်တွဲဆိုးကျိုးများတွင် အသားကျသွားစေနိုင်ပါသည်။ စစ်သားတစ်ယောက် (သို့) အရပ်သားတစ်ယောက်သည် တစ်ကြိမ်တစ်ခါမျှ သတ်ဖြတ်ရာတွင်ဖြစ်စေ၊ အကြမ်းဖက်မှုကို မျက်မြင်မြင်တွေ့ရခြင်းတွင်ဖြစ်စေ ကျင့်သားရနေခြင်းသည် စစ်မြေပြင်၌ဖြစ်စေ၊ သာမန်ဘဝ၏ ကျယ်ပြောလှသည့် လူ့အဖွဲ့အစည်းတွင်ဖြစ်စေ အခြားသူများနှင့် ဆက်ဆံ ပြုမူခြင်းအပေါ် လွှမ်းမိုးမှုရှိနိုင်သကဲ့သို့ ဘဝနှင့်လုံခြုံရေးကို အာမခံချက် ပေးသောတန်ဖိုးများနှင့် အလေးထား

စရာကိစ္စများကို အလေးဂရုပြုမှုနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အပေါ်တွင် အကျိုးသက်ရောက်မှု ရှိပါသည်။ ယင်းသည် ထိုသို့သောအခြေအနေများနှင့် ကြုံတွေ့ရသူများ (သို့) ထိုအခြေအနေများကို ထိရောက်စွာအသုံးချသူများနှင့် အခြားသူများအပေါ် ထိခိုက်စေမည့်နည်းလမ်းဖြင့် ဆုံးဖြတ်ချက်ချခြင်းအကျင့်ရှိနေသော အစိုးရအဖွဲ့မှလူများ အပေါ် အကျိုးသက်ရောက်မှုရှိစေပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်အတွင်းတွင်လည်းကောင်း၊ ဖြစ်စဉ်ပြီးနောက်တွင်လည်းကောင်း မညီမျှသောလုပ်ရပ်များ၊ သတိမမူဘဲပြုလုပ်သောလုပ်ရပ်များကို ဖြစ်စေနိုင် ပါသည်။

အထက်ပါအချက်များသည် စစ်မြေပြင်များတွင် တပ်စွဲရသည့်အကျိုးဆက်အဖြစ် စစ်သည်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု မည်မျှအထိဖြစ်စေနိုင်ကြောင်းကို မည်သို့သုံးသပ်သင့်ကြောင်းနှင့် စစ်၏လွန်လွန်ကဲကဲ ဆိုးဝါးမှုကို တားမြစ်ခြင်းဖြင့် ထိုစိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို အနည်းဆုံးဖြစ်ရန် မည်သို့လျှော့ချနိုင်မည်ကို မီးမောင်းထိုးပြပါသည်။ သူတစ်ပါးအသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခြင်းဖြစ်သော ဗုဒ္ဓဘာသာဝင်တို့၏ ပထမဆုံး သီလကို ကျူးလွန်သောသူသည် IHL ကဲ့သို့သော လူသားချင်းဆိုင်ရာစာနာထောက်ထားမှုကျင့်ဝတ်များကို အလွယ်တကူချိုးဖောက်သူတစ်ယောက် ဖြစ်လာနိုင်ပါသည်။ တစ်နည်းအားဖြင့် အပြုအမူများကို စောင့်စည်းစေ နိုင်သော ဗုဒ္ဓဘာသာဝင်တို့၏သီလကျင့်ဝတ်များကို ပြောင်းလဲပစ်မည့်အန္တရာယ် ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ ယင်းသည် သီလချိုးဖောက်သူများတွင် အကာအကွယ်မဲ့သူကို ကာကွယ်ပေးရန်ဖြစ်သော ဗုဒ္ဓဘာသာဝင်တို့ တန်ဖိုးထားသည့်ရည်မှန်းချက်ကို ပျောက်ဆုံးသွားစေပါသည်။ (Bca. 3, v 17, Crosby and Skilton 1995, 21) ရာထူးချန်နန်းများမြင့်မားခြင်းနှင့် သတ်ဖြတ်ခြင်းအပေါ်မနှစ်သက်မှုကိုအလေးမပေးရန် လေ့ကျင့်ပေးထားသော စစ်တပ်၏ လူ့ဂုဏ်သိက္ခာကင်းမဲ့သော လေ့ကျင့်သင်ကြားပေးမှုသည် အချို့သော ထိပ်တန်းစစ်တပ်များတွင် PTSD ပြန့်ပွားမှုနှင့် စိတ်ပိုင်းဆိုင်ရာ စိုးရိမ်ပူဆွေးမှုကဲ့သို့သော အခြေအနေများကို ဖြစ်ပေါ်လာစေပါသည်။ (French and Jack 2015, 174-179)

လူကိုလူဟုမမြင်ခြင်းဟူသည်ရန်သူ့အပေါ်မကောင်းမြင်စိတ်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ယင်းမှာစစ်ပွဲကို အလေးပေး သည့်ကြမ်းတမ်းရက်စက်သောလုပ်ရပ်နှင့် လက်တုံ့ပြန်မှုများကဲ့သို့ IHL ကိုချိုးဖောက်သည့် အရေးကြီးသောအချက် အဖြစ်အသိအမှတ်ပြုထားပါသည်။ ရန်သူကို သက်မဲ့အရာဝတ္ထုအဖြစ်မြင်ခြင်းသည် မကောင်းသောစိတ်ခံစားချက် ကိုလျှော့နည်းစေသည့်အတွက် မကောင်းမှုကျူးလွန်ခြင်းကို ပိုနည်းစေနိုင်ပါသည်။ ရန်သူကို သက်မဲ့အရာဝတ္ထု အဖြစ်မြင်ခြင်းအားဖြင့် စစ်သည်သည်လူကိုလူဟုမမြင်သော ပြင်းထန်သည့်အဆိုးမြင် စိတ်ခံစားမှုများ၏ ဆိုးကျိုး များမှကင်းကာ စိတ်ခံစားမှုတုံ့ပြန်ချက်များကိုမဖြစ်စေဘဲ သတ်ဖြတ်ခြင်းအပါအဝင် တိုက်ပွဲကို ထိရောက်စွာ ဆင်နွှဲနိုင်ပါသည်ဟု French နှင့် Jack တို့က အဆိုပြုကြသည်။ ထို့အပြင် ၎င်းတို့က စစ်တပ်တွင် လူကိုလူဟု မမြင်သည့်နည်းလမ်းအသုံးပြုခြင်းကို လူနာ၏အသက်ကိုကယ်တင်ရန် အန္တရာယ် များသည့် ခွဲစိတ်ခြင်းကိုပြုလုပ်မည့် ခွဲစိတ်ဆရာဝန်သည် လူနာကို

ပြုပြင်ရန်လိုအပ်နေသည့် ဇီဝရုပ်တစ်ခုအဖြစ် မြင်ခြင်းကား တတ်နိုင်သမျှ စိတ်လှုပ်ရှားမှုများကို လျှော့ချထားရမည်ဟူသည့် ဥပမာနှင့် နှိုင်းယှဉ်ထားပါသည်။ (French and Jack 2015, 185-187) လူကိုလူဟုမမြင်ခြင်းနည်းလမ်းထက် ရန်သူအပေါ်စာနာနားလည်မှု ဖြစ်ပေါ်စေသည့် တရားအားထုတ်ခြင်း သည်ဆန့်ကျင်ဘက်ရလဒ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ စစ်သည်၏ ရုပ်ပိုင်းဆိုင်ရာရပ်တည်ရှင်သန်မှု ရှုထောင့်မှ ကြည့်လျှင် လူကိုလူဟုမမြင်ခြင်းလမ်းစဉ်သည် ရန်သူနှင့်မိမိကိုယ်ကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟုမြင်ခြင်းထက် ပင်ကိုယ်အားဖြင့် အတ္တကင်းမဲ့သည့်ဖြစ်စဉ်များဟုမြင်သည့် ဗုဒ္ဓဘာသာ၏ သုညတ (သို့) အနတ္တသဘော တရားအား နှလုံးသွင်းသည့် တရားအားထုတ်နည်းများနှင့် အခြေခံ ကိုက်ညီမှုအချို့ရှိသည်ကို တွေ့ရှိရသည်။ ဤနေရာတွင် အထက်ပါသဘောတရားကို လွဲမှားစွာအသုံးချခြင်း ကြောင့် ဖြစ်ပေါ်လာနိုင်သောအန္တရာယ်ကိုလည်း သတိပြုသင့်ပါသည်။ ရန်သူကို သုညတဟု ရှုမြင်လိုက်ခြင်းသည် တစ်ဦးတစ်ယောက်၏ ဖြစ်တည်မှု၊ ရပ်တည်မှုကို လျစ်လျူရှုလိုက်ခြင်းမဟုတ်ကြောင်း နားလည်ရန်လိုအပ်ပါသည်။ (Hervey 2000, 267-8) အမျိုးမျိုးသော အကြောင်းတရားများသည် အမျိုးမျိုးသော အခြေအနေများကိုဖြစ်စေနိုင် ကြောင်းနှင့် တစ်ဦးတစ်ယောက်၏ ရှိသည်ဟုထင်သော်လည်း အမှန်တကယ်မရှိသည့် ပင်ကိုယ်သဘောတရားကို သိနားလည်ခြင်းသည် လက်တုံ့ပြန်ခြင်းအပါအဝင် ဒေါသအခြေခံသောတုံ့ပြန်မှုများကို လျှော့ချစေရာ၌ အရေးပါ ပါသည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်းတည်းဟူသော *ခန္တီ*တရားကိုရှင်းလင်းပြသထားသည့် *ဗောဓိစရိယာဝတာရ ကျမ်း*၏ *ခန္တီ*အခန်း၌ ဒေါသကို အရှိန် မမြှင့်တင်ခင်၊ ဒေါသဖြင့်မတုံ့ပြန်ခင် သူတစ်ပါးတို့၏ လုပ်ဆောင်ချက်များကို လွှမ်းမိုးနေသော များပြားသည့် အကြောင်းတရားအားလုံးကို ကြည့်ရှုသုံးသပ်ရန် အကြံပြုထားပါသည်။ (Bca. 6, 37-43; Crosby and Skilton 1995,53-54) ဗုဒ္ဓဘာသာ၏ အထက်ပါသဘောတရားများဖြင့် ချဉ်းကပ်ထားသော လူကိုလူဟုမမြင်ရန် လေ့ကျင့်ပေးခြင်းအားဖြင့် စစ်သည်များကို ရန်သူများအားသတ်ဖြတ်ခြင်းနှင့် ထိခိုက်စေခြင်းကို တတ်နိုင်သမျှ လျှော့ချလျက်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်အတွက်လည်း PTSD ကို တားဆီးခြင်းဖြင့် လည်းကောင်း တိုက်ပွဲ တွင် ပါဝင်ခွင့်ရစေပါသည်။

အဓိကအားဖြင့် အမျိုးမျိုးသောအကြောင်းတရားများသည် အမျိုးမျိုးသောအကျိုးတရားများအပေါ် လွှမ်းမိုးမှုရှိကြောင်း ရှင်းလင်းပြသထားသည့် ပဋ္ဌာန်းကျမ်းတည်းဟူသော အဘိဓမ္မာရှုထောင့်နှင့် သုညတအမြင် တည်းဟူသော မဟာယာနရှုထောင့်တို့သည် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်အတွင်း မည်သို့လုပ်ဆောင်ရမည်၊ မလိုလားသောရလဒ်များကိုတားဆီးရန် မည်သို့သော အခြေအနေဖန်တီးရမည်နှင့်ဆိုင်သော ပြုမူဆောင်ရွက်ပုံနှင့် ဆုံးဖြတ်နိုင်စွမ်းကို နားလည်ရန်အသိအမြင်များကို ပေးပါသည်။ အထက်ပါရှုထောင့်နှစ်မျိုးသည် မကောင်းသော အကျိုးတရားများကိုရပ်တန့်စေရန်၊ ကောင်းသောအကျိုးတရားများကို လွယ်ကူစွာဖြစ်ပေါ်စေရန်နှင့် အထူးသဖြင့် IHL ကိုချိုးဖောက်ခြင်းအား ဟန့်တားစေသည့် အတွေးအခေါ်များရှိရန် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ထောက်ပံ့ပေးနိုင်သကဲ့သို့ ရွေးချယ်စရာနည်းလမ်းများ ကျန်ရှိနေသေးကြောင်းကိုလည်း သိမြင်စေပါသည်။

## ဗုဒ္ဓဘာသာနှင့် ကိုယ်ခံပညာ

ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများ၌ ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပေးသည့် သင်ခန်းစာများတွင် ကိုယ်ခံပညာများလည်း ပါဝင်ပါသည်။ ကိုယ်ခံပညာ (martial arts) ဟူသည် တိုက်ခိုက်ခြင်းနည်းလမ်းများတွင် အခြေခံကာ စည်းစနစ်တကျပေါင်းစုထားသည့် ဓလေ့ထုံးတမ်းအမျိုးမျိုးကိုခြုံငုံမိစေသည့် အဓိပ္ပာယ်ကျယ်ပြန့်သော ဝေါဟာရတစ်ခုဖြစ်သည်။ ၎င်းတွင် ကာယစွမ်းရည်သာမက ဉာဏစွမ်းရည်လည်း ပေါင်းစပ်ပါဝင်နေပါသည်။ ထိုကိုယ်ခံပညာ၏ အဓိကအချက်သည် ကာယစွမ်းအားကို ကျွမ်းကျင်စွာထိန်းချုပ်ခြင်းပင်ဖြစ်သည်။ ကိုယ်ခံပညာ ကို လေ့ကျင့်သောစစ်သည်တော်များသည် ၎င်းတို့၏ဘာသာတရားနှင့် ယင်းကို အလုပ်တွင် မည်သို့အသုံးပြုရမည် နှင့်ပတ်သက်၍ အထူးတလည် စိတ်ဝင်စားခဲ့ကြသည်။ စစ်သည်များတွင် ကျင့်ဝတ်ဉပဒေလိုက်နာခြင်း၊ ရည်ရွယ်ချက်ခိုင်မာခြင်းနှင့် ဆရာသမားအတွက်(သို့)ခံယူချက်အတွက် အသက်စွန့်ရန်အသင့်ရှိခြင်းတို့ လိုအပ် သကဲ့သို့ သေခြင်းတရားကိုရင်ဆိုင်မည့်နည်းလမ်းလည်း လိုအပ်ပါသည်။ ဗုဒ္ဓဘာသာ၊ ကိုယ်ခံပညာနှင့် တိုက်ပွဲ ဟူသည့် နယ်ပယ်(၃)ခု အချင်းချင်း အကျွမ်းတဝင်ရောယှက်နေကြသည်မှာ အံ့သြစရာမဟုတ်ပေ။ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပေါ်လာသောအခါ၊ ကျူးကျော်လာသောစစ်တပ်များ၊ ဓားပြများ၊ ရန်လိုသော ဂိုဏ်းခွဲများ၊ တစ်ခါတစ်ရံ နိုင်ငံတော်ကိုပင် ဆန့်ကျင်ရန် လက်နက်ဆွဲကိုင်တိုက်ခိုက်ရန်လိုအပ်လာသည်ဟု ရဟန်းတော်များကဆုံးဖြတ် လိုက်သောအခါ သံဃာ့စစ်တပ်များပေါ်ပေါက်လာပါသည်။ အထက်ပါအခြေအနေမျိုးသည် တိဗက်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်ကဲ့သို့သော မဟာယာနဗုဒ္ဓဘာသာနိုင်ငံများတွင် အများအားဖြင့် ဖြစ်လေ့ရှိသော်လည်း အရှေ့တောင်အာရှထေရဝါဒနိုင်ငံများတွင်လည်း အလားတူဖြစ်ရပ်များကိုတွေ့နိုင်ပါသည်။[34]

ကိုယ်ခံပညာနှင့်ပတ်သက်လျှင် ချန် (Chan\Zen\Seon\Thien) ကျောင်းတော်သည် အထူးပင်ထင်ရှားပါသည်၊ ရာစုနှစ်ပေါင်းများစွာကြာ အပြောင်းအလဲများ၊ ရှုပ်ထွေးမှုများနှင့်ပြည့်နေသောသမိုင်းကြောင်းအရ တရုတ်နိုင်ငံ၏အထင်ရှားဆုံး သင်္ကေတဖြစ်သည့် ချန်ကျောင်းတော်၊ ရှောင်လင်(Shaolin)သည် စစ်တပ်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် ဗဟိုအချက်အချာနေရာတစ်ခု ဖြစ်ခဲ့သည့်အပြင် ရဟန်းစစ်သည်တို့၏စွမ်းရည်ကြောင့် အသိပညာပိုမိုတိုးပွားစေရန် စစ်သည်တော်များစွာ လာရောက်လေ့လာကြသဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်။ ရှောင်လင်ကျောင်းတော်သည် ကိုယ်ခံပညာများကို စုစည်းထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် သင်ကြားပေးခြင်းတို့တွင် အရေးပါသောအဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲလာခဲ့ပါသည်။ မိမိကိုယ်ကို ကာကွယ်ရာတွင် အသုံးပြုသောလက်နက်သည် မိမိနှင့်တိုက်ခိုက်သူကို ထိခိုက်မှုအန္တရာယ် နည်းနိုင်သမျှ နည်းအောင် ထူးထူးခြားခြား တုတ်ချောင်းများကိုသာ အသုံးပြုတိုက်ခိုက်သော နည်းလမ်းများအတွက် ရှောင်လင်ကျောင်းတော်သည် အထူးထင်ရှားခြင်းဖြစ်သည်။ (Lorge 2011)

ဂျပန်နိုင်ငံတွင် ဇင်(Zen)ဗုဒ္ဓဘာသာသည် စစ်သည်များ၏ဘာသာတရားအဖြစ် ထင်ရှားခဲ့ပါသည်။ ဂျပန်ကိုယ်ခံပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အကြောက်တရားကို လက်တွေ့ကျကျ ပယ်သတ်ခြင်းအားဖြင့်၊ ပစ္စုပ္ပန်ကာလ၌သာ အာရုံစူးစိုက်ထားခြင်းအားဖြင့် ဇင်လမ်းစဉ်ကို ကျင့်ကြံခြင်းသည် ပိုမိုထူးချွန်သော တိုက်ခိုက်ရေးသမားများဖြစ်လာစေခဲ့သည်ဟု ဆာမူရိုင်း (Samurai) စစ်သည်တော်အလွှာက သဘောပေါက်လက်ခံထားပါသည်။ ဆာမူရိုင်းတို့နှင့် ဇင်ဗုဒ္ဓဘာသာတို့ အကြား ကြီးမားသော အပြောင်းအလဲဖြစ်ပေါ်ခဲ့ကာ ဓမ္မဟောကြားချက်များကို ကိုယ်ခံပညာအမြင်ဖြင့် ဟောကြားခဲ့သည့် Suzuki Shōsan (1579-1655 CE) ကဲ့သို့ များစွာသောဆာမူရိုင်းစစ်သည်တို့သည် သူတို့ဘဝ၏ နေဝင်ချိန်များကို ဇင်ရဟန်းတော်များအဖြစ် ဖြတ်သန်းခဲ့ကြပါသည်။ ထိုအထဲ ဗုဒ္ဓဒဿနနှင့် ကိုယ်ခံပညာ အကြောင်းတွင် ဩဇာအကြီးများဆုံးကျမ်းတစ်ဆူဟုယူဆနိုင်သော *လွတ်လပ်သောစိတ်* - The Unfettered Mind (Soho 2012) ကျမ်းကိုပြုစုခဲ့သူ ဇင်ရဟန်းတော် Takuan Sōhō လည်း အပါအဝင်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာနှင့် ရိုးရာကိုယ်ခံပညာ နှစ်ခုစလုံးသည် ကျင့်ဝတ်ဆိုင်ရာ လေးစားဖွယ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းစေသကဲ့သို့ ဆင်းရဲဒုက္ခများ နည်းနိုင်သမျှနည်းစေရန်လည်း ကြိုးပမ်းကြပါသည်။ ကိုယ်ခံပညာဟူသည် အားကောင်းသောကာယအင်အားကို မည်သို့ထိန်းချုပ်စောင့်ထိန်းရမည်ဖြစ်ကြောင်း သင်ယူလေ့လာသည့်အနုပညာပင်ဖြစ်သည်။ ကိုယ်ခံပညာကို မပြတ်လေ့ကျင့်နေသူတစ်ယောက်သည် ရှောင်လွှဲခွင့်မသာသည့်အကြမ်းဖက်မှုကို ပြန်လည်ခုခံရာတွင်လိုအပ်သည့် ကာယအင်အားမျှကိုသာ အသုံးချလျက် ထိခိုက်နာကျင်စေမှုမှရှောင်ကြဉ်ရန် စည်းစနစ်ကျသောနည်းလမ်းများကို အသုံးပြုနိုင်စွမ်း မြင့်မားလာပါသည်။ စိတ်ကိုလေ့ကျင့်ပေးခြင်းနှင့် မိမိ၏ဝင်လေထွက်လေ(အာနာပါန)ကို ပိုင်နိုင်ခြင်းတို့သည် ကာယလေ့ကျင့်ခန်းများကဲ့သို့ အရေးပါပါသည်။ ကိုယ်ခံပညာ၏လက္ခဏာဖြစ်သည့် ရှုပ်ထွေးနက်နဲသော လှုပ်ရှားမှုပုံစံများကို ရွေ့လျားနေသောတရားအားထုတ်မှုပုံစံအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။(Mann 2012) တရားအားထုတ်နည်းများသည် တိုက်ပွဲ အတွင်း ရှင်းလင်းစွာတွေးခေါ်နိုင်စွမ်းကိုဖြစ်စေသည့် သတိကိုအားကောင်းစေပါသည်။ မိမိဘဝကို တွယ်တာခြင်း အပါအဝင် လောဘ၌မကပ်ငြိခြင်းအားဖြင့် မိမိကိုယ်ကိုကာကွယ်နိုင်သည့်စွမ်းရည်ရှိသည်ဟု ပိုမိုယုံကြည်ခြင်း အားဖြင့် မိမိတို့၏အကြောက်တရားနှင့် စိတ်၏ပင်ကိုယ်သဘောတရားများကို ကောင်းစွာထိန်းချုပ်နိုင်ရန် သင်ယူနိုင်ပါသည်။ အပြန်အလှန်အားဖြင့် တရားအားထုတ်ခြင်းသည် တိုက်ခိုက်သူကို ပို၍အနာတရဖြစ်စေခြင်းနှင့် အကြောက်တရားကိုအခြေခံသည့် ရန်လိုမှုအန္တရာယ်များကို လျှော့ချပေးပါသည်။ ၎င်းသည် ကျင့်ဝတ်အရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ ဆီလျော်မှုရှိပါသည်။

သုတေသနလေ့လာတွေ့ရှိချက်များသည် တရားအားထုတ်ခြင်းကဲ့သို့ ကိုယ်ခံပညာသည် လေ့ကျင့်သူများကို အကြမ်းဖက်သည့်အပြုအမူအားလုံးကို လျှော့ချကာ မကောင်းမြင်စိတ်ဖြင့်တုံ့ပြန်ခြင်းကို နည်းပါးစေပြီး

၎င်းတို့ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်အခြေအနေအပေါ် ထိန်းချုပ်နိုင်စွမ်းရှိစေရန် ကူညီပေးပါသည်ဟု တညီတညွတ်တည်း ဖော်ပြကြပါသည်။ (ဥပမာများအတွက် Harwood, Lavidor and Rassovsky 2017 တွင် ကြည့်ရှုနိုင်ပါသည်) အထူးသဖြင့် ကိုယ်ခံပညာနှင့် ဗုဒ္ဓဘာသာတရား အားထုတ်နည်းများကို ကမ္ဘာတစ်ဝှမ်းမှ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် စစ်တပ်များတွင် ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့၏ လေ့ကျင့်ရေးစနစ်များအတွက် လေးစားမှု၊ နှိမ့်ချမှု၊ စည်းကမ်းရှိသေမှုကဲ့သို့သော ကိုယ်ကျင့်တရားတည်ဆောက်ရေးကျင့်ဝတ်များ၌ အသားပေးထားသည့် ကိုယ်ခံပညာ၏နည်းစနစ်များသည် အကျိုးရှိကောင်းရှိနိုင်ပါသည်။ ဗုဒ္ဓဘာသာ၏ ကိုယ်ခံပညာနှင့်ပတ်သက်သော သမိုင်းကွင်းဆက်များနှင့် အကြမ်းဖက်မှုများနှင့် အန္တရာယ်များ ပါဝင်သည့် တိုက်ပွဲအတွင်း ကိုယ်ခံပညာ၏အသုံးဝင်မှုတို့သည် IHL ကို ပိုမိုလေးစားလိုက်နာစေနိုင်မည့် ဗုဒ္ဓဘာသာ၏ လက်တွေ့ကျင့်သုံးခြင်းဆိုင်ရာ ကျမ်းကိုးကျမ်းကားများကြွယ်ဝမှုကို ရည်ညွှန်းနေသည့်အပြင် IHL ကိုဖော်ဆောင်ရာတွင် ပိုမိုကောင်းမွန်ပြည့်စုံစေမည့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ ကျမ်းကိုးကျမ်းကားများ ကြွယ်ဝမှုကိုလည်းပြသနေပါသည်။

## လက်နက်များနှင့်ပတ်သက်သော သဘောထား

IHL သည် လက်နက်စက်ရုံများကို တားမြစ်ခြင်းထက် စည်းကမ်းတကျထိန်းသိမ်းပေးရန် ရည်ရွယ်ပါသည်။ ၎င်းသည် စစ်ရေးရည်ရွယ်ချက်အောင်မြင်စေရန် မလိုအပ်သောထိခိုက်နစ်နာမှုများ၊ မဆင်မခြင်ပြုမူခြင်းနှင့် လူသားတို့ဆင်းရဲဒုက္ခကိုရှည်ကြာစေခြင်းတို့ကိုဖြစ်စေသော မြေမြှုပ်မိုင်းများ၊ ဓာတုလက်နက်များနှင့် ဇီဝလက်နက် များကဲ့သို့ လက်နက်များကိုရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်းနှင့် လက်လွှဲပြောင်းပေးခြင်းတို့ကို နည်းမျိုးစုံဖြင့် တားမြစ်ထားပါသည်။ ထို့အပြင် ကုလသမဂ္ဂလက်နက်ကုန်သွယ်ရေးစာချုပ် (UN Arms Trade Treaty) သည်လည်း IHL ကို ချိုးဖောက်လေ့ရှိမည့်အန္တရာယ်ရှိလျှင် တစ်နိုင်ငံမှအခြားတစ်နိုင်ငံသို့ တရားဝင် လက်နက် ရောင်းဝယ်ခြင်းကိုလည်း ကန့်သတ်ချုပ်ချယ်ထားပါသည် (United Nations 2013) ယနေ့ခေတ်စစ်ပွဲများသည် များသောအားဖြင့် တန်ဖိုးကြီးသော၊ အဆင့်မြင့်နည်းပညာဖြင့်ထုတ်လုပ်ထားသည့် လက်နက်များအပေါ်တွင် မှီတည်နေပါသည်။ စစ်ပွဲတွင်ပါဝင်သည့်အဖွဲ့အစည်းများသည် ထိုလက်နက်များကိုဝယ်ယူရန်တန်ဖိုးများပြားသော ရန်ပုံငွေများလိုအပ်ပါသည်။ ဗုဒ္ဓဘာသာအရ လက်နက်ကုန်သွယ်ခြင်းသည် “မှားယွင်းသော အသက်မွေးမှု” (၅)မျိုးထဲမှတစ်မျိုးအပါအဝင်ဖြစ်သည့်အတွက် လက်နက်ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းနှင့်ပတ်သက်၍ အရေးပါ သော မေးခွန်းများပေါ်ပေါက်လာပါသည်။ (An. III.208) မဟာယာနကျမ်းလာ *ဗြဟ္မဇာလသုတ္တံတွင်* လက်နက်များ သိုလှောင်ခြင်းသည် ဘုရားလောင်း-ဗောဓိသတ္တ၏ ဒုတိယမြောက်ကျင့်စဉ်များကို ဆန့်ကျင်နေသည်ဟုသတ်မှတ် ထားပါသည်။

> ဗုဒ္ဓ၏ တပည့်သာဝကသည် ဓားများ၊ တင်းပုတ်များ၊ လေးများ၊ မြားများ၊ လှံများ၊ ပုဆိန်များနှင့် အခြားမည်သည့်လက်နက်များကိုမဆို သိမ်းဆည်းဆောင်ယူထားခြင်း မပြုသင့်ပေ။ ထို့အတူ ပိုက်ကွန်များ၊ ထောင်ချောက်များ (သို့) အသက် ဇီဝိန်ကို ဖျက်ဆီးရာ၌ အလားတူဖြစ်သည့် မည်သည့် ကိရိယာများကိုမှ ထိန်းသိမ်းထားခြင်း မပြုသင့်ပေ။ (Buddhist Text Translation Society)

တစ်ဖန် လက်တွေ့အခြေအနေ၌ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသော နိုင်ငံများနှင့်အုပ်စုများ၌ လက်နက်များကိုဝယ်ယူခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် သိုလှောင်ထားခြင်းများ ပြုလုပ်ကြသဖြင့် လက်နက်များအသုံးပြုခြင်းကို ကန့်သတ်ရန်အတွက် IHL နှင့် ဗုဒ္ဓနည်းလမ်းဥပဒေသများကို အသုံးချခြင်းသည် ဆီလျော်ပါသည်။

## အကျဉ်းသားများအပေါ် ပြုမူဆက်ဆံခြင်း[35]

ဓမ္မပဒဂါထာအမှတ် (၁၃၇)၌ ဖော်ပြထားသော လက်နက်မဲ့သူကိုအန္တရာယ်မပြုရန် သတိပေးချက်တွင် အကျဉ်းသားများလည်း ပါဝင်ပါသည်။ ဇာတကဇာတ်တော်များတွင် စစ်ရှုံးနိမ့်သော ရန်သူတစ်ဦးကို ကောင်းမွန်စွာ ဆက်ဆံရန် အတိအကျလမ်းညွှန်ထားသည်။ တစ်ခုသော ဇာတကဇာတ်တော်တွင် (no.23, ဘောဇာဇာနီယ ဇာတကယ Jat. I. 178-81) စစ်အောင်နိုင်ရန် အဓိကကူညီခဲ့သော မြင်းတစ်ကောင်သည် ဖမ်းဆီးခေါ်ဆောင်ခဲ့သော ဘုရင် (၇) ဦးကို သတ်ဖြတ်ခြင်းမပြုဘဲ အသက်ကိုချမ်းသာပေးရန် သူ၏သခင်ဖြစ်သူအား အကြံပြုခဲ့သည်။ အထက်ပါဥပမာများကို စံနမူနာပြု၍ ဗုဒ္ဓဘာသာယုံကြည်မှုအရ စစ်ပွဲများ၌ အောင်နိုင်သူများသည် မိမိတို့၏ ထိန်းချုပ်စီရင်မှုအောက်၌ရှိသော စစ်ရှုံးသူများကို သဘောထားကြီးသင့်သည်ဟူသည့်အချက် ဖြစ်သည်။

ထိုကဲ့သို့သော ခွင့်လွှတ်သည်းခံခြင်း၏ နမူနာပုံစံတစ်ခုအဖြစ် ဘုံဗိမာန်အတွက် အမြဲအားပြိုင်နေသော တာဝတိံသာနတ်များနှင့် အသုရာများကြား ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်တစ်ခုကို ဗုဒ္ဓစာပေကျမ်းဂန်လာ ဇာတ်လမ်းတစ်ပုဒ်က ဖော်ပြထားပါသည်။ (Sam.I.220-222) စစ်ရှုံးသောအသုရာနတ်တို့၏ဘုရင် ဝေပစိတ္တိအသုရာကို ဗုဒ္ဓသာဝကတစ်ဦးလည်းဖြစ်၊ နတ်တို့၏ဘုရင်လည်းဖြစ်သော သိကြားမင်း၏မျက်မှောက်သို့ ခေါ်ဆောင်လာခဲ့သည်။ ဝေပစိတ္တိအသုရာက သိကြားမင်းကို ဆဲရေးတိုင်းထွာသောအခါ သိကြားမင်း၏ ခွန်းတုံ့မပြန်မှုကို ရထားထိန်းက သိကြားမင်းသည် ကြောက်၍သော်လည်းကောင်း၊ ခွန်အားနည်း၍ သော်လည်းကောင်း ဤသို့ပြုမူခြင်းဖြစ်သည်ဟု နားလည်မှု လွဲမှားခဲ့သည်။ (Premasiri 2006, 84-85; Deegalle 2014, 558-564) သိကြားမင်းက သူ၏တုံ့ပြန်မှုသည် ထိုနှစ်မျိုးလုံး မဟုတ်ကြောင်းကို ရှင်းပြခဲ့သည်။

အမျက်ထွက်သူကို ပြန်၍အမျက်ထွက်သောသူသည် ထိုအမျက်ထွက်မှုကြောင့် ယုတ်ညံ့သွား၏။ အမျက်ထွက်သူကို ပြန်၍အမျက်မထွက်သူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်နိုင်ခြင်းဖြစ်၏။ အကြင်သူ သည် သူတစ်ပါးအမျက်ထွက်သည်ကိုသိပြီး၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏။ ထိုသို့ ငြိမ်းအေးသူသည် မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားတို့ကို ကျင့်သည်မည်၏။ (Sam.I.222, and Vism.324)

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဓမ္မပဒဂါထာအမှတ်(၁၃၇)တွင် “လက်နက်မဲ့သူတို့အပေါ်၌ အကြမ်းဖက်သောသူသည်” ထိုကံ၏ မကောင်းသောဆိုးကျိုးများကို ကြုံတွေ့ရမည်ဟု မိန့်ဆိုထားရာ ထိုအချက်အရ အားကိုးရာမဲ့သူ၊ အကာအကွယ်မဲ့သူတို့အပေါ်၌ အကြမ်းဖက်ရက်စက်ခြင်းသည် လွန်စွာဆိုးဝါးသော အပြုအမူဖြစ်ကြောင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ စစ်သုံ့ပန်းများ(POWs)နှင့် အမျိုးမျိုးသောအချုပ်အနှောင်ခံရသူများသည် ဆန့်ကျင်ဘက်အင်အားစုများ၏ တန်ခိုးအာဏာအောက်၌ ရောက်ရှိနေကြသူများဖြစ်ကြ၍ ညှင်းပန်းနှိပ်စက်ခံရရန် အခွင့်အလမ်းအထူးများပြားလျက်ရှိခြင်းမှာ ပေါ်လွင်ထင်ရှားပေသည်။ ထို့အပြင် အကျဉ်းသားများကို မည်သို့မည်ပုံပြုမူဆက်ဆံသင့်ကြောင်း လမ်းညွှန်ထားသည့် ဗုဒ္ဓဘာသာ၏ အသိအမြင် အယူအဆများသည် စစ်အတွင်း၌ဖြစ်စေ၊ ငြိမ်းချမ်းသည့်ကာလတွင်ဖြစ်စေ ဆီလျော်ညီညွတ်မှုရှိပါသည်။[36]

သုမင်္ဂလဇာတ်တော်(no.420)တွင် ဘုရင်တစ်ပါးသည် စိတ်ယောက်ယက်ခတ်၍မတည်မငြိမ်ဖြစ်ချိန်၌ အပြစ်ဒဏ်ကျူးလွန်သူကို ပြစ်ဒဏ်မချမှတ်သင့်ကြောင်း ဆိုထားသည်။ ထိုသို့သောအနေအထားတွင် ချမှတ်သော ပြစ်ဒဏ်သည်မျှတမှုမရှိဘဲ ထိခိုက်နစ်နာစေသောပြစ်ဒဏ်မျိုးသာ ပိုဖြစ်နိုင်ချေရှိပါသည်။ “အလွန်အမင်းဒေါသ ထွက်သောအခါ အရှင်သည် အပြစ်သားအပေါ်၌ များစွာသောဆင်းရဲဒုက္ခကို ကျရောက်စေလျက် မသင့်လျော်သော၊ မမျှတသောနည်းဖြင့် ပြစ်ဒဏ်ကိုစီရင်ချမှတ်ရန်မသင့်ပေ” (Jat.III.441) ဟု သုံးသပ်ဆင်ခြင်ခြင်းကို ထောက်ရှုခြင်း အားဖြင့် ဘုရင်ကျင့်သုံးသောကျင့်ဝတ်သည် ပေါ်လွင်ထင်ရှားနေပါသည်။

> ဗုဒ္ဓအဘိဓမ္မာဆရာ နာဂဇုန (Nāgārjuna)၏ *အဖိုးထိုက်တန်သောပန်းကုံးဒေသနာ* ကျမ်း၌ ဘုရင်တစ်ပါးသည် ရာဇဝတ်သားများကို အောက်ပါအတိုင်း ပြုမူဆက်ဆံသင့်ကြောင်း ပြဆိုထားသည်။
>
> ၃၃၀။ ရာဇဝတ်သားများကို သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများ ပြုလုပ်ရာတွင် သူတို့သည် ယင်းပြစ်ဒဏ်များပေးခြင်းငှာ ထိုက်တန်နေသည့်တိုင်အောင် မည်သည့်အခါမျှ ထိုသို့ မပြုပါနှင့်။ ကရုဏာတရား အပြည့်အဝထား၍ သူတို့ကို အစဉ်အမြဲ သင်၏ဂရုစိုက် စောင့်ရှောက်မှုအောက်၌ ထားပါ ...

> ၃၃၃။ အကျဉ်းသားများ မလွတ်မြောက်သေးသမျှ ကာလပတ်လုံး သူတို့အတွက် ဆတ္တာသည် များ၊ ရေချိုးရန်နေရာ၊ အသုံးအဆောင်၊ အစားအစာ၊ အဝတ်အစား၊ သောက်ဖွယ်ရာနှင့် ဆေးဝါးများကို ထောက်ပံ့ပေးခြင်းအားဖြင့် စိတ်ချမ်းမြေ့၍ သက်သောင့်သက်သာဖြစ်စေအောင် ထားပါ။ (translation Tamas Agos, in Harvey 2018, 162)

ယင်းအချက်အားလုံးသည် ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများ၏အစိုးရများသည် စစ်ရေးပဋိပက္ခနှင့် ဆက်စပ်၍ ချုပ်နှောင်ခံရသူများကို မည်သို့ပြုမူဆက်ဆံသင့်သနည်းဟုသော မေးခွန်းကို ဖြစ်ပေါ်စေသည်။ မတိကျ၍ ကြောင်းကျိုးဆင်ခြင်ခြင်းမပါသော ချုပ်နှောင်ခြင်းများပြုလုပ်ခြင်းသည် IHL နှင့် များစွာသက်ဆိုင်နေသော အစိတ်အပိုင်းဖြစ်သကဲ့သို့ အချုပ်အနှောင်ခံရသူများကို အထူးသဖြင့် အလွယ်တကူထိခိုက်ခံစားရနိုင်သည့် အချုပ်အနှောင်ခံရသူများကို ကောင်းစွာပြုမူဆက်ဆံခြင်းသည်လည်း အလားတူပင်ဖြစ်သည်။

ဂါထာအမှတ်(၃၃၀)တွင် နိုင်ငံတကာစစ်ရေးပဋိပက္ခများ၌ စစ်သုံ့ပန်းများအတွက် IHL အောက်၌ ခွင့်ပြု ထားခြင်းမရှိသော သွေးဆောင်စည်းရုံးခြင်းနှင့် စုံစမ်းမေးမြန်းခြင်းနည်းလမ်းများကို ရှင်းလင်းစွာကန့်သတ် ဖော်ပြ ထားသည်။ ညှင်းပန်းနှိပ်စက်ခြင်းကို လုံးဝဥဿုံတားမြစ်ထားပါသည်။ ဗုဒ္ဓစာပေကျမ်းဂန်များတွင် မည်ကဲ့သို့သော သွေးဆောင်စည်းရုံးခြင်းနည်းလမ်းများကို ထောက်ခံထား၍ စံနမူနာအဖြစ်ကျင့်သုံးထားကြောင်းကို သိရှိရန် ဗုဒ္ဓကိုယ်တော်တိုင်ကျင့်သုံးတော်မူခဲ့သော နည်းလမ်းများ၊ ထိုသို့ကျင့်သုံးတော်မူရခြင်း၏ အကြောင်းရင်းဖွင့်ဆို ရှင်းလင်းချက်များ၊ ယုတ္တိဗေဒကိုအသုံးပြုခြင်း၏ အကျိုးဆက်များကို ညွှန်ပြခြင်းစသည်တို့ကို မိမိတို့လေ့လာ ရှာဖွေနိုင်ပေသည်။

## ပြည်သူပိုင်ပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း

စစ်ခေါင်းဆောင်များမှခွင့်ပြုထားခြင်းကြောင့်ဖြစ်စေ၊ စည်းကမ်းမဲ့ခြင်း၏အကျိုးဆက်ကြောင့်ဖြစ်စေ ပြည်သူ လူထု၏ စည်းစိမ်ဥစ္စာများ၊ သီးနှံများနှင့် အိမ်မွေးတိရစ္ဆာန်များကို ခိုးယူလုယက်ခြင်း၊ ဖျက်ဆီးခြင်း စသည်တို့ကို IHL ၌ တားမြစ်ထားသည်။ "ပိုင်ရှင်မပေးသောဥစ္စာကို ရယူခြင်းမှရှောင်ကြဉ်ပါ၏"ဟူသော အခြေခံငါးပါးသီလ၏ ဒုတိယမြောက်သီလသိက္ခာပုဒ်သည် ပြည်သူလူထု၏စည်းစိမ်ဥစ္စာများကို လေးစားသမှုရှိခြင်းကို ထောက်ခံထား သည်။ ထိုသိက္ခာပုဒ်၌ ခိုးယူခြင်းနှင့်လိမ်လည်ခြင်း၊ လှည့်ဖြား၍ သူတစ်ပါးဥစ္စာကိုရယူခြင်းစသော မကောင်းမှု ဒုစရိုက်များလည်းအကျုံးဝင်ပါသည်။ တိဗက်ဗုဒ္ဓဘာသာ၌ ဘုရားအလောင်းတော်၏ အခြေခံရင်းမြစ် အဓိဋ္ဌာန်ချက် (၁၈)ရပ်တွင် မည်သည့်အရပ်ဒေသကိုမှ မီးဖြင့်လည်းကောင်း၊ ပေါက်ကွဲစေတတ်သော ဗုံးဖြင့်လည်းကောင်း၊ ညစ်ညမ်းစေခြင်းအားဖြင့်လည်းကောင်း မဖျက်ဆီးရန်ဆိုသည့်အချက် ပါဝင်ပါသည်။

တန်ပြန်တုံ့ပြန်၍ လက်စားချေမီးတိုက်ခြင်း၊ စစ်အောင်နိုင်သဖြင့်သိမ်းပိုက်ရယူခြင်း၊ သီးနှံများအပါအဝင် အစာရေစာရင်းမြစ်များကို ဖျက်ဆီးခြင်း အား "*အရိယ-သစ္စက-ပရိဝတ္တ*" (Skt. Ārya-satyaka-parivarta) (Asp. 197, cited Harvey 2000, 253) ၌ တားမြစ်ထားသည်။

စစ်ဖြစ်နေသည့်ကာလ၌ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းမှရှောင်ကြဉ်ရမည်ဆိုသော ကျင့်ဝတ်အား မနာလိုဝန်တိုသောအသုရာနတ်များနှင့် ပဋိပက္ခဖြစ်သည့်သိကြားမင်း၏ ဇာတ်လမ်းတစ်ပုဒ်၌ပင် သရုပ်ဖော်ထားသည်။ (Sam.I.224, cf. Dhp-a.I.279, Jat.I.202-203) သိကြားမင်းနှင့် သူ၏စစ်တပ်သည် နောက်မှလိုက်လံတိုက်ခိုက်သော အသုရာတို့၏တပ်မှရှောင်ပြေးရန် တောအုပ်တစ်ခုကိုဖြတ်သန်းစဉ် သူ၏ရထား အနားပန်းစွန်းများသည် အပြစ်မဲ့သောအသက်များကို ပျက်စီးစေ၍ ငှက်တို့၏အသိုက်များကို ရိုက်ခတ်ထိခိုက် သွားသည်။ သိကြားမင်းသည် ရန်သူ၏လက်၌ အသက်ဆုံးနိုင်သည့် အန္တရာယ်ကျရောက်နေသော်လည်း သူ၏စစ်တပ်ကို ရပ်ဆိုင်း၍ နောက်သို့ပြန်လှည့်ရန် ချက်ချင်းအမိန့်ပေးခဲ့သည်။ သို့ရာတွင် အသုရာတို့သည် သိကြားမင်း၏တပ် သူတို့ဆီသို့ဦးတည်၍ ပြန်လှည့်လာသည်ကို မြင်တွေ့ကြသောအခါ သူတို့နှင့်တစ်ဖန် ပြန်လည်စစ်ရင်ဆိုင်မည်ထင်ကြသဖြင့် ထွက်ပြေးကြကုန်၏။ ထို့ကြောင့် အောင်မြင်မှုသည် ကျင့်ဝတ်လိုက်နာမှုမှ လာခြင်းဖြစ်ကြောင်း နားလည်နိုင်သည်။ ဤဖြစ်ရပ်အရ ဗုဒ္ဓဘာသာသည် လူသားချင်းစာနာမှုဘောင်ကို ကျော်လွန်၍ ခံစားမှုရှိသောသတ္တဝါအားလုံးကို အကျုံးဝင်စေကာ ကျင့်ဝတ်အရ သက်ရှိအားလုံးကိုကာကွယ် စောင့်ရှောက်ရန် အားထုတ်ကြောင်းပြသနေသည်။ သို့သော်လည်း အချို့သောအသက်ဇီဝ အထူးသဖြင့် လူသား၏အသက်ဇီဝကို အခြားသက်ရှိတို့၏ အသက်ဇီဝထက် ပို၍တန်ဖိုးရှိသည်ဟု ယူဆထားပါသည်။ ထိုဇာတ်လမ်း၏ အဋ္ဌကထာကမူ သိကြားမင်း၏ ရထားအနားပန်းစွန်းနှင့် ထိခိုက်ခံကြရသည်မှာ ငယ်ရွယ်သော ငှက်များ၊ သက်ကြီးရွယ်အိုငှက်များနှင့် မကျန်းမာသောငှက်များဖြစ်ကြ၍ အခြားသန်စွမ်းသောငှက်များမှာ စစ်တပ် ချဉ်းကပ်လာသံကိုကြားသည်နှင့် ပျံသန်းရှောင်ထွက်ခဲ့ကြသည်ဟု ထပ်မံရှင်းပြထားသည်။ ထိုအချက်သည် IHL၏ စစ်ရေးပဋိပက္ခအတွင်း ငယ်ရွယ်သူများ၊ သက်ကြီးရွယ်အိုများနှင့် မကျန်းမာသောလူသားများအပေါ် စိုးရိမ်ကြောင့်ကြ ဂရုစိုက်မှုကို ထင်ဟပ်စေပါသည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

စစ်ရေးပဋိပက္ခအတွင်းအဖြစ်များသော အကြမ်းဖက်မှုနှင့် ပရမ်းပတာဖြစ်နေသော အခြေအနေများအကြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ကျူးလွန်သားရနေကာ ထိန်းချုပ်ရခက်သော ရာဇဝတ်မှုဖြစ်စဉ်တစ်ခု ဖြစ်သည်။ ကုလသမဂ္ဂ(UN)အရ ပဋိပက္ခနှင့်ဆက်စပ်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) ဆိုသည်မှာ မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခြင်း၊ အတင်းအကြပ်ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ အတင်းအကြပ်

ကိုယ်ဝန်ရယူစေခြင်း၊ အတင်းအကြပ် ကိုယ်ဝန်ဖျက်ချစေခြင်း၊ အတင်းအကြပ်သန္ဓေတားဆေးသုံးစေခြင်း၊ အတင်းအကြပ် ထိမ်းမြားလက်ထပ်စေခြင်းနှင့် ပဋိပက္ခနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ဆက်စပ်နေသည့် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများ အပေါ်၌ ကျူးလွန်သည့် အလားတူပြင်းထန်သောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံတစ်မျိုးမျိုးကို ရည်ညွှန်း ပါသည်။ (United Nations 2020)[37] လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းသည် ဥပဒေမဲ့လုပ်ရပ်ဖြစ်သော်လည်း စစ်ပွဲပဋိပက္ခတွင် ပါဝင်သူများသည် ယင်းအပြုအမူကို စစ်ရေးနည်းဗျူဟာတစ်ရပ်အနေဖြင့်လည်း ကျယ်ပြန့်စွာ အသုံးချကြသည်။ ထိုသို့အသုံးချ ခြင်းသည် IHL ၏ စစ်ရေးလိုအပ်မှုဆိုင်ရာစည်းမျဉ်းကို သိလျက်နှင့် ချိုးဖောက်ရာရောက်သည်။ အကြောင်းမှာ ထိုသို့ပြုမူခြင်း၌ အကြောင်းအကျိုးခိုင်လုံသော စစ်ရေးရည်ရွယ်ချက် မရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် ယင်းအပြုအမူသည် IHL ၏ ခွဲခြားခြင်းမှုကိုလည်း ချိုးဖောက်ရာ ရောက်ပါသည်။ အကြောင်းမှာ ၎င်းသည် အများအားဖြင့် စစ်ပွဲ၌ပါဝင်ပတ်သက်ခြင်းမရှိသော အရပ်သူအရပ်သားများကို ဦးတည်တိုက်ခိုက်သောကြောင့် ဖြစ်သည်။[38] ၎င်းသည် IHL ၏ "ပုဂ္ဂိုလ်ရေးဆိုင်ရာဂုဏ်သိက္ခာအပေါ် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းအောင် ရက်စက်အကြမ်းဖက်ခြင်းလုပ်ရပ်၊ အထူးသဖြင့် အရှက်တကွဲဖြစ်စေ၍ ယုတ်နိမ့်စွာပြုမူသောလုပ်ရပ်"အပေါ် တားမြစ်ချက်ကိုလည်း ချိုးဖောက်ရာရောက်ပါသည်။[39] သက်ဆိုင်ရာအခြေအနေတစ်ခု၌ အတင်းအကြပ် ကိုယ်ဝန် ရယူစေခြင်း၊ အတင်းအကြပ်ကိုယ်ဝန်ဖျက်ချစေခြင်း၊ အတင်းအကြပ်သန္ဓေတားဆေးသုံးစေခြင်းစသော လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုပုံစံအချို့သည် ထိုဒေသ၏ လူဦးရေအချိုးအစားကို ပြောင်းလဲစေလိုသော ရည်ရွယ်ချက် ရှိနိုင်ပေသည်။ ထိုကဲ့သို့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျယ်ပြန့်စွာဖြစ်စေ စနစ်တကျရည်ရွယ်ချက် ရှိရှိဖြစ်စေ ကျူးလွန်လျှင် မျိုးတုံးသတ်ဖြတ်မှု (သို့) လူသားမျိုးနွယ်အပေါ်၌ကျူးလွန်သော ရာဇဝတ်မှုအဖြစ် ကျရောက်နိုင်ဖွယ်ရာ ရှိပါသည်။[40]

အစောပိုင်းဗုဒ္ဓဘာသာအဆုံးအမများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ ဖျက်ဆီးစေတတ်သော သဘောသဘာဝကိုလည်း အသိအမှတ်ပြုထားသည်။ ဗုဒ္ဓ၏ နောက်ဆုံးသုံးလတာ ဘဝဖြစ်တော်စဉ်ကို မှတ်တမ်း တင်ထားသော *မဟာပရိနိဗ္ဗာနသုတ္တံ* အစတွင် ဗုဒ္ဓက "အမျိုးသမီးများကို အဓမ္မသိမ်းပိုက်မှုမပြုခြင်း"ကို လူမှု အဖွဲ့အစည်းအတွက် အချင်းချင်းညီညွတ်မျှတမှုကို ထိန်းသိမ်းထားရန်နှင့် ကြီးပွားတိုးတက်ရန် အဓိကပြုကျင့် ရမည့် ကျင့်ဝတ်အဖြစ် ထုတ်ဖော်ဟောကြားထားသည်။ (Dn.II.74-75)

CRSV တွင်ပါဝင်သော လိင်ပိုင်းဆိုင်ရာအချက်များကြောင့် လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက်သော ဗုဒ္ဓဘာသာ ၏ ပြဿနာဖြေရှင်းရေးအခြေခံသဘောများဖြစ်သည့် သီလကျင့်ဝတ်များနှင့် ဝိနည်းဥပဒေများကို ရည်ညွှန်းရန် တွေးမိကောင်း တွေးမိပေလိမ့်မည်။ လူပုဂ္ဂိုလ်များအတွက် တတိယမြောက်သီလသိက္ခာပုဒ်သည် "ကျွန်ုပ်သည် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ပါမည်"ဟူ၍ဖြစ်သည်။ ဤသီလသိက္ခာပုဒ်နှင့်

ပထမသီလ သိက္ခာပုဒ် နှစ်ခုဖြစ်သော သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သီလသိက္ခာပုဒ် (၃)ရပ်သည် "*သမ္မာကမ္မန္တ* - မှန်ကန်စွာပြုလုပ်ခြင်း" မဂ္ဂင်တွင် ပါဝင်ပါသည်။ *သမ္မာကမ္မန္တ* မဂ္ဂင်သည် ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်သီလကို အနှစ်ချုပ်ထားသော အရိယမဂ္ဂင်ရှစ်ပါးထဲမှ သီလမဂ္ဂင်ပင် ဖြစ်သည်။ "မှန်စွာပြုလုပ်ခြင်းဆိုသည်မှာ အဘယ်နည်း။" သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ကြံခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို "မှန်စွာပြုလုပ်ခြင်း" ဟု ခေါ်ဆိုပါသည်။ (သစ္စဝိဘင်္ဂသုတ်၊ Ṭhānissaro Bhikkhu ၏ ဘာသာပြန်ဆိုချက်၊ 2005) လိင်ပိုင်းဆိုင်ရာ မှားယွင်းသောအပြုအမူ၌ အကျုံးဝင်သောအရာများကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် မတူညီသော ဗုဒ္ဓဘာသာ လူမှုအဖွဲ့အစည်း၏ စံတန်ဖိုးများနှင့် သက်ဆိုင်ရာသီးခြားကျင့်သုံးမှုများအရ အမျိုးမျိုးကွဲပြားနိုင်သော်လည်း ထိုအချက်သည် ထိခိုက်အန္တရာယ်ဖြစ်စေသော၊ လေးစားတန်ဖိုးထားမှု မရှိသော လိင်ပိုင်းဆိုင်ရာအပြုအမူများနှင့် ခိုင်မြဲစွာတည်ရှိနေသောအိမ်ထောင်မှုစသည်ကို ပြိုပျက်စေသော (သို့) အားနည်း အကာကွယ်မဲ့သောသူများကို အနိုင်ကျင့်ခြင်းပါဝင်သော လိင်ပိုင်းဆိုင်ရာ အပြုအမူများကို တားမြစ်ထားပါသည်။[41]

လိင်မှုနှင့် မျိုးပွားမှုဆိုင်ရာဖိနှိပ်ခြင်းသည် CRSV ၏ အဓိကအခြေခံလက်နက်ကိရိယာများ ဖြစ်သည်။ သို့သော်လည်း တတိယမြောက်သီလသိက္ခာပုဒ်ကို လိုက်နာကျင့်ကြံခြင်းသည် ထိုအချက်ကို တားဆီးနိုင်ပေလိမ့်မည်။ CRSV သည် အခြေခံအားဖြင့် ဒေါသအာဃာတကို အခြေခံထားသော လုပ်ရပ်တစ်ခုဖြစ်ပြီး ၎င်းသည် တစ်ဦးချင်းနှင့် လူမှုအဖွဲ့အစည်း၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကိုဖျက်ဆီးရန်၊ ညှင်းပန်းနှိပ်စက်မှုပုံစံတစ်မျိုးဖြင့် အရှက်တကွဲဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသူသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ အများအားဖြင့် ထိုအချက်သည် လိင်အသွင် ကွဲပြားမှုလက္ခဏာအပေါ်၌ ပြဿနာရှိသောရှုမြင်မှတ်ယူမှုများအပေါ်၌ အခြေခံထားသည်။ ထိုအချက်များ၌ "အဆိပ်အတောက် ဖြစ်စေသော ယောကျ်ားဝါဒ"နှင့် သြဇာအာဏာပြသလိုမှုကို ယောကျ်ားသဘာဝနှင့်ဆက်စပ်ဖော်ပြကာ အားကိုးရာမဲ့မှု၊ အားနည်းချိနဲ့မှု၊ အဓမ္မပြုကျင့်ခံရမှုကို မိန်းမသဘာဝနှင့်ဆက်စပ်ဖော်ပြထားသော အချို့သော စစ်ဖက်ဆိုင်ရာ ယောကျ်ားဝါဒအယူအဆများ ပါဝင်ပါသည်။[42] ဆင်းရဲဒုက္ခအားလုံး၏ အကြောင်းအခြေခံဖြစ်သော ရင်းမြစ် ကိလေသာတရား (၃)ပါးအနက် CRSV ကို လောဘ (သို့) ရာဂက ကြိုးကိုင်ထားသော်လည်း အဓိကအားဖြင့် ဒေါသနှင့် မောဟကိလေသာတရားများက ထကြွအောင်လှုံ့ဆော်ပေးနေခြင်းဖြစ်သည်။ ဤအခြေအနေတွင် မေတ္တာပွားများခြင်းနှင့် *အဘယဒါန*-ပေးကမ်းခြင်းကဲ့သို့သော ကောင်းမြတ်သော ကျင့်ကြံမှုများသည် အခြေခံ ရင်းမြစ်ဖြစ်သည့် ဒေါသကိလေသာတရားကိုကုစားရာ၌ ပို၍ဆီလျော်သော ဖြေဆေးများဖြစ်ကြသည်။ ဘုရားလောင်း၏ သဘောလက္ခဏာများတွင် အဓိကကျသော ကိုးကွယ်ရာမဲ့သူ(အနာထ)များကို ကာကွယ် စောင့်ရှောက်ခြင်းဟူသည့် အတုယူလေးစားဖွယ်လက္ခဏာသည် အထက်တွင် ကျွန်ုပ်တို့လေ့လာပြီးဖြစ်သည့် အတိုင်း စံပြစစ်သည်တစ်ဦး၏ သဘောလက္ခဏာထဲမှအချို့နှင့် တူညီနေပါသည်။ ထိုအချက်သည် လူသားတို့၏

ကိုယ်ပိုင်စရိုက်လက္ခဏာနှင့်စပ်၍ မှန်ကန်စွာ သိမြင်နားလည်စေပါသည်။ အထက်တွင်ဖော်ပြခဲ့သော သိကြားမင်း ဆိုခဲ့သည့် အမျက်ဒေါသထွက်သူကို အမျက်ဒေါသနှင့် တုံ့ပြန်ခြင်းသည် အသိဉာဏ်မဲ့သူ၏အပြုအမူဖြစ်ကြောင်း၊ ငြိမ်သက်သောသည်းခံမှုသည် စစ်မှန်သောအင်အားဖြစ်၍ အားနည်းခြင်းမဟုတ်ကြောင်းဆိုသည့်စကားသည် လွှမ်းမိုးကြီးစိုးလိုစိတ်သည် လူသားတို့ဘဝထဲမှ အမှားတစ်ခုဖြစ်သည်ဟူသော အတွေးအခေါ်နှင့် သက်ဆိုင်မှု ရှိပါသည်။ ထို့အတူ အောက်ပါ ဓမ္မပဒဂါထာများနှင့်လည်း ဆီလျော်ညီညွတ်နေပါသည်။

> အကြင် စစ်သူရဲတစ်ယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တစ်သန်း အောင်နိုင်ရာ၏။ အကြင် သူရဲကောင်းတစ်ယောက်သည်ကား ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်ရာ၏။ ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်အောင်နိုင်သော ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြတ်ဆုံး ဖြစ်၏။ (v.103)

> လိမ္မာသောရထားထိန်းသည် လျင်မြန်စွာပြေးသွားသောရထားကို လမ်းမလွဲအောင်စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသောအမျက်ဒေါသကို စင်စစ်တားမြစ်နိုင်သူကို လိမ္မာသောရထားထိန်းဟု ငါဆို၏။ ဤမှတစ်ပါး ပြကတေ့ရထားထိန်းသည် ရထားကြိုးကိုင်သာ မည်၏။ (v.222. Peter Harvey ၏ ဘာသာပြန်ဆိုချက်)

ထို့အတူ သက်ရှိတို့၌ အတ္တမရှိခြင်းကိုရည်ညွှန်းသည့် ဗုဒ္ဓဘာသာ၏အခြေခံအဆုံးအမဖြစ်သော အနတ္တဝါဒသည် လိင်အသွင်ကွဲပြားမှုအပါအဝင် လူသားတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာနှင့် ပတ်သက်သော တရားသေရှုမြင်တွေးထင်မှုများကို လျော့ကျစေပါသည်။ လိင်အသွင်ကွဲပြားမှု နှင့်ပတ်သက်၍ အနှစ်သာရပါသော အရှိတရားအဖြစ် ဆုပ်ကိုင်ယူဆထားခြင်းကို *ဝိမလကိတ္တိ နိဒ္ဒေသသုတ္တံ* (Vimalakīrtinirdesa Sutra)ကဲ့သို့သော မဟာယာနကျမ်းဂန်ဒေသနာများမှ လိင်အသွင်နှင့်ပတ်သက်၍ မျှတစွာရှုမြင်ခြင်းဆိုင်ရာဇာတ်လမ်းများဖြင့်လည်း ပို၍အားနည်း လျော့ကျစေပါသည်။ ဆိုခဲ့သည့်သုတ္တံဒေသနာသည် လေးနက်သော *အနတ္တ*သဘောတရားကို နားလည်သိမြင်စေရန် သင်ကြားပေး၍ ယောကျ်ား၊ မိန်းမ လိင်အသွင်ကွဲပြားမှုအပေါ်၌ ကပ်ငြိခြင်းကို အတားအဆီးတစ်ခုအဖြစ်ရှုမြင်ထားသည်။ (Paul 1981, 69)

အဓမ္မပြုကျင့်ခံရသူကို အပြစ်တင်ခြင်း၊ အရှက်ရစရာအဖြစ် လူမှုအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ခြင်း၊ ကျူးလွန်ခံရခြင်းကို ထုတ်ဖော်ပြောကြားမှုမရှိခြင်းနှင့် ကျူးလွန်သူများ၏ တာဝန်ခံယူမှုမရှိခြင်းများသည် CRSV ပြဿနာများကို ပိုမိုဆိုးဝါးစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျူးလွန်ခံရခြင်းကို တိုင်ကြားခြင်း၊ တာဝန်ယူမှုရှိစေခြင်းနှင့် ကိုင်တွယ်ဖြေရှင်းနည်းကဲ့သို့သော ပိုမိုကျယ်ပြန့်သည့်အကြောင်းအရာများနှင့် သက်ဆိုင်သည့် ဗုဒ္ဓအဆုံးအမများကို တိုက်ဆိုင်ကြည့်ရှုလေ့လာရန်လိုအပ်လာပါသည်။ ရဟန်းတော်များ လိုက်နာကျင့်ကြံရန် စည်းမျဉ်းဥပဒေများပါဝင်သည့် ဝိနည်းပိဋကတ်တော်၌ ပရိသတ်(၃) ပါးလုံးအတွက်

စံနမူပြု၍ကျင့်ကြံဖွယ်ရာ များကို ဥပမာပြုဖော်ပြထားသည်။ ဝိနည်းပိဋကတ်သည် ဖြဟ္မစရိယသိက္ခာပုဒ်ကို ကျင့်ကြံသော ရဟန်းတော်များ အတွက် စုစည်းထားခြင်းဖြစ်သော်လည်း မုဒိမ်းပြုကျင့်ခြင်းဆိုင်ရာသိက္ခာပုဒ်များလည်း ပါဝင်ပါသည်။ စင်စစ်မူ ဖြဟ္မစရိယကိုစောင့်စည်းလိုက်နာရမှုကြောင့်ပင် ထိုမုဒိမ်းပြဿနာကို ဝိနည်းပိဋကတ်တော်၏ ရှေ့ပိုင်း၌ ကိုင်တွယ် ဖြေရှင်းထားပုံကို တွေ့ရသည်။ ပထမပါရာဇိကသိက္ခာပုဒ်သည် သံဃာများကို မိမိဘာသာဖြစ်စေ၊ အခြားသူ တစ်ယောက်နှင့်ဖြစ်စေ၊ လူနှင့်ဖြစ်စေ၊ လူမဟုတ်သူနှင့်ဖြစ်စေ၊ ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ အခြား လိင်ပုံစံတစ်မျိုးမျိုးရှိသူနှင့်ဖြစ်စေ လိင်ဆက်ဆံခြင်းမှတားမြစ်ထားသည်။ သို့သော်ကျမ်းဂန်တွင် သံဃာများ မုဒိမ်းကျင့်ခံရလျှင် ထိုဝိနည်းစည်းကမ်းအရ အပြစ်ရှိပါသလောဟု မေးမြန်းထားသည်။ ဗုဒ္ဓ၏ အဂ္ဂသာဝိကာ ဘိက္ခုနီ(၂)ပါးအနက် တစ်ပါးဖြစ်သူ ဥပ္ပလဝဏ္ဏာထေရီ မုဒိမ်းမှုကျူးလွန်ခံရသည့်ဖြစ်စဉ်တွင် စိတ်စေတနာ တစ်နည်းအားဖြင့် သဘောတူညီသောစိတ်ဆန္ဒမပါရှိခြင်းကြောင့် ထိုပြစ်မှုကိုကျူးလွန်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည့် အတိုင်း ရဟန်းတော်များနှင့် ဘိက္ခုနီ၊ သီလရှင်ဆရာလေးများ မုဒိမ်းကျင့်ခံရခြင်းနှင့်ပတ်သက်၍ မျှတစွာ စိစစ်သုံးသပ်ထားသည်။ (Vin.III.35)

UN ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်အကျုံးဝင်သော CRSV ပုံစံများစွာကို ဝိနည်းပိဋကတ်တော်၌ ထည့်သွင်းပြဆိုထားမှုမရှိခြင်းနှင့် အစောပိုင်းခေတ်ဗုဒ္ဓကျမ်းဂန်များ၌တွေ့ရသော စိတ်စေတနာပါ၊ မပါ၊ အလိုတူ၊ မတူအပေါ် အဓိကထားဆုံးဖြတ်သည့် ဆွေးနွေးချက်များသည် ယနေ့ကမ္ဘာ၏ ကျူးလွန်နိုင်သမျှသော ပြစ်မှုအလုံးစုံကိုခြုံငုံမိရန် ပြည့်မီခြင်းမရှိပေ။ သို့သော် တစ်စုံတစ်ဦးသည် ဆန္ဒနှင့်ဆန့်ကျင်၍ မုဒိမ်းကျင့်ခံရသည် ဖြစ်စေ၊ လိင်မှုနှင့်ပတ်သက်၍ လှည့်ဖြားအကြပ်ကိုင်ခံရသည်ဖြစ်စေ ဤသို့သော အတင်းအဓမ္မပြုကျင့်ခံရသည့် ဖြစ်စဉ်များ၌ အရှက်တကွဲဖြစ်ရသည့်အဖြစ်မျိုးမဖြစ်စေရဘဲ ၎င်း၏အပြစ်မရှိကြောင်း ဆုံးဖြတ်သည့်ကောက်ချက် သည် ရှင်းလင်းတိကျပြတ်သားပါသည်။ ကမ္မဝါဒအရ တစ်ခါတစ်ရံ၌ ကျူးလွန်ခံရသူသည် သူခံစားရသော မကောင်းကျိုးအတွက် တာဝန်ရှိသည်ဟု အဓိပ္ပာယ်ကောက်နိုင်သော်လည်း ဝိနည်းစည်းကမ်း၌မူ ပြောင်းပြန် ဖြစ်သည်။ မိမိကိုယ်တိုင်ကျူးလွန်ခြင်းမဟုတ်ဘဲ အခြားတစ်စုံတစ်ယောက်နှင့်ဆက်စပ်နေသော ကံအကျိုးတရား တစ်ခုကို အတူခံစားရခြင်းအရာတွင်လည်း ဝိနည်းစည်းကမ်းအလိုအရ ကျူးလွန်သူသည် သူ၏ကျူးလွန်မှုအတွက် အပြည့်အဝတာဝန်ခံမှုရှိရမည်ဖြစ်သည်။ (မကောင်းသောကံ၏ အကျိုးဆက်ဖြစ်၍၊ ထိုသို့ခံစားရခြင်းသည် ထိုက်တန်မှုမရှိပေ) တာဝန်ရှိသူများသည် အခွင့်အာဏာကို ပြည့်ပြည့်ဝဝအသုံးပြုရမည်။ ထိုသို့မဟုတ်လျှင် ငါးအကြီးက ငါးအသေးကိုစားသည့် ငါးလောကဥပဒေသပမာ ပရမ်းပတာစနစ်ဖြစ်ပေလိမ့်မည်။ တရားဓမ္မကျင့်ကြံ နေသူများအပါအဝင် အားကိုးရာမဲ့အားနည်းသူများသည် အားကြီးသူများသနားမှ ချမ်းသာရာရကြပေလိမ့်မည်။ ဝိနည်းဇာတ်ကြောင်းဖြစ်စဉ်များ၌ အပြစ်ကျူးလွန်သောအစုအဖွဲ့သည် ၎င်းတို့၏ပြစ်မှုကို သတင်းမပို့ခြင်း အသိပေးခြင်းမပြုလျှင် ၎င်းတို့၏ သီတင်းသုံးဖော်များက သတင်းပို့ကြသည်။ ဝိနည်းဥပဒေအရာ၌ သံဃာ၏

အကြီးအမှူးအခွင့်အာဏာရှင်အဖြစ် ဆောင်ရွက်တော်မူသော ဗုဒ္ဓသည် ကိစ္စအရပ်ရပ် အမှုတစ်ခုစီတိုင်းကို တာဝန်ယူကာ စုံစမ်းစစ်ဆေးတော်မူခဲ့သည်။ စွဲဆိုသောပြစ်မှုနှင့် ကျူးလွန်ခဲ့သောပြစ်မှုအတိုင်း မျှတစွာ ဆုံးဖြတ်ပေးတော်မူခဲ့သည်။[43] ဗုဒ္ဓသည် ဝိနည်းနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ပြစ်မှုကျူးလွန်ခြင်းကြောင့် ချက်ချင်းခံစားရမည့် ဆိုးကျိုးများကို ထောက်ပြလျက် ပြစ်တင်တော်မူခြင်းသာမက ထိုပြစ်မှုကြောင့် သံဃာအဖွဲ့အစည်းပေါ်၌ဖြစ်ပေါ်လာသော ဂုဏ်သိက္ခာလျော့ကျမှု၊ ယုံကြည်မှုလျော့ကျမှုများကိုပါ မိန့်တော်မူ၍ အဆုံးသတ်တော်မူမြဲဖြစ်သည်။ ဝိနယပိဋကတ်တစ်ခုလုံးသည် အကြီးအကဲထံ အမိန့်အာဏာကိုသတင်းပို့ခြင်း၊ ထိုအမိန့်အာဏာကို တာဝန်ရှိရှိဆောင်ရွက်ခြင်း၊ ကျူးလွန်ခံရသူကို အရှက်ခွဲ ဖယ်ကြဉ်မှုမရှိခြင်းနှင့် စစ်တပ်သည် သူ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းထားကြောင်း သေချာစေအောင်ပြုလုပ်ရန် လိုအပ်ခြင်းများအတွက် စံနမူနာပုံစံများကို ပေးထားခြင်းဖြစ်သည်။

## ဗုဒ္ဓဘာသာနှင့်ဆက်စပ်နယ်ပယ်များ

အထက်တွင် ကျွန်ုပ်တို့သည် ဗုဒ္ဓအဆုံးအမများတွင်သာ အဓိကထားလေ့လာခဲ့သော်လည်း စစ်ကျင့်ထုံးများနှင့် ဆိုင်သော ဗုဒ္ဓဘာသာ၏သဘောထားအမြင်နှင့် လက်တွေ့အသုံးပြုနည်းများကို ဖွံ့ဖြိုးတိုးတက်လာစေသည့် ဗုဒ္ဓဘာသာနှင့်ဆက်စပ်နယ်ပယ်များမှ ကင်းလွတ်၍ သီးခြားလေ့လာရန်မဖြစ်နိုင်ကြောင်း မိမိတို့ သတိပြုရပေမည်။ နှောင်းခေတ်ဗုဒ္ဓဘာသာတွင် ကိုယ်ခံပညာရပ်များ ဖွံ့ဖြိုးဖြစ်ပေါ်လာမှုကို ကျွန်ုပ်တို့လေ့လာခဲ့ကြပြီး ဖြစ်သည်။ သို့သော် ခေတ်ဦးပိုင်း အိန္ဒိယဗုဒ္ဓဘာသာအဝန်းအဝိုင်း၌ပင် အကြမ်းမဖက်မှုစံနှင့် နိုင်ငံရေးအမုန်တရားကြား သဘောထားအမြင်တင်းမာမှုအခြေအနေသည် အပြန်အလှန်လွှမ်းမိုးမှုရှိသော များစွာသော ဘာသာတရားနှင့် အတွေးအခေါ်အစဉ်အလာများကြား ရှေ့တန်းတင် ဆွေးနွေးငြင်းခုန်စရာတစ်ခု ဖြစ်ခဲ့ပါသည်။ (Singh 2007) အစောပိုင်းခေတ်တရားဥပဒေစီရင်မှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့်ဆိုင်သော အိန္ဒိယရှေးဟောင်းကျမ်းစာများဖြစ်သည့် *ဓမ္မသုတ္တ၊ မနုဓမ္မသတ်၊ အတ္ထသျှတ္တရ* စသော ကျမ်းဂန်များနှင့် *မဟာဘာရတ* နှင့် *ရာမာယဏ* ကဲ့သို့သော မဟာကဗျာများမှ ဘုရင်များ၏တာဝန်အခန်းကဏ္ဍနှင့်ဆိုင်သော နောက်ဆက်တွဲ ဆွေးနွေးခန်းများ စသည်တို့တွင် ဗုဒ္ဓဘာသာအုပ်ချုပ်သူဘုရင်များအတွက် စစ်ကျင့်ထုံးများကို အသေးစိတ်လမ်းညွှန်ထားသည်။ ထိုခေတ်မှ စစ်ရေးအုပ်ချုပ်မှုကျင့်ထုံးများသည့် ထိုကျမ်းဂန်များမှ ဆင်းသက်လာခဲ့ကြသည်။ ယခုအခါ ဟိန္ဒူဝါဒနှင့် ပို၍နီးကပ်စွာဆက်နွယ်လျက်ရှိသော ထိုကျမ်းဂန်များမှ လမ်းညွှန်ချက်များသည် ရှေးခေတ်အိန္ဒိယမှ တစ်ဆင့် ရရှိသော အစဉ်အလာအားလုံးကို လွှမ်းမိုးခဲ့သည်။ ထိုကျမ်းဂန်များသည် လူမှုအဖွဲ့အစည်းကို ထိန်းချုပ်လည်ပတ် ရေးနှင့် ယာယီအာဏာရယူသိမ်းပိုက်၍ ထိန်းသိမ်းထားရန် ဆောင်ရွက် ရမည့် နည်းလမ်းများကို လမ်းညွှန်ခဲ့သည်။ K.N. Jayatilleka(1967) က *သန္တိပရ်ဝန်* (Śānti-parvan) သို့မဟုတ် “ငြိမ်းချမ်းရေးကျမ်းစာ” (မဟာဘာရတ၏ ၁၂ အုပ်မြောက်ကျမ်းစာ)[44] ကဲ့သို့သော

အိန္ဒိယသက္ကတ စာပေများ၌ စစ်ပွဲအခြေအနေတစ်ခုတွင် လိုက်နာရမည့် အပြုအမူများကို တရားဝင်သတ်မှတ်ပေးထားသော ပြုပြင်ပြောင်းလဲလာသည့် စည်းမျဉ်းဥပဒေအစုများ ပါဝင်ကြောင်း ဆွေးနွေးတင်ပြထားသည်။ စင်စစ်အားဖြင့် အုပ်ချုပ်သူများ၏ စိတ်ထားနူးညံ့မှု၊ အကြမ်းမဖက်မှုနှင့် ဖြောင့်မတ်မှန်ကန်မှု စသည့် ကောင်းမြတ်သောအရည်အသွေးများကို အထူးအလေးနက်ပြုသည့် ဗုဒ္ဓဘာသာ အတွေးအခေါ်များသည် ဤဖော်ပြခဲ့ပြီးသည့် ဟိန္ဒူတိုင်းပြည်အုပ်ချုပ်မှု အတတ်ပညာများကို မည်သို့လွှမ်းမိုးကာ ဖွံ့ဖြိုးတိုးတက်စေခဲ့ပုံနှင့်ပတ်သက်၍ Jayatilleke က ထောက်ပြ ထားသည်။

တရားသူကြီး Weeramantry ကမူ (2007, 6) -

> အမှန်စင်စစ် ဗုဒ္ဓဘာသာဝင်အုပ်ချုပ်သူဘုရင်များသည် ဟိန္ဒူ ဥပဒေပြုပုဂ္ဂိုလ်များ အသေးစိတ်တွေးခေါ်ပြုစုထားခဲ့သည့် စစ်ကျင့်ဝတ်ဥပဒေများကို အလေးထား၍ တိုက်ပွဲဆင်နွှဲလေ့ရှိကြသည်။ [ရှေးခေတ်အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးအတတ်၊ စစ်ရေး အတတ်နှင့် ပတ်သက်၍ အထက်၌ မှတ်စုပြုပြီး၊ Sinha 2005 ကို ကြည့်ပါ] ထိုဥပဒေပြုပုဂ္ဂိုလ်များသည် လက်နက်အင်အား ညီမျှမှု၊ အရပ်သားလူထုကို ကာကွယ်ပေးမှု၊ စစ်သုံ့ပန်းများကို ပြုမူဆက်ဆံမှု၊ ခွင့်ပြုသော လက်နက်အမျိုးအစားနှင့် စစ်ဆင်ရေးကြာချိန်စသည်အထိပါဝင်သော တရားမျှတမှုရှိသည့် စစ်ဆင်ရေးစည်းမျဉ်းဥပဒေများကို အသေးစိတ်တွေးခေါ်ချမှတ်ခဲ့ကြသည်ဟု ရေးသားခဲ့ပါသည်။

သူက Christopher Isherwood (1963, 247) ၏ "ဆင်တစ်စီးပေါ်မှ တိုက်ခိုက်သောစစ်သားတစ်ဦးသည် ခြေလျင်စစ်သည်တစ်ဦးကို မတိုက်ခိုက်သင့်ပါ။ ထွက်ပြေးသူစစ်သည်တစ်ဦးကို လိုက်လံ၍ မရိုက်ပုတ်သင့်၊ မပစ်ခတ်သင့်။ ကိုယ်ပိုင်လက်နက်ပျောက်ဆုံးသွားသူ လက်နက်မဲ့ရန်သူစစ်သည်တစ်ဦးကို မည်သူမှ မသတ်သင့်ပေ" ဟူသောအချက်ကို ကိုးကား၍ ရှေးခေတ်စစ်သည်များကျင့်သုံးခဲ့သည့် စစ်ရေးကျင့်ဝတ်များ၌ IHL တွင် တွေ့ရသည့် စောင့်စည်းမှုစိတ်ဓာတ်ကို တွေ့ရကြောင်း ဖော်ထုတ်တင်ပြသည်။ (လက်တွေ့တွင် အချက်အလက်အနေဖြင့် IHL အရလိုအပ်သည်ထက် ပိုမိုများပြားသော ကျင့်ဝတ်စည်းမျဉ်းများ ပါရှိပါသည်) ဆက်လက်၍ သူက (200, 38) -

> ဟိန္ဒူဥပဒေတွင် မူးယစ်မေ့လျော့နေသူများ၊ ခြေလက်ထိခိုက်ဒဏ်ရာရထားသူများ၊ လက်နက်ကိုင်မဟုတ်သောသူများနှင့် အရာရှိမဟုတ်သော တပ်သားများကို သတ်ဖြတ်ခြင်းသည် ကျင့်ဝတ်နှင့်မညီကြောင်း၊ စစ်ပွဲအတွင်း မည်သို့ပြုကျင့်ရမည်ဖြစ်ကြောင်း စသည်တို့နှင့် သက်ဆိုင်သော ကျယ်ပြန့်များပြားသည့် အဆုံးအမများ၊ ဥပမာများ ပါရှိသည်။ [*sic*] ထိုသူများကို သတ်ဖြတ်ခြင်းသည် ကလေးသူငယ်ကို သတ်ဖြတ်ခြင်းနှင့်

အလားတူပါသည်။ သင်သည် ထိုသတ်မှတ်ချက်ဥပဒေ၏ နောက်ကွယ်၌ တည်ရှိသောအရာကို မျှော်ခေါ်စဉ်းစားရန် လိုအပ် ပေသည်။ ဟိန္ဒူကျမ်းစာများ၏ ခေတ်ရှေ့ပြေးနေသော စစ်ဥပဒေနှင့်စပ်ဆိုင်သည့် တွေးခေါ် သုံးသပ်ချက်များသည် အံ့သြဖွယ်ရာပင်ဖြစ်သည်။

ဤနေရာ၌ "ဟိန္ဒူ"ဟူသော အသုံးအနှုန်းကို "အိန္ဒိယဆိုင်ရာ"ဟု အဓိပ္ပာယ်ကောက်ယူသင့်ပါသည်။ "အိန္ဒိယဆိုင်ရာ" ဟူသည် နောင်တွင် ဗုဒ္ဓဝါဒ၊ ဟိန္ဒူဝါဒ၊ ဂျိန်းဝါဒ စသည်ဖြင့် ဘာသာရေးပုံစံများကို ပေါ်ပေါက်လာစေရန်နှင့် ဖွံ့ဖြိုးဖြစ်ပေါ်စေရန် ကူညီပေးခဲ့သော အိန္ဒိယတိုက်တွင် ထွန်းကားခဲ့သော များပြားကျယ်ပြန့်သည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာများ သို့မဟုတ် အိန္ဒိယတိုက်၏ အငွေ့အသက်များပါသော များပြားကျယ်ပြန့်သည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာများကို ဆိုလိုခြင်းဖြစ်ပါသည်။ မကြာသေးသော ရာစုနှစ်များအတွင်း ဗုဒ္ဓဝါဒနှင့် ဟိန္ဒူဝါဒတို့၏ ကိုယ်ပိုင်အနှစ်သာရများကို ဖော်ပြရန် တောင်းဆိုလာသော အခြေအနေများကြောင့် ထိုအချက်ကို ပြည့်စုံရှင်းလင်းစွာဖော်ပြရန် လိုအပ်လာပါသည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိပ္ပံနည်းကျလေ့လာခြင်းနှင့် မျှဝေဖလှယ်ခြင်းတို့ကို မိမိတို့ လက်ခံအသိအမှတ်ပြုလျှင် ပြည့်စုံရှင်းလင်းစွာဖော်ပြရာတွင် အချက်အလက်များ ပိုမိုပြည့်စုံလာမည်ဖြစ်သည်။ Basham ထောက်ပြထားသကဲ့သို့ အသောကခေတ်၏ဗုဒ္ဓဘာသာနှင့် မူဝါဒ၌ သည်ပင်လျှင် အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံရေးအာဏာ အသုံးပြုပုံ ကို လမ်းညွှန်ထားသည့် *အတ္ထသျှတ္တရကျမ်း* (Arthaśāstra) ၏ ကြီးမားသောလွှမ်းမိုးမှုရှိလေသည်။ ယင်းကျမ်းဂန်ကို အသောကမင်း၏ အဖိုးဖြစ်သူ စန္ဒြဂုတ္တမင်း၏ အတိုင်ပင်ခံအမတ်ချုပ်ဖြစ်သူက ပြုစုခဲ့ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ထိုကျမ်းကို နိုင်ငံရေး ကစားပွဲများနှင့်ဆိုင်သောစိတ်ပညာဗေဒတွင် Machiavelli ရေးသားခဲ့သော မင်းသားအမည်ရကျမ်းစာနှင့် အယူအဆခြင်းတူညီသည့် ဟိန္ဒူကျမ်းစာတစ်စောင်ဟု လက်ခံထားပါသည်။ ယင်းကျမ်းစာတွင် ရန်သူများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများနှင့် ပြည်သူများကို ထိန်းသိမ်းအုပ်ချုပ်ရန် လမ်းညွှန်ချက်များကို ပြဆိုထား သည်။ (Basham 1982, 133-134) တစ်ခါတစ်ရံတွင် လမ်းညွှန်ချက်များကို လိုက်နာခြင်းအားဖြင့် အကြမ်းဖက်မှုကို အနည်းဆုံးဖြစ်စေရန်လျှော့ချရန်ပြဆိုထားသော ထိုကျမ်းဂန်များ၏အဆုံးအမများကို ဗုဒ္ဓဘာသာဇာတ်တော်များမှ မတူကွဲပြားသောနည်းဖြင့် ချဉ်းကပ်ရန် ကြိုးစားထားပါသည်။

Andrew Huxley(1995)သည် ပုဂံခေတ် (၁၀၄၄-၁၂၇၉) မှစ၍ ဗမာနိုင်ငံတရားဥပဒေသမိုင်းကို ရေးသားပြုစုရင်း အဓိကအားဖြင့် ဗုဒ္ဓဘာသာလူမှုအဖွဲ့အစည်းနှင့် အုပ်ချုပ်သူဘုရင်များအတွက်ဖြစ်သော ဗမာတရားဥပဒေကျမ်းများကို ဗုဒ္ဓဘာသာကျမ်းဂန်များသာမက ရှေးဟောင်းအိန္ဒိယတရားဥပဒေဆိုင်ရာကျမ်းဂန် များကပါ မည်သို့မည်ပုံကျယ်ပြန့်စွာ လွှမ်းမိုးသက်ရောက်မှုရှိပုံကို ပြဆိုထားသည်။ ထိုတရားဥပဒေကျမ်းများကို ဗမာဘာသာဖြင့် *ဓမ္မသတ်*နှင့်*ရာဇသတ်*ကျမ်းများဟုခေါ်ဆိုကြသည်။ ပုဂံခေတ်မှ ဓမ္မသတ်ကျမ်းတစ်စောင်တွင် *အတ္ထသျှတ္တရကျမ်း*သာမက အထက်၌ဖော်ပြခဲ့ပြီးဖြစ်သော ပါဠိကျမ်းဂန်များ ၏ လွှမ်းမိုးသက်ရောက်မှုများလည်း

ရှိခဲ့ပါသည်။ ထိုသို့လွှမ်းမိုးသက်ရောက်မှုရှိခဲ့သော ပါဠိကျမ်းဂန် ဥပမာတစ်ခုမှာ ဒဏ္ဍာရီလာ ကမ္ဘာဦးပထမဆုံး ဘုရင်၏ ဒဏ္ဍာရီဇာတ်လမ်းပါရှိသည့် ဖော်ပြခဲ့ပြီးဖြစ်သော *အဂ္ဂညသုတ္တံ*- ကမ္ဘာဦးအစသုတ္တန်တရား (Dn.III.89-90; Huxley 1995, 52-53)နှင့် ထိုဒဏ္ဍာရီလာ ပထမဆုံးမင်းနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းချက်များပါသော သက်ဆိုင်ရာအဋ္ဌကထာကျမ်းများဖြစ်သည်။ (၁၈)ရာစုအစောပိုင်း၌ "ဘွဲ့တော် "ခေမာစာရ"အမည်ရှိသော ဗမာ ရဟန်းတော်တစ်ပါးသည် *ဓမ္မသတ်*ကျမ်းတွင်ဖော်ပြပါရှိသော ဖြတ်ထုံးဥပဒေတစ်ခုစီတိုင်းအတွက် ပါဠိကျမ်းဂန် များတွင် ညွှန်းဆို ကိုကားဖွယ်ရှိကြောင်း သူ၏အထူးအရေးပါသောကျမ်းဂန်တစ်ခုဖြစ်သည့် *ဝိနိစ္ဆယရာသိ ဓမ္မသတ်*ကျမ်းတွင်ပြသရန် ကြိုးစားခဲ့သည်"။ (Huxley 1995, 53) ထို့ကြောင့် Huxley က "ဗမာပြည်၌ လူဝတ်ကြောင်ပုဂ္ဂိုလ်များအတွက် တရားဥပဒေသည် အနှစ်သာရအားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာဥပဒေပင်ဖြစ်သည်" ဟု ဆွေးနွေးတင်ပြခဲ့သည်။(ibid, 47) သူက ဘုရင်များ၊ ကျမ်းဂန်တတ် ရဟန်းတော်များ အထူးသဖြင့် ဝိနည်းဆောင် (*ဝိနယဓရ*) ရဟန်းတော်များနှင့် လူဝတ်ကြောင်ဥပဒေပညာရှင်များ (ဗမာအခေါ် ရှေ့နေများ) ပါဝင်သည့် မြင့်မားရှုပ်ထွေးသော နိုင်ငံရေးအုပ်ချုပ်ပုံစနစ်တစ်ခုကိုလည်း ထင်ရှားမြင်သာအောင် ထုတ်ဆောင် ပြခဲ့သည်။ ခေတ်ကြိုကာလ ဗမာနိုင်ငံ၏ဓမ္မသတ်ကျမ်းများသည် ဗုဒ္ဓဘာသာဘုရင်များ ရုံခါ၌ IHL က ကြောင့်ကြ စိုက်သကဲ့သို့ တူညီသောစောင့်စည်းထိန်းချုပ်မှုဖြင့် အခွင့်အာဏာကို မည်သို့မည်ပုံသုံးစွဲခြင်းပြုကြောင်း ပြထားသည်။[45] ဗုဒ္ဓဘာသာအကြောင်းလေ့လာရာတွင် ဗုဒ္ဓဘာသာဝင်များအပေါ် ရာစုနှစ်ပေါင်းများစွာ လွှမ်းမိုး ခဲ့ကာ၊ လိုက်နာကျင့်သုံးခဲ့သော အိန္ဒိယဥပဒေများမှတစ်ဆင့် လေ့လာခြင်းသည် အထောက်အကူဖြစ်စေပါသည်။ စစ်ရေးကျင့်ဝတ်နှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်နှင့် ရဟန်းတော်များကြားဆက်ဆံရေးကို ဗုဒ္ဓဘာသာ၏ တန်ဖိုးဖြတ်ပုံနှင့်ပတ်သက်၍လည်းကောင်း၊ အရှေ့အာရှ၌ ကွန်ဖြူးရှပ်ဝါဒက ဗုဒ္ဓဘာသာဝင်များအပေါ် လွှမ်းမိုး သက်ရောက်ခြင်းနှင့်ပတ်သက်၍လည်းကောင်း အခြားပိုမိုကျယ်ပြန့်သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ လွှမ်းမိုးမှုများကိုလည်း လေ့လာကြည့်ရှုသင့်ပေသည်။

မျက်မှောက်ကာလ၌ ဆက်လက်ဖြစ်ပေါ်နေသော ဗုဒ္ဓဘာသာနှင့်လူမှု-နိုင်ငံရေးအခြေအနေများအကြား ဆက်စပ်နေမှုသည် ခေတ်သစ်ကာလဗုဒ္ဓဘာသာကိုယ်ကျင့်တရားကို ဆက်လက်ပုံဖော်ပေးနေခြင်းကိုလည်း ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ဥပမာအနေဖြင့်ဆိုရလျှင် စာပေအသုံးအနှုန်းအားဖြင့် "လူ့ဘုံလောကအတွက် ဗုဒ္ဓဘာသာ" (renjian fojiao) ဟုခေါ်သည့် လူသားအခြေပြုဗုဒ္ဓဝါဒ ဖွံ့ဖြိုးဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူသား အခြေပြုဗုဒ္ဓဝါဒသည် လက်ရှိဘဝဖြစ်တည်မှုကမ္ဘာလောက တိုးတက်ရေးအတွက်လုပ်ဆောင်ရန် နည်းလမ်းများ ကိုသာ အာရုံစိုက်ထားလျက် အကြမ်းဖက်မှုကို အနည်းဆုံးထိလျှော့ချရန် မဟာယာနအမြင်ဖြင့် ရှုမြင်ထားသော ကရုဏာစိတ်ထားကိုအသုံးချခြင်း ဖြစ်သည်။ ဤလှုပ်ရှားမှုသည် ၂၀ ရာစု အစောပိုင်း တရုတ်နိုင်ငံနှင့် ထိုင်ဝမ် နိုင်ငံတို့၌ စတင်ခဲ့ကာ ထိုသို့ပြုခဲ့ရခြင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်သူများအမြင်တွင် ဗုဒ္ဓဘာသာသည် ကျောင်းကန်များနှင့် အခမ်းအနားသက်သက်သာသက်ဆိုင်သော ဘာသာတရားတစ်ခုအဖြစ် ပြောင်းလဲလာခဲ့ သဖြင့် ထိုအချက်ကို တုံ့ပြန်ရန်ဖြစ်သည်ဟုဆို၏။ ထိုသို့ဖြစ်လာရခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ၁၉ ရာစု

နှောင်းပိုင်းမှစတင်၍ တရုတ်လူမှုအဖွဲ့အစည်းပေါ်သို့ သက်ရောက်လွှမ်းမိုးခဲ့သော နိုင်ငံရေးဆိုင်ရာ အကြီးအကျယ် ပြောင်းလဲမှုကြောင့်လည်းကောင်း၊ လူမှုရေးနှင့်လူမှုကူညီရေးကဏ္ဍများ၌ ဗုဒ္ဓဘာသာဝင်များထက် ပို၍ တက်ကြွစွာ ပါဝင်လှုပ်ရှားသည်ဟု ရှုမြင်ခံရသော ခရစ်ယာန်ဘာသာဝင်များ၏ စိန်ခေါ်မှုများကြောင့် လည်းကောင်း ဖြစ်သည်။ ၂၀ ရာစုနှောင်းပိုင်း၌ ထိုလှုပ်ရှားမှုသည် ဗီယက်နမ်နိုင်ငံ၌ Thich Nhat Hanh (b. 1926) တို့ကဲ့သို့ လူထုကြည်ညိုမြတ်နိုးသည့် ဘာသာရေးခေါင်းဆောင်များအတွက် လှုပ်ရှားထကြွစေသော တွန်းအား တစ်ခုဖြစ်ခဲ့၍ ဗီယက်နမ်စစ်၏ ကြောက်မက်ဖွယ်ရာကို ထိပ်တိုက်ရင်ဆိုင်ရန်နှင့် ၁၉၆၃ ခုနှစ်၌ Thich Qang Duc စတင်ခဲ့သော ဗုဒ္ဓရဟန်းတော်များမှ မိမိကိုယ်ကိုမီးရှို့ဆန္ဒပြခြင်းအားလည်း အနောက်တိုင်းသားများက အကြမ်းဖက်သော ဆန္ဒပြမှုဟုရှုမြင်ခြင်းကို ရှင်းလင်းပြရန်အတွက်လည်း တွန်းအားဖြစ်ခဲ့သည်။[46] သူသည် Martin Luther King, Jr., ထံ ပေးပို့သောစာ၌ "လက်တွေ့အကျိုးပြု ဗုဒ္ဓဘာသာ" (Engaged Buddhism)ဟူသော အသုံးအနှုန်းကို စတင်သုံးစွဲခဲ့သူဖြစ်၍ ထိုအသုံးအနှုန်းသည် သူ၏ဘဝတစ်လျှောက်လုံး အကျိုးပြုဆောင်ရွက်ခဲ့သော ပိုမို ကျယ်ပြန့်သည့် လူမှုအကျိုးပြုဗုဒ္ဓဘာသာလှုပ်ရှားမှုအတွက် အမည်တစ်ခုဖြစ်ခဲ့သည်။ လူသားအခြေပြု ဗုဒ္ဓဘာသာနှင့် လူမှုအကျိုးပြုဗုဒ္ဓဘာသာ နှစ်ခုစလုံးသည် Weeramantry တင်ပြခဲ့သည့်အတိုင်း (ibid) "လူသားဘဝ၏ ဂုဏ်သိက္ခာနှင့် မြင့်မြတ်မှုဆီသို့ … အခြားလူသားများအပေါ် သဘောထားအမြင်"နှင့် "သဘာဝကို တန်ဖိုးထားလေးစားမှု"စသည်တို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ နည်းဥပဒေသများကို စနစ်တကျတွေးခေါ် စီမံ ဆောက်ရွက်မှုမှတ်တမ်းများရှိပြီး ဖြစ်သည်။ ဤသို့ဖြင့် သူတို့သည် လူသားများ၊ တိရစ္ဆာန်များနှင့်၊ သဘာဝ ပတ်ဝန်းကျင်အပေါ်၌ စစ်၏ဆိုးဝါးသောသက်ရောက်မှုများကို လျော့ချနိုင်ရေးအတွက် IHL ကို အကောင်ထည် ဖော်ဆောင်ရွက်ရန်နှင့် ပိုမိုအင်အားကောင်းမွန်စေရန်ထောက်ခံရေးအပါအဝင် ဗုဒ္ဓဘာသာဆိုင်ရာ လူသားခြင်း စာနာထောက်ထားမှု ကျင့်ဝတ်များကို အသုံးချရေး၌ ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို ပြသပေးပါသည်။

## နိဂုံး

ယေဘုယျအားဖြင့် ဤစာတမ်းသည် IHL နှင့်သက်ဆိုင်သော၊ လက်နက်ကိုင်ပဋိပက္ခကျင့်ဝတ်များနှင့် သက်ဆိုင် သော ဗုဒ္ဓတရားတော်များနှင့် ထုံးတမ်းအစဉ်အလာများကို လေ့လာထားခြင်းဖြစ်ပါသည်။ လေ့လာရာတွင် အတိတ်သမိုင်းမှဖြစ်ရပ်နမူနာများ၊ လတ်တလောဖြစ်ရပ်နမူနာများကို ကိုးကားကာ မူရင်းဗုဒ္ဓကျမ်းစာများ၏ အယူအဆများနှင့် သွန်သင်ချက်များအပေါ် အဓိကအခြေခံထားပါသည်။ အကြမ်းဖက်မှုအပေါ် ဗုဒ္ဓဘာသာ၏ သဘောထားအမြင်နှင့် အကြမ်းဖက်မှုနှင့်သက်ဆိုင်သော ဗုဒ္ဓအဆုံးအမ ကျင့်ဝတ်များအကြောင်းကဲ့သို့ ထပ်တလဲလဲလေ့လာနေကြသည့် သုတေသနနယ်ပယ်မှ လက်ရှိလေ့လာမှုများကို မိမိတို့ ရရှိနိုင်သော်လည်း ဤစာတမ်းသည် ဗုဒ္ဓဘာသာနှင့် IHL ကြား တူညီချက်များကို ရှင်းလင်းပြည့်စုံစွာ လေ့လာဆန်းစစ်နိုင်ရန် ကြိုးစား ထားသည့် ပထမဆုံးကြိုးပမ်းမှုဖြစ်ပါသည်။ အကြမ်းဖက်မှုမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဗုဒ္ဓတရားတော် များစွာကို တွေ့နိုင်သော်လည်း အထက်တွင်ဆွေးနွေးခဲ့သောအကြောင်းများကြောင့် စစ်ဖြစ်သည်နှင့် IHL ၏

စည်းမျဉ်းများကဲ့သို့ လက်နက်ကိုင်ပဋိပက္ခကျင့်ဝတ်များ မည်သို့ချမှတ်သင့်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ အခြေအနေများအတွင်း ဗုဒ္ဓအဆုံးအမများကို မည်သို့ လက်တွေ့လိုက်နာကျင့်သုံးသင့်ကြောင်းနှင့်ပတ်သက်၍မူ ဗုဒ္ဓတရားတော်များစွာမရှိလှပေ။ အမှန်စင်စစ် ဗုဒ္ဓဘာသာနှင့် စစ်ရေးစစ်ရာ အကျွမ်းတဝင်ရှိမှုအကြောင်း ဖော်ပြထားသော မူရင်းဗုဒ္ဓကျမ်းစာများ (သို့) ပဋိပက္ခအခြေအနေများကြောင့် ဖြစ်နိုင်သော ဆိုးကျိုးအန္တရာယ်များ အကြောင်းဖော်ပြထားသော နောက်ပိုင်းဖွံ့ဖြိုးတိုးတက်လာသည့်ဗုဒ္ဓအဆုံးအမများသည် ပြောစမှတ်ပြုရလောက် အောင်ပင် နည်းပါးနေပုံရပါသည်။ ဗုဒ္ဓသည် အကြမ်းမဖက်မှုကိုလိုက်နာစောင့်ထိန်းရန် ဟောကြားထားမှုကြောင့် အထူးသဖြင့် မဖော်ပြသော်လည်းသိသာနေသည့် စစ်၏အမှန်တရားများကို ဗုဒ္ဓမည်သို့လက်ခံထားသည် နှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးမှုများမရှိခြင်းနှင့် ယင်းသို့မရှိခြင်း၏အကျိုးဆက်များအနေဖြင့် "တန်ဖိုး များအား ကဏ္ဍတစ်ခုချင်းစီအလိုက် ခွဲခြားနားလည်စွမ်း" (compartmentalization of values) ပိုမိုကောင်းမွန် လာကောင်းလာနိုင်မည်။ စစ်မက်ရေးရာရှုထောင့်မှ ဆင်းရဲဒုက္ခကိုလျှော့ချပေးနိုင်သည့် ဗုဒ္ဓအဆုံးအမများကို အကောင်းဆုံးအသုံးချရမည့် အခြေအနေများတွင် ထည့်သွင်းစဉ်းစားမှု အားနည်းနေမည်ဟု Schmithausen (1999, 53) က မှတ်ချက်ပြုခဲ့သည်။

ဤစာတမ်းတွင် လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ဆင်းရဲဒုက္ခကို အနည်းဆုံးသို့လျှော့ချရန် အလေးအနက်ထားမှုတွင် IHL နှင့် ဗုဒ္ဓတရားတော်အချို့သည် သိသာထင်ရှားစွာ တူညီနေသည်ကို ဖော်ပြထား ပါသည်။ ထို့ကြောင့် ဗုဒ္ဓကျမ်းစာများနှင့် ဗုဒ္ဓဘာသာသမိုင်းမှ ကိုက်ညီသင့်လျော်သော စည်းမျဉ်းများနှင့် ကျင့်ထုံးများကို ထုတ်ယူအသုံးပြုနိုင်ရန် ဖြစ်နိုင်ကြောင်းကိုလည်း ပြသနေပါတယ်။ IHL ၏ စည်းမျဉ်းနှင့် အယူအဆအများအပြားသည် ဗုဒ္ဓဘာသာ၌တွေ့ရသည့်အချက်များနှင့် တူညီနေကာ အချို့သောကိစ္စရပ်များတွင် ဆိုလျှင် ဗုဒ္ဓစာပေကျမ်းဂန်များမှ တိုက်ရိုက်ထုတ်နုတ်ယူထားခြင်းပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော်လည်း ဗုဒ္ဓဘာသာဝင်များစွာတို့သည် စစ်ကျင့်ထုံးနှင့်ဆိုင်သော ဗုဒ္ဓတရားတော်များစွာရှိနေသည်ကို သတိမပြုမိကြချေ။ သို့မဟုတ် စစ်ကျင့်ထုံးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၌ဖော်ပြချက်ရှိမရှိဆိုသည်ကို သတိမပြုမိကြခြင်းပင် ဖြစ်ပါ သည်။ IHL နှင့်မတူညီစွာ ဗုဒ္ဓဘာသာသည် ၎င်း၏စံဖြစ်သည့် အကြမ်းမဖက်မှုသဘောတရား အားလျော့ သွားမည်ကိုစိုးသဖြင့် သူတစ်ပါးမှ ရန်ပြုကျူးကျော်ခြင်းကြောင့် ပြန်လည်ခုခံရသည့် ခုခံစစ်နှင့် ပတ်သက်၍ပင် စစ်ကျင့်ထုံးများချမှတ်ရန်နှင့် ပြဋ္ဌာန်းရန် တွန့်ဆုတ်ဝန်လေးပါသည်။ ထို့ကြောင့် ရဟန်းဘဝ၏ အရေးအရာတိုင်းကို ထိန်းကျောင်းတည့်မတ်ပေးသည့် ဝိနည်းစည်းကမ်းများကို ရဟန်းတော်များက လိုက်နာကျင့်သုံးကြစဉ်တွင် တိုက်ပွဲဝင်ဗုဒ္ဓဘာသာလူဝတ်ကြောင်များသည် တိကျရှင်းလင်းသောစစ်ကျင့်ထုံးများအစား ယေဘုယျဆန်သော ဗုဒ္ဓကျင့်ဝတ်စည်းကမ်းများကို ကိုးကားနေကြရပါသည်။ ယင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာနှင့် IHL ကြား တူညီမှုရှိနေသမျှ ၎င်းတို့သည် အချင်းချင်း အပြန်အလှန်အားဖြည့်ထောက်ပံ့ပေးနေပါသည်။ ယခု ICRC ပရောဂျက်၏ ရည်မှန်းချက်များထဲမှ တစ်ခုသည် စစ်သည်များအတွက် ဗုဒ္ဓဘာသာရှုထောင့်မှ ရှင်းလင်း ပြတ်သားသော

လမ်းညွှန်ချက်များပေးနိုင်ရန်ဖြစ်သည်။ IHL ကိုကျော်လွှန်၍ ဗုဒ္ဓဘာသာတွင် လက်နက်ကိုင် တပ်ဖွဲ့များ၏ နောက်ကွယ်မှ ရည်ရွယ်ချက်များနှင့် တိုက်တွန်းမှုများအကြောင်းကို ဟောကြားထားသည့်အပြင် စစ်သည်များ မိမိကိုယ်ကိုစောင့်ထိန်းနိုင်ရန်နှင့် ပိုမိုကောင်းမွန်အောင် လေ့ကျင့်နိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ အသိအမြင်များနှင့် အရင်းအမြစ်များစွာလည်း ပိုင်ဆိုင်ထားပါသည်။

နောင်တွင် ယခုစာတမ်းပါအကြောင်းအရာနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာလေ့လာမှုအသစ်အသစ်များ ပြုကြရာတွင် ဗုဒ္ဓကျမ်းစာများ၊ နည်းလမ်းကျင့်စဉ်များ၊ အတိတ်မှဖြစ်ရပ်နမူနာများနှင့် ထိုအခြေအနေမျိုးများ တွင် ပါဝင်ခဲ့သူများ၏ အတွေ့အကြုံများကိုစုစည်းပြီး ရှုထောင့်ပေါင်းစုံမှ သုတေသနပြုလေ့လာနိုင်ကြပါသည်။ ဤအရာတွင် ဗုဒ္ဓစိတ်ပညာဆိုင်ရာဒေသနာများနှင့် သတိပဋ္ဌာန်နည်းစနစ်များကိုလေ့လာခြင်းသည် လွန်စွာအရေး ပါပါသည်။ အကြောင်းမှာ ယင်းဒေသနာများ၊ နည်းစနစ်များသည် စစ်သည်များရဲ့ ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်ကို တိုးတက်စေမည့်အလားအလာရှိသကဲ့သို့ ယှဉ်ပြိုင်မှုပြင်းထန်သည့် ပဋိပက္ခအခြေအနေများတွင် လူသားခြင်း စာနာမှုဆိုင်ရာစံနှုန်းများကို လေးစားလိုက်နာနိုင်စွမ်းကို တိုးမြှင့်ပေးနိုင်သည့်အတွက်ပင်ဖြစ်သည်။ ယင်းကိစ္စ ရပ်များကို လက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်သူများ၏အမြင်ရှုထောင့်မှ ရှုမြင်သင့်သည်။ စစ်ပွဲအား ကိုယ်တိုငf ကိုယ်ကျတွေ့ကြုံရသည့်သူများ၏အတွေ့အကြုံများကိုလေ့လာခြင်းသည် ဤသုတေသနကို ယုံကြည်ထိုက်သော သုတေသနတစ်ခုဖြစ်စေသကဲ့သို့ ပဋိပက္ခအတွင်း စည်းမျဉ်းများအားလက်တွေ့ကျင့်သုံးလိုက်နာမှုကိုလည်း ရှေးရှု စေသည့်အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် လက်ရှိဗုဒ္ဓဘာသာဝင်စစ်သည်များ၊ ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းဟောင်း များ၊ စစ်ထွက်ရဟန်းများနှင့် ရဟန်းလူထွက်စစ်သားတို့ထံမှ အကြံဉာဏ်များသည် ယခုပရောဂျက်၏ နယ်ပယ် အတွင်း ပါဝင်ပါသည်။ အလားတူ ဗုဒ္ဓဘာသာသုတေသနပညာရှင်များနှင့် လိုက်နာကျင့်သုံးသူများသည် ယင်းသုတေသန၌ အောင်မြင်မှုရလိုလျှင် ဦးစွာလူသားဆန်မှုနှင့် စစ်တပ်ကိုအသုံးပြုရန် လိုအပ်ချက်ကို ထိန်းညှိပေးရန်၊ အရပ်သားလူထု၏ဘဝနှင့်ဂုဏ်သိက္ခာများကို ကာကွယ်ပေးရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်ရည်ရွယ်သည့် IHL ၏ အဓိကစည်းမျဉ်းစည်းကမ်းများ၊ လုပ်ဆောင်ချက် များနှင့် ရင်းနှီးကျွမ်းဝင်နေရန် အရေးကြီးပါသည်။ ဤသုတေသနစာတမ်းတွင်ပါဝင်သည့် အဓိကအချက် အများစုသည် ဗုဒ္ဓဘာသာနှင့် ICRC ၏ IHL ပရောဂျက် အစိတ်အပိုင်းအနေဖြင့် ပါဝင်ထားပြီးဖြစ်သည်။ ဗုဒ္ဓဘာသာဆိုင်ရာနှင့်စစ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လက်တွေ့ကျင့်သုံးသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ မှတစ်ဆင့် ဤသုတေသနမှရှေးရှုထားသည့် မိမိတို့၏ နောက်ဆုံးမျှော်မှန်းချက်သည် မြေပြင်တွင် လက်တွေ့ ကျင့်သုံးရမည့် အကြမ်းဖက်မှုဆိုင်ရာကျင့်ဝတ်ကျင့်ထုံးကို ပိုမိုကောင်းမွန်စေရန်ပင်ဖြစ်သည်။

## Abbreviations

ပါဠိကျမ်းစာများနှင့်ပတ်သက်သော အကိုးအကားများသည် PTS မူကို ကိုးကားထားခြင်းဖြစ်ကာ အခြားကျမ်းစာများအတွက်မူ ဖော်ပြထားသည့် ဘာသာပြန်ဆိုချက်များနှင့် တည်းဖြတ်မှုများအတိုင်း ကိုးကားထားပါသည်။

An. *Aṅguttara Nikāya*; tr. Bhikkhu Bodhi. 2011. *The Incremental Discourses of the Buddha*. Boston: Wisdom Press.

Akb. *Abhidharmakośa-bhāṣyam* (of Vasubandhu – mostly Sarvāstivāda); tr. L. M. Pruden (from L. de La Valleé Poussin's French translation). 1991. *Abhidharmakośabhāṣyam*. 4 vols., Berkeley: Asian Humanities Press.

Asl. *Aṭṭhasālinī*; tr. Pe Maung Tin. 1920 and 1921. *The Expositor*. 2 vols. London: Pali Text Society.

